
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





၈၉၅.၈၃

ပညာဒီပ

ဒိုးမစမဟာကြိုင်/ပညာဒီပ။ - ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၀၄၊ နိုဝင်ဘာ။

၂၃၄ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ၊

(၁) ပညာဒီပ၊ အပ်ရေး(ရ၀၀)

www.burmeseclassic.com

www.burmeseclassic.com

# ဘယနုလက်ဆောင်

❋ သင်မှားနေသော အချိန်၌
သင့်နံဘေးမှာရပ်နေသူသည်
မိတ်ဆွေကောင်းပင်ဖြစ်သည်။
သင်မှန်နေလျှင်တော့
လူတိုင်း မည်သူမဆို သင့်နံဘေးမှာ
ရပ်ကြမည်သာဖြစ်သည်။

❋ ချစ်သူရွေးသောအခါ
အသည်းနှလုံးဖြင့် ရွေးကြရသည်။
ဘဝကြင်ဖော်အတွက် ရွေးလျှင်တော့
ဦးနှောက်ဖြင့် ဆုံးဖြတ်ပြီးမှ ရွေးချယ်သင့်သည်။

❋ အလှတရားဆိုတာ
ကိုယ်တိုင်ဆုံးဖြတ်ရမယ့် ကိစ္စမျိုး မဟုတ်ပါဘူး။
ရောင်ပြန်ဟပ်တော့မှ
စစ်မှန်တဲ့ အလှကိုတွေ့ရနိုင်မှာပါ။

BURMESE CLASSIC

# ဘယနုလက်ဆောင်

❋ ချစ်ခြင်းမေတ္တာကို ခံစားပုံချင်းမတူပါဘူး။
ကိုယ့်အတွက် ချစ်သူများရှိသလို
အခြားသူအတွက် ချစ်ပေးရတာလည်းရှိပါတယ်၊
မျှဝေခံစားပုံချင်း မတူညီနိုင်ပါပေ။

❋ စစ်မှန်တဲ့မေတ္တာကိုလိုချင်ရင်
သင့်မှာချိန်ခွင်တစ်ခုတော့ လိုလိမ့်မယ်။
တစ်ဖက်က မေတ္တာကို ချိန်တွယ်ဖို့
ကျန်တစ်ဖက်မှာ ကိုယ့်မေတ္တာကို
ထည့်ပေးရပါတယ်။

❋ ချစ်ခြင်းမေတ္တာဆိုတာ
ကြောက်စရာတစ်ခု မဟုတ်ပေမယ့်
မသုံးတတ်ရင်တော့
အခြားအန္တရာယ်များထက်
ပိုပြီးကြောက်စရာကောင်းတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဘဝနုလက်ဆောင်

❋ ချစ်သူရဲ့အလှကို
သာမန်ကြည့်ရုံနဲ့ တွေ့ရနိုင်ပါတယ်၊
ချစ်ခြင်းမေတ္တာကိုတော့
အချိန်ပေးပြီး စောင့်ကြည့်ရပါတယ်၊
ဒါတောင် တွေ့ဖို့မသေချာလှပါဘူး။

❋ လှပတဲ့ပန်းတစ်ပွင့်ရဖို့
အချိန်အတော်ကြာအောင် စောင့်ရပါတယ်။
ချစ်ခြင်းမေတ္တာကို လိုချင်ရင်တော့
အချိန်ပိုပေးနိုင်လေ ပိုကောင်းလေပါပဲ။

❋ ချစ်သူတစ်ယောက်ဟာ
ချစ်သူဖြစ်ပြီးမှ လှနေတာထက်
ချစ်သူမဖြစ်ခင်ကတည်းက
သူ့ရဲ့အလှတွေကို ရှာဖွေကြည့်သင့်ပါတယ်။

BURMESE CLASSIC .com

# ဘဝနုလက်ဆောင်

❋ အလင်းချည်းရှိနေရင်လည်း မလှပါဘူး၊
အမှောင်ချည်းရှိနေရင်လည်း မလှပါဘူး၊
အလင်းနဲ့အမှောင် မျှတမှုရှိနေမှ
လှပတဲ့ ပန်းချီကားဖြစ်မှာပါ။

❋ ရုပ်ဆင်းအင်္ဂါမလှပရင်
ပြုပြင်ချိန် ရနိုင်ပါသေးတယ်၊
အသည်းနှလုံး မလှပရင်တော့
နောင်တရချိန်တောင် မရဘဲ ပျက်စီးမှာပါပဲ။

❋ အလင်းရောင်မှာ ရပ်နေသူက
အမှောင်ကို စိတ်ဝင်စားတယ်၊
အမှောင်ထဲမှာ ရောက်နေသူက
အလင်းရောင်ကို သဘောကျတယ်၊
ဆန့်ကျင်ဘက်ကို စိတ်ဝင်စားခြင်းဟာ
အချစ်ရဲ့အစိတ်အပိုင်း တစ်ခုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင်ပါသောအခန်းများ


အခန်း(၁) နေသူရိန်ကုန်းတာန်းမှ ဆန်းကြယ်မှုများ

အခန်း(၂) လက်ပံပင်တမံကုန်းမှ သရဲ

အခန်း(၃) မြန်မာ့ရှေးဟောင်းရိုးရာ ဓာတ်ပညာ

အခန်း(၄) မိုးမခညီနောင်မှ ငါးဝယ်သူ

အခန်း(၅) အလောင်းအစားမပြုလုပ်ရသောနေရာများ

အခန်း(၆) အိမ်ထောင်ပြုခွင့်မရသော မိန်းမပျို

အခန်း(၇) မျောက်တစ်ရာမှ မိကျောင်းဝယ်သောသူ

အခန်း(၈) မိန်းမလှကျွန်းမှ ဂမ္ဘီရဆန်သောရုပ်တုများ

အခန်း(၉) တမံကုန်းမှ ကြောက်စရာနိဒါန်း

အခန်း(၁၀) အမှားတစ်ချက် အသက်တစ်ချောင်း

အခန်း(၁၁) မြနှင်းဖြူနှင့် ထူးဆန်းသော အလောင်းအစား

အခန်း(၁၂) ပရလောကဂမ္ဘီရစွယ်စုံကျမ်းမှ မှတ်တမ်းများ

အခန်း(၁၃) မိုးမခပင်ပေါ်မှ အန္တရာယ်

အခန်း(၁၄) ပရလောကသား အဝတ္ထုများ

အခန်း(၁၅) မာယာများသော ဝိညာဉ်လောကသား

အခန်း(၁၆) မိုးမခ မဟာမြိုင်






# အခန်း(၁)

# နေသူရိန်ကုန်းတာန်းမှ ဆန်းကြယ်မှုများ

မိုးမခမဟာမြိုင်ဆိုသောအမည်မှာ လှပသော အမည်တစ်ခုပင် ဖြစ်ပေတော့သည်။ သို့သော်လည်း အထက်ပိုင်းဒေသဘက်မှာရှိသော မဟာမြိုင်တောကြီးကဲ့သို့ ကြီးမားကျယ်ဝန်းသော အထိကရတောမျိုးတော့ မဟုတ်ပါချေ။

ထို့ပြင် မိုးမခနှင့် မဟာမြိုင်မှာလည်း သီးခြားအမည်တစ်ခုစီပင်ဖြစ်သည်။ မဟာမြိုင်က ရွာတစ်ရွာ၏ အမည်တစ်ခုဖြစ်ပြီး၊ မိုးမခဆိုသောအမည်က ရွာထိပ်မှာရှိသော သစ်ပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပင်၏ အမည်ပင်ဖြစ်သည်။

မဟာမြိုင်ရွာထိပ်မှာ မိုးမခသစ်ပင်ကြီးနှစ်ပင်ရှိနေသည်ကို အစွဲပြုပြီး 'မိုးမခ မဟာမြိုင်'ဟု ဒေသခံများက ခေါ်ကြခြင်းဖြစ်သည်။

ထို့ပြင် ဖျာပုံနှင့်ဘိုကလေးနယ်စပ်ဘက်မှာ မဟာမြိုင်ဆိုသောရွာတစ်ရွာ ရှိနေသောကြောင့်လည်း ဝိသေသကွဲပြားစေရန် မိုးမခမဟာမြိုင်ဆိုသောအမည်ကို ခေါ်ကြခြင်းလည်း ဖြစ်သည်။

မဟာမြိုင်ရွာသည် ဘိုကလေးမြို့နယ်အတွင်းမှာ ပါဝင်ပြီး ဖောင်ဝင်မြစ်၏ မြောက်ဘက်ကမ်းခြေတစ်နေရာတွင် ရှိသည်။

နာမည်ကျော်ဖောင်ဝင်မြစ်ကြီးမှာ အနောက်ဘက်မှ အရှေ့ဘက်သို့သော်လည်းကောင်း၊ အရှေ့ဘက်မှ အနောက်ဘက်သို့သော်လည်းကောင်း ကန့်လန့်ဖြတ်အနေအထားမျိုးဖြင့် စီးဆင်းနေသော မြစ်တစ်စင်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်များအပါအဝင် မြစ်ချောင်းအတော်များများမှာ မြောက်ဘက်မှတောင်ဘက်သို့ စီးဆင်းကြလေသည်။

အရှေ့နှင့်အနောက် ကန့်လန့်ဖြတ်စီးသော မြစ်မျိုးက အတော်ကလေးရှားသည်။

ကျွန်တော်တွေ့ဖူးသမျှသော ဂန့်ဂေါနယ်ဘက်မှ 'မြစ်သာမြစ်'နှင့် . မြစ်ဝကျွန်းပေါ်နယ်ဘက်မှ 'ဖောင်ဝင်မြစ်'တို့လောက်သာ တွေ့ဖူးလေသည်။ (အခြားမြစ်ချောင်းများလည်း





ရှိကြပေလိမ့်မည်) ဖောင်ဝင်မြစ်သည်ရေစီးကြမ်းပြီး လှိုင်းထန်သော မြစ်တစ်စင်းလည်း ဖြစ်သည်။

မိုးရာသီ လေမိုးပြင်းထန်သောအချိန်မျိုးတွင် ကူးသန်းရခက်သော မြစ်တစ်စင်းလည်းဖြစ်သည်။

ထို့ပြင် ရှေးအခါက လယ်များ၊ ရွာများနှင့် သစ်တောကြီးများကို သဘာဝအလျောက် ပိုင်းခြားထားသောမြစ်ကြီးတစ်စင်းဆိုလျှင်လည်း မမှားပေ။

လွန်ခဲ့သောနှစ်ပေါင်း(၆၀)ကျော် (၁၉၅၀)ခုနှစ်ရှေ့ပိုင်းအချိန်ကာလများတွင် ဖောင်ဝင်မြစ်၏တောင်ဘက်တွင် သစ်တောကြီးများက လူတိုးမပေါက်အောင် ရှိခဲ့ကြလေသည်။

အင်္ဂလိပ်များ သိမ်းပိုက်ထားစဉ်က ထိုသစ်တောကြီးများကို သံကြိုးဖြင့်ပတ်ဝိုင်းကာ အကာအသတ်ပြုလုပ်ခဲ့ကြသောကြောင့် 'သံကြိုးဝိုင်း'ဟုလည်း ခေါ်ဝေါ်ကြသည်။

နောက်ပိုင်းတွင် ရှေးအခါက မွန်လူမျိုးတို့ လာရောက်နေထိုင်သောနေရာအမည်များကို အကြောင်းပြုပြီး အခြားအမည်တစ်ခု တိုးလာသည်။

ထိုအမည်မှာ မွန်လူမျိုးတို့နေသွားခဲ့သော ပြင်ဒရယ်မြို့တော်ကို အကြောင်းပြုပြီး 'ပြင်ဒရယ်' (အချို့က ပျဉ်ဒရယ်ဟုရေးသည်)သစ်တောကြီးဝိုင်းဟု သတ်မှတ်ခေါ်ဝေါ်ခဲ့ကြလေသည်။

ပြင်ဒရယ်ဟူသော ဝေါဟာရ၏အဓိပ္ပါယ်မှာ 'ပင်လယ်ကမ်းခြေသို့ ရွှေ့ပြောင်းသောရွာ' ဟူ၍ဖြစ်သည်။ ကပ္ပန်း၊ ကဒုံ



www.burmeseclassic.com

www.burmeseclassic.com



ကစို၊ အမာ၊ ဧရာ စသောအမည်များမှာ ယခုထက်တိုင် သုံးစွဲနေကြသော မွန်အခေါ်အဝေါ်များ ဖြစ်ကြသည်။

ဖောင်ဝင်မြစ်ကြီးမှာ ကျွန်းညိုကြီးနှင့် မိန်းမလှကျွန်းတစ်ခုလုံးကို ရစ်ပတ်စီးဆင်းသွားပြီး တောင်ဘက်စွန်းသို့ ရောက်သောအခါ ပင်လယ်ဝသို့ စီးဝင်သွားခဲ့သော မြစ်ကြီးတစ်စင်းပင် ဖြစ်သည်။

ရှေးနှစ်ပေါင်း(၅၀)ကျော်အချိန်က ဖောင်ဝင်မြစ်ကြီးပိုင်းခြားထားသော တောင်ဘက်အခြမ်းဘက်မှ စတင်ပြီး. . ပင်လယ်ကမ်းခြေရောက်သည်အထိ သစ်တောကြီးများ ဖုံးလွှမ်းထားလေသည်။

ထိုထက် ကိုလိုနီခေတ်ဦးပိုင်းကာလများမှာတော့ ဘိုကလေးမြို့အောက်ပိုင်း ကျွန်းညိုကြီးလောက်အထိ သစ်တောကြီးများရှိပြီး ကျားနှင့်ဆင်များ ပေါများလှသည်။ ထိုထက် ယခင်က ထိုဒေသများတွင် အပေါ်များဆုံးသတ္တဝါမှာ မိကျောင်းဖြစ်လေသည်။

ကိုလိုနီခေတ်ကာလ မိကျောင်းအများဆုံးဒေသကို ပြပါဆိုလျှင် မြန်မာတစ်ပြည်လုံးမှာ ပြင်ဒရယ်သစ်တောကြီးဝိုင်းများကိုပင် ပြရပေမည်။

သစ်တောကြီးများ ဖုံးလွှမ်းထားသော နေရာဒေသတိုင်းတွင် မိကျောင်းများ ပေါများစွာရှိခဲ့ကြသည်။

ထိုအချိန်တွင် သစ်တောများအတွင်း၌ သွားရောက်အလုပ်လုပ်ကြသူများ၏ အသက်အန္တရာယ်ကို ဒုက္ခအပေးဆုံးမှာ





ငှက်ဖျားရောဂါနှင့် မိကျောင်းအန္တရာယ်ကြောင့်ပင် အများဆုံးသေဆုံးကြရသည်။

သစ်တောထဲမှာ လူဆယ်ယောက်သေလျှင်. . ခုနစ်ယောက်က မိကျောင်းဆွဲခံရ၍ သေခြင်းဖြစ်ပြီး ကျန်သုံးယောက်က မြွေ၊ ကျား၊ ဆင်တို့လက်ချက်ကြောင့် သေကြခြင်းဖြစ်သည်။

လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းမှာတော့ မိကျောင်းဖမ်းဆီးခွင့်လိုင်စင်များ ချပေးခဲ့သည်။

မိကျောင်းသားရေ ဈေးကောင်းလာသောကြောင့်. . . မိကျောင်းဖမ်းမုဆိုးများလည်း ပေါ်ပေါက်ခဲ့ကြသည်။

ထိုအထဲတွင် မိကျောင်းဖမ်းရာမှာ သူမတူအောင်ထူးချွန်သော နီမောင်လည်း တစ်ဦးအပါအဝင် ဖြစ်လေသည်။

နီမောင်သည် မိကျောင်းဖမ်းရာတွင် စလွတ်ကိုသာ အသုံးပြုပြီးဖမ်းဆီးရာ စလွတ်ထိုး လက်ဖြောင့်လှသောကြောင့် 'လက်ဖြောင့်စလွတ်သမား'ဟု ကင်ပွန်းတပ်ထားကြရလေသည်။

နီမောင်သည် မဟာမြိုင်ရွာမှာ နေထိုင်သူတစ်ဦးဖြစ်လေသည်။ မိဘများကို မိကျောင်းဖမ်းသောအလုပ်ဖြင့် ရှာဖွေကျွေးမွေးနေသူဖြစ်သည်။

သူသည် မဟာမြိုင်ရွာသားတစ်ယောက်တော့ မဟုတ်ပေ။ ငယ်စဉ်က မော်လမြိုင်ကျွန်းမြို့၌ နေထိုင်ခဲ့သူဖြစ်ပြီး. . နောက်ပိုင်း ဖခင်ဘက်မှ ဆွေမျိုးသားချင်းများရှိရာ ဘိုကလေးနယ်ဘက်သို့ ရွှေ့ပြောင်းခဲ့ကြရာမှ နောက်ပိုင်း မိကျောင်းဖမ်းသမားတစ်ယောက်ဘဝ ရောက်ခဲ့ရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးမခ မဟာမြိုင်အကြောင်းကို ဆက်လက်ရေးသားပါဦးမည်။ မဟာမြိုင်ရွာ တည်ရှိသောနေရာမှာ ဖောင်ဝင်မြစ်မြောက်ဘက်ကမ်း မိန်းမလှကျွန်းနှင့် မျက်စောင်းထိုးနေရာလောက်တွင် တည်ရှိသည်။

တောင်ဘက်ကမ်းဘက်တွင် ကနစိုသစ်တောကြီးများဖုံးလွှမ်းထားသော်လည်း မြောက်ဘက်ကမ်းမှာတော့ လယ်မြေရိုင်းများနှင့် ရွာများပေါ်ပေါက်စ ပြုလာကြလေသည်။

သို့သော်လည်း ရှေးအခါက သစ်တောကြီးများ ဖုံးလွှမ်းသောနေရာများ ဖြစ်ခဲ့သောကြောင့် လယ်လုပ်သည်ဆိုသော်လည်း လယ်ချောများအဆင့်မရောက်သေးဘဲ လယ်မြေရိုင်း၊ တောရိုင်းမြေအဆင့်လောက်သာ ရှိကြသေးသည်။

ကျွန်းညိုကြီးတစ်ကျွန်းလုံး ကနစိုသစ်တောကြီးများ ပြုတ်ပြုတ်ပြုန်းပြီး၊ လယ်မြေများ၊ ရွာများပေါ်ပေါက်လာခဲ့သောအချိန်တွင် မိန်းမလှကျွန်း၊ ပြင်ဒရယ်သစ်တောများနှင့် ဖောင်ဝင်မြစ်တစ်စင်းသာခြားသော မြောက်ဘက်ကမ်းတစ်လျှောက်မှာတော့ သစ်တောများတစ်ဝက်၊ လယ်နှင့်ရွာများက တစ်ဝက်ရှိနေသေးသည်။

ထိုသို့တည်ထောင်သော ရွာများထဲမှာ မဟာမြိုင်ရွာလည်း တစ်ရွာပါဝင်လေသည်။

မဟာမြိုင်ရွာရှိသောနေရာတွင် မြောက်ဘက်သို့ တက်သွားသော ချောင်းပေါက်ကျယ်တစ်ခုလည်းရှိသည်။ ထိုချောင်းကိုလည်း မဟာမြိုင်ရွာအမည်ကိုပင် အကြောင်းပြုပြီး မဟာမြိုင်





ချောင်းဟုပင် ခေါ်ဝေါ်ကြသည်။

ချောင်းအမည်ကြောင့် ရွာအမည်ဖြစ်ခဲ့လေသလား၊ ရွာအမည်ကြောင့် ချောင်းအမည် မဟာမြိုင်ဖြစ်ခဲ့လေသလားတော့ မည်သူမှ အမှတ်သညာမထားကြပေ။

ချောင်းကအတော်ကျယ်ပြီး ရှည်လျားသလို ချောင်းဝပိုင်းတွင် ထူးခြားသောသစ်ပင်ကြီးနှစ်ပင်လည်း ရှိနေကြသည်။

မိုးမခသစ်ပင်ကြီးနှစ်ပင် ဖြစ်သည်။ တစ်ပင်က အရှေ့ဘက်ကမ်းမှာရှိပြီး တစ်ပင်က အနောက်ဘက်ကမ်း၌ရှိသည်။

ရှေးနှစ်ပေါင်းများစွာကတည်းက ရှိနေခဲ့သောကြောင့် နှစ်ပင်စလုံး အထိကရသစ်ပင်ကြီးများ ဖြစ်နေကြသည်။ ဒီရေတက်သောအရပ်ဒေသမှာ မိုးမခသစ်ပင်ကို မတွေ့ရသလောက်နည်းလေသည်။

မိုးမခသစ်ပင်မှာ အမျိုးအစားပေါင်း(၃၀၀)ကျော်ခန့် ရှိသည်။ ချုံပင်မှစပြီး အထိကရသစ်ပင်ကြီးများအထိ အမျိုးအစားများစွာရှိသည်။

အချို့မှာ အမြင့်တစ်လက်မလောက်သာရှိပြီး အချို့ကတော့ ပေပေါင်းတစ်ရာကျော်အထိ အမြင့်ပေရှိကြသည်။

နေရာအနှံ့အပြား၊ အေးသောနေရာများနှင့် စိုစွတ်သောနေရာများတွင် ရှင်သန်နိုင်သည်ဆိုသော်လည်း မြစ်ဝကျွန်းပေါ်အရပ်ဒေသများမှာတော့ အတွေ့ရနည်းသည်။

အထူးသဖြင့် ဒီရေတက်သော သစ်တောကြီးများထဲမှာတော့ မတွေ့ရသလောက်ရှားသော သစ်ပင်အမျိုးအစားလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ယခု မဟာမြိုင်ချောင်းပေါက်ဝတွင် အရွယ်တူဆိုက်တူ မိုးမခသစ်ပင်ကြီးနှစ်ပင် ရှိနေသည်ကတော့ အံ့ဩစရာဖြစ်သည်။

ရှေးမှီနောက်မှီလူကြီးများ ပြောပြချက်အရကတော့. . ထိုမိုးမခသစ်ပင်ကြီးနှစ်ပင်မှာ အလေ့ကျပေါက်နေသည် မဟုတ်ဘဲ. . ရှေးကနေသွားသော မွန်လူမျိုးတို့ စိုက်ပျိုးသွားခဲ့သည် ဟုသိကြရသည်။

မည်သို့ပင်ရှိစေ. . .

ထိုမိုးမခပင်ကြီးနှစ်ပင် ရှိနေသောကြောင့် မဟာမြိုင်ရွာမှာလည်း 'မိုးမခ မဟာမြိုင်'ဟူသော အမည်တစ်ခု တိုးလာခဲ့ခြင်း ဖြစ်တော့သည်။

မဟာမြိုင်ရွာကို အကြောင်းပြုပြီး မိုးမခပင်ကြီးနှစ်ပင် အကြောင်းကို လူသိသလို၊ မိုးမခပင်ကြီးနှစ်ပင်ကြောင့်လည်း မဟာမြိုင်ရွာကို လူသိပိုများစေသော အခြားအကြောင်းတစ်ခု လည်း ရှိနေပေသည်။

အခြားတော့ မဟုတ်ပါပေ. . .။

ထိုမိုးမခပင်ကြီးနှစ်ပင်မှာ သိုက်စောင့်များရှိကြပြီး သရဲခြောက်သည်ဟု နာမည်ကြီးလှသောကြောင့် ဖြစ်ပေသည်။

မိုးမခမဟာမြိုင် ရှိသောနေရာ၏ အရှေ့ဘက်သို့ သွားပါက သစ်တောကြီးအချို့ ရှိနေသေးပြီး ထိုသစ်တောကြီးများ ထဲမှာ ရှေးအခါက မွန်လူမျိုးတို့ နေထိုင်ခဲ့သော နေရာဟောင်း





များ ရှိနေပေသေးသည်။

ထိုအထဲမှာ နေသူရိန်ကုန်းတန်းလည်း တစ်နေရာ ပါဝင်လေသည်။ နေသူရိန်ကုန်းတန်းမှာ ရှေးနှစ်ပေါင်းများစွာက မွန်လူမျိုးတို့ အခြေချနေထိုင်သွားသော နေရာဟောင်းတစ်ခုလည်း ဖြစ်ပေသည်။

ကောဇာ(၁၁၁၉)၊ သက္ကရာဇ်(၁၇၅၇) ခုနှစ်ဝန်းကျင်လောက်က ဟံသာဝတီ မွန်နေပြည်တော်ကြီး ပျက်စီးခဲ့ပြီးနောက်တွင် ကျုံးတုံးမြို့စားကြီး ဗညားဇေယျသည် နောက်လိုက်နောက်ပါများခေါ်ပြီး လောင်းလှေကြီးတစ်စင်းနှင့် အောက်ဖက်သို့ ရှောင်တိမ်းလာပြီး မိန်းမလှကျွန်းတစ်ဝိုက်တွင် နေထိုင်ခဲ့ပေသည်။

နေသူရိန်ချောင်းဖျားတွင်. . သဲအောက်တွင် တစ်ဝက်တပျက် နစ်မြှုပ်နေသော လောင်းလှေကြီးတစ်စင်းလည်းရှိသည်။

လှေဦးပိုင်းပေါ်မှာ လူငါးယောက်ခန့် ထမင်းဝိုင်းစား၍ ရလောက်အောင် ကြီးမားကျယ်ပြန့်လှသည်။

နေသူရိန်ကုန်းတစ်ဝိုက်မှာ ရှေးလူတို့စိုက်ပျိုးထားခဲ့သော သီးပင်စားပင်တို့လည်း ရှိကြသည်။

မရမ်းပင်၊ ပိန္နဲပင်၊ သရက်ပင် စသောအပင်ကြီးများ အပြင် ဖြူတ်ကောင်းပင်၊ ကွမ်းပင်၊ ကွမ်းသီးပင်၊ အုန်းပင်တို့ အထိ ရှိလေသည်။

ထိုနေရာတစ်ဝိုက်တွင် ရှေးလူတို့အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းအချို့လည်း တွေ့ရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုပစ္စည်းများကို ယူဆောင်ခွင့်မရကြပေ။ အကယ်၍ ယူဆောင်လာပါက ဘေးအန္တရာယ်တစ်ခုခုနှင့် တွေ့ရပြီး ချက်ချင်းပြန်ပို့ပေးရသည်။ သို့မဟုတ်ပါက အသက်ဘေးအန္တရာယ်နှင့် တွေ့ရတတ်သည်။

တစ်ခါက သစ်တောအလုပ်သမားသုံးယောက်သည် လှေတစ်စင်းဖြင့် နေသူရိန်ကုန်းတန်းရှိရာ ချောင်းဖျားဘက်သို့ ရောက်လာကြသည်။

၎င်းတို့သည် ကနစိုသစ်ရှာရင်းနှင့် ထိုနေရာဘက်သို့ ရောက်လာကြခြင်းဖြစ်သော်လည်း နေသူရိန်ကုန်းတန်းဘက်သို့ မရောက်ဖူးကြသေးပေ။

ထိုနေရာရောက်တော့ ချောင်းထဲမှာ တစ်ဝက်တပျက်နှင့် နစ်မြုပ်နေသော လောင်းလှေကြီးတစ်စင်း ရှိနေသောကြောင့် သူတို့လှေမှာ ရှေ့ဆက်သွားမရတော့ပေ။

ထို့ကြောင့် ထိုနေရာမှာပင် လှေရပ်ခဲ့ပြီး ကမ်းပေါ်သို့ တက်ကြည့်ကြသည်။

သူတို့ရောက်သွားသောအချိန်မှာ မိုးဦးကျရာသီဖြစ်သောကြောင့် ထိုနေရာတစ်ဝိုက်မှာ ရှိနေကြသော ပိန္နဲပင်၊ သရက်ပင်၊ မရမ်းပင်အချို့မှာ အသီးများရှိနေကြသည်။

"ဟာ. . သရက်သီးတွေပါလား၊ အတော်ပဲ ခူးသွားရမယ်"

"အရမ်းမလုပ်နဲ့နော် ဒီနေရာတွေက ကြမ်းတယ်လို့ သတင်းကြားဖူးတယ်"





"အသီးအနှံတွေက ငါတို့မခူးလည်း သူ့ဘာသာကြွေကျပြီး ပုပ်ကုန်မှာပဲ၊ တောထဲမှာ အလေ့ကျပေါက်နေတဲ့ သစ်ပင်တွေပဲ အန္တရာယ်မရှိနိုင်ပါဘူး"

ထိုသို့ပြောပြီး တစ်ယောက်က သစ်ပင်ပေါ်တက်ရန် ပြင်နေစဉ်မှာ တောစပ်မှအမျိုးသမီးတစ်ယောက် ထွက်လာပြီး မေးသည်။

"ဒါ ဘာလုပ်မလို့လဲ"

"သ. . သရက်သီးခူးမလို့ပါ"

မမျှော်လင့်ဘဲ အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရသဖြင့် လူသုံးယောက်မှာ အံ့သြသွားကြသည်။

"ပိုင်ရှင်ဆီမှာ ခွင့်မတောင်းဘဲ ခူးချင်တိုင်းခူးလို့ ရမလား"

"မသိလို့ပါဗျာ ခင်ဗျားကပိုင်ရှင်လား"

"ဟုတ်တယ်"

"ဒီလိုဆိုရင်တော့ မခူးတော့ပါဘူးဗျာ၊ အပင်အောက်ကြွေကျနေတာလေးတွေတော့ ကောက်ခွင့်ပေးပါ"

ထိုအမျိုးသမီးက ဘာမှမပြောဘဲ တောထဲသို့ ပြန်လှည့်ဝင်သွားလေသည်။

ထိုအခါတစ်ယောက်က သရက်ပင်အောက်မှာ ကြွေကျနေသော သရက်သီးများကို ကောက်ယူရန်ပြင်သည်။ အပင်အောက်ကြွေကျနေသော အသီးများမှာ ငှက်၊ ရှဉ့်၊ မျောက်များ ကိုက်ဖဲ့စားသောက်ထားသဖြင့် တစ်လုံးမှ အကောင်းမတွေ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com



အပင်ပေါ်လည်း တက်မခူးဝံ့သောကြောင့် တခြားနေ
ရာများကိုလိုက်ကြည့်ပြီး လှေဆိပ်သို့ ပြန်ဆင်းလာကြသည်။
လှေထဲရောက်တော့ အံ့ဩဖွယ်ရာမြင်ကွင်းကို တွေ့ရကြလေ
သည်။

သူတို့လှေထဲမှာ လတ်လတ်ဆတ်ဆတ်ခူးထားသော
ပိန္နဲသီးနှင့်သရက်သီးအချို့ကို တွေ့ရသောကြောင့်ဖြစ်လေသည်။

ထိုအခါမှ သုံးယောက်သား တအံ့တဩနှင့် မိမိအဖေ
များရှိသော ချောင်းဝပိုင်းသို့ ပြန်ထွက်လာကြသည်။

အဖော်များက တောထဲမှ အသီးအနှံများရလာသဖြင့်
တအံ့တဩနှင့် ဝိုင်းမေးကြရာ နေသူရိန်ကုန်းတန်းဘက်မှ ရလာ
ကြောင်းပြောပြလိုက်သည်။

ထိုအခါကျန်အဖော်များက လှေနှစ်စင်းနှင့် ချောင်းဖျား
ဘက်သို့တက်သွားကြသည်။ သို့သော် ချောင်းအဆုံးသွားသော်
လည်း သူတို့ပြောသည့် လောင်းလှေကြီးလည်း မတွေ့ရပေ။

ကမ်းပေါ်တက်ကြည့်တော့လည်း ကနစိုပင်နှင့် အခြား
သစ်ပင်များကိုသာ တွေ့ကြရပြီး သရက်ပင်၊ ပိန္နဲပင်များကိုတော့
မတွေ့ကြရပေ။

စိတ်မကျေနပ်သဖြင့် တောပေါ်တက်ကြည့်ကြတော့
လည်းတစ်ပင်မှ မတွေ့ရသည့်အပြင် သူတို့ပတ်ဝန်းကျင်တစ်
ဝိုက်မှ ဆင်ရိုင်းများ တောတိုးလာသံနှင့် ကျားဟိန်းသံများကြား
ရသောကြောင့် ဆက်မနေဝံ့တော့ဘဲ လှေဆိပ်ရောက်အောင်
ပြန်ဆင်းပြေးကြရသည်။





သူတို့လှေထွက်လာစမှာပင် တောကောင်ကြီးက ကမ်း
စပ်သို့ရောက်လာပြီး ဆောင့်ကြောင့်ထိုင်ကာ သွားဖြဲပြသော
ကြောင့် ကသုတ်ကရက်ဖြင့် လှေလှော်ပြေးကြရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂)

# လက်ပံပင် တာမံကုန်းမှသရဲ

မဟာမြိုင်ရွာအကြောင်းပြောလျှင် လက်ပံပင်တာမံကုန်း အကြောင်းလည်း ထည့်သွင်းရေးသားရပေမည်။ မဟာမြိုင်ရွာမှာ ရှည်လျားသော ချောင်းတစ်ခုအတွင်း၌ ရွာတည်ထားရာ. . အလျားရှည်သောရွာလည်းဖြစ်သည်။ ချောင်းကမ်းစပ်နှင့် မနီးမဝေးတွင် ရွာများဆောက်လုပ်နေထိုင်ကြခြင်း ဖြစ်ပြီး အိမ်များမှာ မျက်နှာချင်းဆိုင်ရှိသည်။

အလယ်၌ ရွှံ့ဖြင့်ဖို့ထားသော တလင်းတစ်ခုရှိသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း မိုးရာသီရောက်လျှင် ရွံ့ဗွက်ထသောကြောင့် ကနစိုသစ်တုံးများကို ခြေတစ်လှမ်းစာနင်းရန် စီးခင်းထားလေသည်။

ရွာမှာအလျားရှည်သော်လည်း အိမ်များကတော့ ခတ်ကြဲကြဲသာ ဆောက်ထားကြသည်။ သစ်သားတိုင်ထူပြီး ဓနိကာ၊ ဓနိမိုးသောအိမ် များလေသည်။

ချောင်းဝပိုင်းနှင့် ချောင်းဖျားပိုင်းဟု ခွဲထားပြီး အလယ်ခေါင်မှာ တမံရိုးတစ်ခုရှိသည်။

ထိုတမံရိုးတဝိုက်မှာတော့ လူနေအိမ်မရှိပေ။ တမံရိုးနှင့်မနီးမဝေးနေရာမှာပင် လက်ပံပင်ကြီးတစ်ပင် ရှိသောကြောင့် လက်ပံပင်တမံရိုးဟု ခေါ်ကြသည်။

လက်ပံပင်တမံရိုးမှာ သရဲခြောက်သောနေရာများမှာ တစ်နေရာအပါအဝင်ဖြစ်သည်။

ချောင်းဝပိုင်းမှာရှိသော မိုးမခပင်များမှ သရဲခြောက်ပုံနှင့် လက်ပံပင်တမံရိုးမှ သရဲခြောက်ပုံချင်းကတော့ မတူပေ။

မဟာမြိုင်ရွာမှာ နေကြသူများမှာ ချောင်းဝပိုင်းနှင့် ချောင်းဖျားပိုင်း သွားလာကြသောအခါ လက်ပံပင်တမံရိုးပေါ်မှ ဖြတ်သွားကြရသည်။

နေ့အချိန်ဆိုရင်တော့ မထောင်းသာလှပေ၊ ညအချိန်ရောက်လျှင်တော့ သရဲခြောက်တာ ကြမ်းလွန်းသဖြင့် မသွားလာဝံ့ကြပေ။ အကယ်၍ ညအချိန် မဖြစ်မနေသွားလာရမည်ဆိုပါက လူစုလူဝေးဖြင့် သွားလာကြရသည်။

ထိုချောင်းကို တမံဆယ်စဉ်က ပိုင်ရှင်ဖြစ်သူ၏သမီး





ငွေရီ'မှာ ပိုးထိပြီးသေဆုံးသွားရာမှ မကျွတ်မလွတ်ဘဲ တမံစောင့်သရဲဘဝ ရောက်နေသည်ဟုလည်း ပြောကြသည်။

တစ်ခါက ရွာသားသုံးယောက်မှာ ချောင်းဖျားဘက်မှာရှိသော အသုဘမှာ ဖဲချကြရာ ဖဲရှုံးသဖြင့် စိတ်ပျက်လက်ပျက်နှင့် ပြန်လာကြသည်။

၎င်းတို့သုံးယောက်စလုံး အရက်မူးနေကြသည်။

"ဒီအချိန်ကျမှ ပြန်လို့ဖြစ်ပါ့မလား၊ တမံရိုးမှာရှိတဲ့ သရဲမတ အတော်ကြမ်းတယ်လို့ ပြောတယ်"

"ဘာကြောက်စရာရှိသလဲကွာ၊ ငါတို့က သုံးယောက်တောင်ပဲ"

"သုံးယောက်လည်း ကြောက်စရာတွေ့ရင် ပြေးရမှာပဲ"

"ဒီတော့ ဘယ်လိုလုပ်မလဲ"

"ကိုဘဂျမ်းကြီးက ငါတို့နဲ့ခင်တာပဲ သူ့ကိုအဖော်ခေါ်သွားရင် မကောင်းဘူးလား"

ကိုဘဂျမ်းဆိုသည်မှာ ယခုသေဆုံးသွားသော မသာဖြစ်သည်။ အလောင်းက အိမ်အနောက်ဘက်ကွင်းစပ်မှာ လေးတိုင်စင်နှင့် တင်ထားလေသည်။

ရှေးအခါက ကျေးလက်များမှာ မသာတစ်ခုဖြစ်လျှင် အလောင်းကို ကွင်းစပ်မှာ သွားတင်ထားပြီး ခုနှစ်ရက်ခုနှစ်လီဖဲဝိုင်းထောင်သော အလေ့အထများ ရှိကြသည်။

ခါတိုင်းအချိန် ဖဲဝိုင်းတွေ့လျှင် သူကြီးနှင့် ပုလိပ်ဖမ်းသည်။ မသာမှာ ဖဲဝိုင်းလုပ်လျှင်တော့ မဖမ်းပေ။ အကယ်၍



www.burmeseclassic.com

www.burmeseclassic.com



လာပြောလျှင်လည်း. . .

"မသာစောင့်ရင်းနဲ့ အပျင်းပြေချတာပါ"ဟု ပြောလျှင်ပြီးသည်။

ယခုလည်း ကိုဘဂျမ်းမသာအိမ်မှာ ဖဲဝိုင်းများဖြင့် စည်ကားနေသော်လည်း အလောင်းထားသော နေရာဘက်မှာတော့ ဘယ်သူမှမရှိပေ။

ခေါင်းပေါ်မှာ ကန်တော့ပွဲတစ်လုံး၊ ထမင်းဟင်းထည့်ထားသော ပန်ကန်တစ်ချပ်၊ ရေနံဆီမီးအိမ်တစ်လုံးသာရှိသည်။ ရေနံဆီမီးအိမ်မှာလည်း မှိုင်းတက်နေပြီဖြစ်သောကြောင့်. . . အလင်းရောင်ပင် မရတော့ပေ။

ဖဲသမားသုံးယောက်တို့မှာ အရက်မူးမူးနှင့် အလောင်းစင်ရှိရာသို့ လျှောက်သွားကြသည်။

ထိုနေရာရောက်တော့ တစ်ယောက်က အနားမှာရှိသောသစ်ကိုင်းတစ်ခက်ကိုချိုးပြီး ခေါင်းကိုရိုက်ရင်း ပြောလေသည်။

"ကိုဘဂျမ်းကြီး ကျုပ်တို့သုံးယောက် လက်ပံပင်တမံရိုးက သရဲမကိုကြောက်လို့ ခင်ဗျားလိုက်လာပြီး သရဲမကိုဖယ်ရှားပေးဗျာ၊ ဟိုရောက်ရင် ခင်ဗျားစားချင်တာကျွေးပါ့မယ်"

တစ်ယောက်က အရက်မူးမူးဖြင့် ပြောမိပြောရာပြောလိုက်သည်။ ထိုသို့ပြောသော်လည်း အပုပ်နံ့များသာရနေသည်။ အခြေအနေကမထူးခြားပေ။

"ကိုဘဂျမ်း. . ကိုဘဂျမ်း"





"ဟေ. . . ."

အတန်ကြာတော့ ခေါင်းထဲမှ အသံလိုလိုကြားရသည်။

"ကျုပ်တို့ မပြန်ဝံ့လို့ လက်ပံပင်တမံကုန်းကို အဖော်လိုက်ခဲ့ပေးပါ. . ကြားလား"

"အေး. . အေး"

ထိုသို့အသံကြားသောအခါ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ သူတို့ကြားလိုက်ရသောအသံမှာ ခေါင်းရှိရာဘက်မှ ဖြစ်လေသည်။

"ငါပြောတာ သူကြားသွားပြီ. . သွားကြစို့"

ဟုပြောပြီး သုံးယောက်သားထိုနေရာမှ ထွက်ခဲ့ကြသည်။

သူတို့သုံးယောက်မှာ စိန်မှတ်၊ နက်ကြီး၊ ငခွေးတို့ သုံးယောက်ဖြစ်ပြီး ချောင်းဝပိုင်းမှာနေကြသူများ ဖြစ်ကြလေသည်။

ထိုညက လရောင်က မှုံဝါးဝါးရှိနေသည်။

သုံးယောက်သား လျှောက်လာစဉ် တစ်နေရာရောက်တော့ အနောက်ဘက်မှ ခြေသံကြားရသောကြောင့် ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

"ဟင်"

သူတို့နောက်ဘက် မနီးမဝေးနေရာတွင် ဒယိမ်းဒယိုင်နှင့်လိုက်လာသော လူတစ်ယောက်၏သဏ္ဌာန်ကို တွေ့ကြရသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။

"ဟိုနောက်ကလိုက်လာတာ ကိုဘဂျမ်းကြီးမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မယ်ထင်တယ် . . မင်းပဲခေါ်လာတော့ သူလိုက်လာတာဖြစ်မှာပေါ့"

"လိုက်လာတော့ ကောင်းတာပေါ့၊ တမံကုန်းကသရဲမခြောက်ရင် သူနဲ့တွေ့ပေးလိုက်ရုံပေါ့"

သုံးယောက်သား စကားတပြောပြောနှင့် လျှောက်လာရာသူတို့နောက်မှာ မည်းမည်းသဏ္ဌာန်ကြီးကလည်း မနီးမဝေးမှ လိုက်လာလေသည်။

တမံကုန်းနေရာရောက်တော့ လမ်းပေါ်မှာသူတို့ဘက်ကိုကျောပေးထိုင်နေသော အမျိုးသမီးတစ်ယောက်ကို လှမ်းမြင်ရသည်။

ဆံပင်ဖားလျားချထားသောကြောင့် မည်သူမည်ဝါမှန်းတော့ သဲသဲကွဲကွဲမမြင်ရပေ။

"ဟိုမှာ သရဲစောင့်နေပြီ၊ ကိုဘဂျမ်းကြီးပဲ အရင်လွှတ်လိုက်ပေတော့"

"ကဲ ကိုဘဂျမ်းရေ ရှေ့မှာသရဲမစောင့်နေပြီဗျ၊ ခင်ဗျားသွားရှင်းပေးမှဖြစ်တော့မယ်"

တစ်ယောက်က အော်ပြောလိုက်သည်နောက်မှလိုက်လာသော မည်းမည်းသဏ္ဌာန်ကြီးက ရှေ့သို့လျှောက်သွားလေသည်။

ထိုသို့လျှောက်သွားတော့မှ သူတို့ခေါ်လာသော ကိုဘဂျမ်းဖြစ်မှန်း သိကြရသည်။

အတန်ကြာတော့ အမှောင်ရိပ်ဖုံးနေသော တမံကုန်း





ဘက်မှ ဆူဆူညံညံအသံများ ကြားကြရသည်။

မိန်းမသံရော ယောက်ျားအသံအချို့ပါ မသဲမကွဲကြားနေရသည်။ စိန်မှတ်တို့သုံးယောက်လည်း တအံ့တဩဖြင့် လှမ်းကြည့်နေကြလေသည်။

အချိန်အတော်ကြာတော့ အသံများပျောက်သွားလေသည်။ စိန်မှတ်တို့သုံးယောက်လည်း တမံရိုးပေါ်မှ ဖြတ်ကျော်ကာ မိမိတို့ရွာဘက်သို့ ပြန်လာကြသည်။

ရွာရောက်တော့ မိမိတို့အိမ်သို့ပြန်ကာ အရက်မူးမူးနှင့် အိပ်ရန်ပြင်ကြလေသည်။

ထိုသို့အိပ်ရန်ပြင်နေတုန်းပင် ရှိသေးသည်။ စိန်မှတ်နေသော အိမ်နံရံကို တဗုန်းဗုန်းနှင့် လာရောက်ထုရိုက်သောကြောင့် လန့်သွားကြသည်။

စိန်မှတ်မှာ မိန်းမနှင့်ကလေးနှစ်ယောက်ရှိရာ အားလုံးလန့်နိုးလာကြသည်။

ကလေးများ၏ စူးစူးဝါးဝါးအော်သံများ ပေါ်ထွက်လာသည်။

"ကိုစိန်မှတ် ဘာဖြစ်တာလဲ အပြင်ဘက်က တဗုန်းဗုန်းနဲ့ထုရိုက်နေလို့ ကလေးတွေတောင် လန့်နိုးကုန်ကြပြီ"

စိန်မှတ်က ကြောက်ကြောက်ရွံ့ရွံ့နှင့် အိမ်ပေါ်မှဆင်းသွားသည်။

အပြင်ဘက်ရောက်တော့ မားမားကြီးရပ်နေသော ကိုဘဂျမ်းကို တွေ့ရသဖြင့် မျက်လုံးပြူးသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ကိုဘဂျမ်း ဘယ်လိုကြောင့် ဒီနေရာရောက်လာတာလဲ"

"မင်းပဲ ငါ့ကိုခေါ်လာခဲ့တာမဟုတ်လား"

ထိုစကားကြားတော့မှ ပိုပြီးထိတ်လန့်ကြောက်ရွံ့သွားသည်။

"အခု. . ဘာ. . ဘာလုပ်မလို့လဲဟင်"

"မင်းပဲ အစာကျွေးမယ်ဆို"

ဒီတော့မှ မိမိခေါ်ခဲ့စဉ်က အစားအစာကျွေးပါမည်ဟု ကတိပေးပြီး ခေါ်လာခဲ့သည်ကို သတိရလေတော့သည်။

အစောပိုင်းကတော့ အရက်မူးမူးနှင့် ပြောမိပြောရာ လုပ်မိလုပ်ရာ လုပ်လာခဲ့သော်လည်း ယခုတကယ်ဖြစ်လာသောအခါ ဘယ်လိုဖြေရှင်းရမည် မသိတော့ပေ။

အရက်မူးနေသော အချိန်ကလည်း ပြေပျောက်နေပြီဖြစ်သောကြောင့် ကြောက်ရွံ့စိတ်က ထိပ်သို့ပင်ရောက်နေချေတော့သည်။

"ကိုစိန်မှတ်၊ တော် ဘယ်သူနဲ့စကားပြောနေတာလဲ"

တဲအတွင်းမှ မိန်းမက လှမ်းမေးသည်။

"မိနီ. . ထမင်းဟင်းကျန်သေးရင် ပန်းကန်တစ်ချပ်နဲ့ ထည့်ယူလာခဲ့စမ်း"

"အချိန်မတော်ကြီးမှ ဘယ်သူ့ကျွေးဖို့လဲ"

"စကားရှည်လိုက်တာ. . ရှိရင်မြန်မြန်ထည့်ခဲ့စမ်း"

ခဏကြာတော့ မိနီက ထမင်းဟင်းထည့်ထားသော ပန်းကန်ကို ထွက်ပေးသည်။

ထိုသို့ပေးရင်းနှင့် ကြည့်တော့လည်း အပြင်ဘက်၌စိန်မှတ်တစ်ယောက်တည်းသာ တွေ့ရပြီး အခြားဘာမှမမြင်ရပေ။

"ထမင်းမေ့ဟင်းမေ့နဲ့ သောက်တုန်းကသောက်ခဲ့ပြီး အချိန်မရှိတော့မှ ထမင်းတောင်းစားတယ်၊ စားတော့လည်း အိမ်ထဲမှာမစားဘူး၊ မိုးချုပ်နေတဲ့အချိန်မျိုးမှာ အပြင်ဘက်ထွက်စားတယ်၊ တော်ကြာ သရဲလာလုစားလိမ့်မယ်"

မိနီက မကြားတကြားပြောဆိုပြီး အိမ်ထဲပြန်ဝင်သွားလေသည်။ စိန်မှတ်ကတော့ ကိုယ့်ဝမ်းနာကိုယ်သာသိနေသောကြောင့် ဘာမှထွေထွေထူးထူး ပြန်ပြောမနေတော့ပေ။

မိနီအိမ်ထဲပြန်ဝင်သွားသောအခါ လက်ထဲမှာကိုင်ထားသော ထမင်းပန်းကန်ကို ရှေ့မှာရပ်နေသော ကိုဘဂျမ်းကို လှမ်းပေးလိုက်သည်။

"ကျုပ်မှာ ကျွေးစရာဒါပဲရှိတယ် စားပြီးရင်တော့ မြန်မြန်မြန်တော့ဗျာ"

ဖုတ်ဝင်နေသော ဘဂျမ်းက ပါးစပ်ထဲသို့ ထမင်းဟင်းများသွင်းကာ ပလုပ်ပလောင်းစားရာ ခဏလေးနှင့် ကုန်သွားတော့သည်။

"ဒါနဲ့ မဝသေးဘူး"

"မဝသေးလည်း ကျွေးစရာမရှိတော့ဘူး"

"မရှိရင်တော့ မင်းအိမ်မှာရှိတဲ့ တိရိစ္ဆာန်တွေ သတ်စားရုံပေါ့"







www.burmeseclassic.com

www.burmeseclassic.com



ဒါပဲပြောပြီး ကြက်များရှိသော အိမ်နောက်ဘက်သို့ ဝင်သွားသည်ကို မြင်လိုက်ရသည်။

ခဏကြာတော့ အိမ်အနောက်ဘက်မှ ကြက်များဆူဆူညံညံအော်ဟစ်သံများပေါ်လာသောကြောင့် မိနီက မီးခွက်ထွန်းပြီး ထွက်ကြည့်သည်။

အပြင်ရောက်တော့ မည်သို့သောမြင်ကွင်းမျိုးတွေ့ခဲ့ရသည်မသိပေ။ အော်ဟစ်ပြီး အိမ်ထဲပြန်ဝင်ပြေးလာသည်။

စိန်မှတ်လည်း ဘာလုပ်ရမှန်းမသိပဲ ရှိနေစဉ် ဘဂျမ်းက ကြက်တစ်ကောင်ကို လည်ပင်းမှကိုင်လျက်နှင့် သူရှိရာပြန်ရောက်လာသည်။

"ငါ့ကို ပြန်လိုက်ပို့ပါ"

"မပို့ပါရစေနဲ့ဗျာ၊ ကျုပ်တစ်ယောက်တည်း မလိုက်ဝံ့လို့ပါ"

"ခေါ်လာတဲ့သူက ငါ့နေရာရောက်အောင် ပြန်မပို့ပေးရင် ငါပြန်လို့ရမှာမဟုတ်ဘူး"

"ဒုက္ခပါပဲ"

ထိုအခါမှပင်. . စိန်မှတ်မှာအကြီးအကျယ် ကြောက်ရွံ့ထိတ်လန့်သွားလေတော့သည်။

"ပို့ဆိုရင်လည်း ပို့ပေးပါ့မယ်ဗျာ ဟိုဘက်နားက သွားစောင့်နေပါ၊ ကျုပ် နက်ကြီးနဲ့ ငခွေးတို့နှစ်ယောက် သွားခေါ်ပါရစေ"

ဟုပြောရာ ဘဂျမ်းလည်း ထိုနေရာမှထွက်သွားလေ





သည်။ စိန်မှတ်လည်း ၄င်းနှင့်အတူလုပ်ခဲ့ကြသော ကျန်နှစ်ယောက်ကို သွားခေါ်ရာ ပထမတော့ ကြောက်ကြောက်လန့်လန့်နဲ့ ငြင်းနေကြသေးသည်။

"အေး. . လုပ်တုန်းက သုံးယောက်သဘောတူ လုပ်ခဲ့ကြတာပဲ၊ အခုမှ မင်းတို့နှစ်ယောက်က မလုပ်ချင်လည်း ဒီအတိုင်းထားလိုက်ရုံအပြင် ဘာရှိမလဲ၊ ငါအလှည့်တော့ပြီးပြီ မကြာခင် မင်းတို့နှစ်ယောက်အိမ် လိုက်လာမှာအသေအချာပဲ"

ဟုပြောတော့မှ မနေဝံ့ကြတော့ဘဲ လိုက်လာကြလေသည်။

အပြန်မှာတော့ ဘဂျမ်းက သူတို့ရှေ့မှ လျှောက်သွားပြီး သူတို့သုံးယောက်က မနီးမဝေးမှ လိုက်ပို့ကြရလေသည်။

လက်ပံပင်တမံကုန်းနေရာရောက်တော့ ဆံပင်ဖားလျားချလျက် ခါးယောက်ရပ်နေသော မိန်းမတစ်ယောက်ကို တွေ့ကြရသည်။

ဘဂျမ်းက လက်ထဲမှကိုင်လာသောကြက်ကို ထိုမိန်းမကိုသွားပေးလိုက်တော့မှ ကြက်ကိုယူပြီး ပျောက်သွားလေသည်။

တမံမှာ သရဲဘဝဖြင့် စောင့်နေသော သရဲမငွေရီမှာ ဘဂျမ်းထက် ကမ္မဇိဒ္ဓိပိုမြင့်သည်။ ထို့ကြောင့်. . ယခုမှ ဝိညာဉ်ဘဝရောက်စဖြစ်သော ဘဂျမ်းက မယှဉ်နိုင်ပေ။

ထို့ကြောင့် ထိုလမ်းမှပြန်ရန်အတွက် ကြက်တစ်ကောင်ယူလာပြီးပေးတော့မှ ထိုတမံရိုးပေါ်မှ ဖြတ်သွားခွင့်ရကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေကိုတော့ နောက်မှပါလာသော စိန်မှတ်တို့သုံးယောက်က မသိကြရှာပေ။

ဘဂျမ်းကို မူလနေရာရောက်အောင် ပြန်ပို့ပေးပြီးသော်လည်း မပြန်ဝံ့တော့သဖြင့် မသာအိမ်မှာပင် မိုးလင်းသည်အထိ ဆက်နေကြရသည်။

နောက်တစ်နေ့ မနက်ပိုင်းမှပြန်သွားသောအခါ ညက သူတို့သုံးယောက်လုပ်ခဲ့သော အဖြစ်အပျက်ကို အတော်များများ သိနေကြရုံမကပဲ သူကြီးဦးမွန်ထော်ပါ သိသွားပြီး သုံးယောက်စလုံးခေါ်မေးသည်။

"မင်းတို့ညက ဘာလုပ်ခဲ့ကြသလဲ"

"ကျွန်တော်တို့လည်း ဒီလောက်ဖြစ်မှန်းမသိလို့ လုပ်ခဲ့မိကြပါတယ်"

"နတ်နဲ့နဂါး မလှည့်စားနဲ့ဆိုတဲ့ စကားပုံရှိတယ်၊ အဲဒီလိုပဲ ပရလောကသားတွေဆိုတာ မထေမဲ့မြင်မလုပ်ရဘူး၊ လုပ်ရင် အန္တရာယ်နဲ့ကြုံရတတ်တယ်၊ ညကငါတို့ရွာဘက်ကို ဖုတ်ကောင်ဝင်လာတာတော့ မကောင်းဘူး၊ ဒါကြောင့် မင်းတို့သုံးယောက်မှာ အပြစ်ရှိတယ်"

"ဟုတ်ပါတယ်"

"ဒါကြောင့် ရွာစောင့်၊ နယ်စောင့်တွေကို ပူဇော်ပသပြီး တောင်းပန်ရမယ်၊ ကုန်ကျစရိတ်တွေကို မင်းတို့သုံးယောက်က ခံရမယ်၊ ဒါကလည်း. . ရွာနာအောင်လုပ်ခဲ့မိတဲ့အတွက် လျော်ကြေးပေးတယ်လို့ပဲ သဘောထားကြပေါ့ကွာ"





"ဟုတ်ကဲ့ ပေးပါ့မယ်"

ထိုကဲ့သို့ဝန်ခံပြီး. . နတ်တင်သောစရိတ်များကို သုံးယောက်မျှပြီး ပေးကြရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၃)

# မြန်မာရှေးဟောင်းရိုးရာ မာတ်ပညာ

နီမောင်သည် မဟာမြိုင်ရွာတွင် နေထိုင်သူတစ်ဦးဖြစ်သော်လည်း ထိုရွာခံတစ်ဦးတော့ မဟုတ်ပေ။ မိဘများက ဆင်းရဲကြသဖြင့် အလုပ်အကိုင်ပေါသောနေရာသို့ ရွှေ့ပြောင်းကြရင်းမှ ဆွေမျိုးသားချင်းအချို့ရှိသော မဟာမြိုင်ရွာသို့ ရောက်လာခဲ့ခြင်းဖြစ်လေသည်။

သူသည် အသက်(၂၅)နှစ်အရွယ်ခန့်သာရှိသေးပြီးထိုရွာသို့ရောက်စကတော့ အလုပ်မယ်မယ်ရရမရှိခဲ့ပေ။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ထိုအရပ်ဒေသမှာ အလုပ်အကိုင်ပေါသဖြင့် မိသားစု
တစ်ဝမ်းတခါးအတွက်တော့ မပူမပင်စားသောက်နိုင်ကြသည်။

ရောက်စက လယ်အလုပ်၊ သစ်တောအလုပ်၊ သားငါး
ရှာဖွေသောအလုပ်များတွင် အခစားဘဝဖြင့် ဝင်ရောက်လုပ်
ကိုင်ခဲ့ရသည်။

သစ်တောအလုပ်ဆိုလျှင် ပြင်ဒရယ်သစ်တောများထဲ
သွားရသည်။

မိုးဦးကျလယ်ယာလုပ်ငန်းများ ဝင်လုပ်လျှင်တော့ ဆို
နေရာတစ်ဝိုက်မှာရှိသော လယ်များမှာ ဝင်ရောက်လုပ်ကိုင်
သည်။

သားငါးရှာဖွေသောအလုပ်ဆိုလျှင်တော့ ဖော့ဝင်မြစ်
တစ်ကြောဖွဲ့ရှိသော မြစ်ချောင်းများသို့ သွားရောက်ရှာဖွေကြ
သည်။

သူသည် မည်သည့်အလုပ်မဆို ကြိုးစားပမ်းစား လုပ်
တတ်သောကြောင့် အလုပ်ရှင်များက နှစ်သက်ကြသည်။

လယ်ကွင်းထဲဆင်းပြီး ပျိုးနုတ်လျှင် သူများပျိုးပေါက်
တစ်ထောင်ရလျှင် သူကတစ်ထောင်ကျော်ရမှ ကျေနပ်သည်
သစ်တောအလုပ်လုပ်၍ သူများက ကနစိုထင်းပေါက်ခြမ်း
ထောင်ရလျှင် သူကတစ်ထောင်ကျော်အောင်ပေါက်ပြီးမှ န
သည်။

ချောင်းထဲမှာ ငါးဖမ်းလျှင်လည်း အခြားသူများက ငါး
တစ်ပိဿာရလျှင် သူကထိုထက်ပိုရအောင် ရှာဖွေနိုင်သူ ဖြ





လေသည်။

နောက်ပိုင်း မိကျောင်းဖမ်းခွင့်များရလာသောအခါ ဦး
နေဒွန်းက သူ့ကိုခေါ်ပြီး အလုပ်ပေးသည်။

"နီမောင် မင်းငါ့ဆီမှာ အလုပ်လုပ်မလား"

"ဘာအလုပ် လုပ်ရမှာလဲအဘ"

"မိကျောင်းဖမ်းတဲ့ အလုပ်လေ"

"ကျွန်တော် တစ်ခါမှ မလုပ်ဖူးဘူး"

"လွယ်ပါတယ်ကွာ. . ဘယ်အလုပ်မဆို မတတ်ခင်က
တော့ ခက်တာချည်းပဲပေါ့။ တတ်သွားတော့လည်း လွယ်သွား
တာပါပဲ၊ ငါသင်ပေးမှာပေါ့"

ဟုပြောသဖြင့် ဦးနေဒွန်းထံမှာ ဝင်လုပ်လေသည်။

ဦးနေဒွန်းမှာ အသက်ငါးဆယ်ကျော်ခန့်ရှိပြီး မိကျောင်း
ဖမ်းရာမှာတော့ ဝါရင့်ရေမှုဆိုးတစ်ယောက် ဖြစ်လေသည်။

သူ့ဆီမှာ လက်ရှိလုပ်နေသော စောထီးနှင့် ငမဲအောင်
တို့နှစ်ယောက်လည်း ရှိနေသောကြောင့် နောက်တော့ နီမောင်
နှင့် လုပ်ဖော်ကိုင်ဖက်များအဖြစ် ခင်မင်သွားကြလေသည်။

ဦးနေဒွန်းက သူ့ကိုခေါ်သွားပြီး တစ်ခုချင်းလက်တွေ့
သင်ပေးသည်။ ပထမတော့ လှေလှော်ပေးရသည်။

"လှေလှော်တဲ့အခါမှာ ရေသံမကြားအောင်၊ လှော်တက်
သံမထွက်အောင် လှော်တတ်ရတယ်၊ လှေလှော်တဲ့သူ မကောင်း
ရင် မိကျောင်းက အနားမရောက်ခင်ကတည်းက ထွက်ပြေးမှာ
ပေါ့"

www.burmeseclassic.com



"ဟုတ်ကဲ့ အဘ. . . ."

နောက်တော့ စလွတ်ကြိုးကိုင်ဘဝ ရောက်လာသည်။ စလွတ်မထိုးရသေးသော်လည်း. . ကြိုးမရှုတ်အောင်၊ မထွေးအောင်၊ မိကျောင်းကို ထိုးမိလျှင် အလိုက်သင့်ပါသွားအောင် ကြိုးကို အဆင်သင့်ထားနိုင်အောင် သင်ရသည်။

အကယ်၍ မိကျောင်းကို စလွတ်ထိသွားပြီးနောက် ကြိုးကအလိုက်သင့်ပါမသွားဘဲ ရှုတ်ထွေးနေပါက လေှမှောက်သွားနိုင်လေသည်။

ကြိုးကိုင်အဆင့်ပြီးမှ စလွတ်ထိုးသောအဆင့်ကို တက်ရသည်။ ထိုးကာစကတော့ အဆင်မပြေလှပေ။ ထိုးတာတခြား ထိတာတခြား ဖြစ်တာများသည်။ နောက်ပိုင်း ကုန်းပေါ်မှာပင် ငှက်ပျောတုံးတစ်တုံးကို ချပြီးထိုးသည်။

ကုန်းပေါ်မှာ ထိချက်မှန်လာပြီဆိုတော့ ထိုငှက်ပျောတုံးကို ရေထဲချထိုးသည်။

ရေစီးဖြင့် မြုပ်ချည်ပေါ်ချည်ဖြစ်နေသော ငှက်ပျောတုံးကို စလွတ်ဖြင့် ထိအောင်ထိုးရသည်မှာ အစပိုင်းက မလွယ်လှပေ။ ရေစီးကြောင်းထဲမှာ ငှက်ပျောတုံးကို ထိပြီဆိုတော့မှ လှိုင်းများသောဖောင်ဝင်မြစ်ထဲ ထွက်ထိုးကြည့်သည်။

ပျောက်သွားလိုက်၊ ပေါ်လာလိုက်ဖြစ်နေသော ငှက်ပျောတုံးကို စလွတ်ဖြင့်ထိအောင် ထိုးနိုင်ပြီဆိုတော့မှ ဦးနေဒွန်းက သူ့ကို မိကျောင်းထိုးသည့်တာဝန် ပေးလေသည်။

"မိကျောင်းဆိုတာ. . ရေထဲမှာတော့ ကြောက်စရာအကောင်းဆုံးပေါ့၊ သူက ရေထဲမှာရော ကုန်းပေါ်မှာပါ နေထိုင်ကျက်စားနိုင်တော့ ပိုပြီးကြောက်စရာကောင်းတယ်"

"ဟုတ်ကဲ့"

"နောက်ပြီး မိကျောင်းဟာ ရေကိုနိုင်တဲ့သတ္တဝါမျိုးပဲ၊ ရေထဲမှာ ကူးခတ်သွားလာတဲ့ နေရာမှာ ရေသံမကြားအောင်သွားနိုင်တယ်၊ သားကောင်ကိုဖမ်းဆီးတော့မယ်ဆိုရင် နွံထဲမှာပဲဖြစ်ဖြစ်၊ ရေထဲကပဲဖြစ်ဖြစ် သစ်တုံးတစ်တုံးလို မလှုပ်မယှက်နဲ့ အချိန်အကြာကြီး စောင့်နေနိုင်တယ်"

"ဟုတ်ကဲ့"

"မိကျောင်းမှာ အဓိကကြောက်စရာကောင်းတာက အမြီးနဲ့ ပါးစပ်ပဲ၊ သူ့အမြီးနဲ့ရိုက်ချရင် ဘယ်လိုသတ္တဝါမှ မခံနိုင်ဘူး၊ ရေထဲပြုတ်ကျတာပဲ ပါးစပ်ကလည်း ကိုက်မိရင် ဘယ်တော့မှ မလွှတ်နိုင်ဘူး"

"ဟုတ်ကဲ့"

"မိကျောင်းမှာ သွားတွေအစွယ်တွေပါပေမယ့် သားကောင်ကိုတော့ ကိုက်ဖြတ်စားသောက်လို့မရဘူး"

"သားကောင်ဖမ်းမိရင် ဘယ်လိုစားသလဲအဘ"

"အကောင်သေးရင်တော့ အကောင်လိုက်မြိုတယ်၊ အကောင်ကြီးရင်တော့ သားရဲတွင်းထဲ ချီသွားပြီးအပုပ်ခံပြီးမှ စားတယ်၊ စားကာနီးတော့ ပုပ်နေတဲ့အစာကို ပါးစပ်နဲ့ကိုက်ခါတော့ တစ်ခုစီတစ်စစီ ပြုတ်ထွက်ကုန်တော့မှ တစ်ခုချင်းကောင်းမြိုပြီး စားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်စရာပဲ"

"ဒါပေမယ့် တချို့လည်း သားရဲတွင်း ရောက်သွားပြီးမှ သတိပြန်ရလာလို့ လွတ်သွားတဲ့သူတွေရှိတယ်"

"သေကံမရောက် သက်မပျောက်ဆိုတာမျိုးပေါ့"

"ဒါလည်း ပါမှာပေါ့ မိကျောင်းဟာ သူ့ထက်ကိုယ်ခန္ဓာကြီးတဲ့ ကျွဲနွားတွေကို ဖမ်းတော့မယ်ဆိုရင် ရေဆင်းသောက်တဲ့ အချိန်ကို ကမ်းစပ်ကမေးတင်ပြီးစောင့်တယ်၊ ရေသောက်ဆင်းလာရင် ခြေထောက်ကို အမြီးနဲ့ရိုက်ချရင်ချ၊ ဒါမှမဟုတ် ရေထဲရောက်အောင် အတင်းဆွဲတဲ့နည်းတွေ သုံးတယ်၊

ကုန်းသတ္တဝါဆိုတာ ရေထဲရောက်သွားတဲ့အခါ ရေမွန်းပြီး သေရတာဆိုတော့ အကောင်ဘယ်လောက်ကြီးကြီး သူတို့လုပ်ချင်သလို လုပ်ကြတာပဲ"

ဦးနေဒွန်းက လက်ဖက်ရည်တစ်ခွက်ကို ငုံ့သောက်နေလေသည်။

"မိကျောင်းက ရေထဲမှာ အသံမကြား၊ ရေမလှုပ်အောင် သွားလာနိုင်တယ်ဆိုတော့ သူ့ကိုဘယ်လို ခြေရာခံမလဲမဘ"

ဦးနေဒွန်းက ပန်းကန်ကို ပြန်ချပြီး ပြောသည်။

"မိကျောင်းဟာ ရေသတ္တဝါဆိုပေမယ့် ဝေလငါးတွေလိုပဲ လေနဲ့အသက်ရှူတဲ့ သတ္တဝါမျိုးဆိုတော့ ရေစပ်၊ ကမ်းစပ်မှာ တက်နေတာများတယ်၊ ရေထဲမှာနေရင်လည်း ရေအောက်မှာ အချိန်အကြာကြီး မနေနိုင်ဘူး၊ ရေပြင်ပေါ်မှာ မျက်စိနဲ့နှာခေါင်းပေါက်ကို ဖော်ထားပြီး နေလေ့ရှိတယ်"





"ဟုတ်ကဲ့"

"နေ့အချိန် ရေအောက်ကမိကျောင်း ကပ်လာရင် ရေဟာ ထူးထူးခြားခြား ညှီစော်နံလာတယ်၊ လှိုင်းကြက်ခွပ်ကလေးတွေစိပ်လာတာကို သတိပြုရတယ်၊ ညအချိန်ဆိုရင်တော့. . မီးရောင်နဲ့ထိုးကြည့်ရင် မျက်လုံးနှစ်လုံးဟာ ဟင်္သာပြဒါးလို နီရဲနေတာကို တွေ့ရနိုင်တယ်"

"မိကျောင်းဟာ ရေသတ္တဝါတွေထဲမှာတော့ အတော်ကြောက်စရာကောင်းတာပဲ"

"ဒါပေမယ့် အသုံးဝင်တာတွေလည်းရှိတယ်၊ မိကျောင်းအစွယ်၊ သည်းခြေနဲ့ မိကျောင်းသားရေဟာ ကမ္ဘာပေါ်မှာ ဈေးအကြီးဆုံး သဘာဝပစ္စည်းတွေမှာပါတယ်၊ နောက်ပြီး မိကျောင်းသားက သိပ်နူးညံ့တယ် ဒါကြောင့် စလွတ်နဲ့ထိုးမိရင် ဘယ်တော့မှ ပြုတ်မထွက်တော့တာပေါ့"

"မိကျောင်းသားက နန္ဒင်းနဲ့မတည့်တာ ဘာကြောင့်လဲအဘ"

"ဓာတ်သဘောနဲ့ပြောရရင် စနေနဲ့ ကြာသပတေး ရန်ဓာတ်ဖြစ်နေတယ်လို့ ပြောလို့ရတယ်၊ နောက်တစ်ချက် နန္ဒင်းက တေဇောအပူဓာတ်၊ မိကျောင်းသားက သီတာအအေးဓာတ်ဆိုတော့ အဲဒီဓာတ်နှစ်ခုထိတာနဲ့ မိကျောင်းသားတွေ ထခုန်ကြတာပေါ့ကွာ"

"ဒါလည်း အတော်ဆန်းကြယ်တာပဲ"

"ဒါကြောင့် ရှေးကပညာရှိတွေက 'ဓာတ်ခိုက်ရင် နတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုက်တာအတော် ဆိုးဆိုးအသံ'လို့တောင် စကားပုံထားခဲ့ကြတာပဲ”

(ဆေးပညာများအကြောင်းကို အခြားရေးသားသော စာအုပ်များမှာ ထည့်သွင်းရေးသားခဲ့ပြီးဖြစ်သောကြောင့် တစ်ခုချင်းမရေးတော့ပေ။)

အခြားဓာတ်ပညာနှင့်ပတ်သက်သော ကုထုံးအချို့ကိုသာ ဖော်ပြပေးပါမည်။ ခေါင်းကိုက်ရောဂါဖြစ်နေလျှင် (ခေါင်း) ဟူသော တနင်္လာနံ မူလဓာတ်ကို မှတ်၍ 'ရေတကျည်း'ပဥ္စင်းပါး တစ်ကျပ်စီ အစိုအတိုင်း ချိန်ယူပါ၊ ရှိန်းခိုတစ်မူးနှင့် ညက်စွာကြိတ်၍ အထောင့်ပြုလုပ်ထားပါ။

ခေါင်းကိုက်သောအခါ ထိုဆေးတောင့်ကို ရေဖြင့်သွေးပြီး ရှူပေးပါက ရောဂါပျောက်ကင်း၏။

သို့မဟုတ် မကျည်းမှည့်ကို ရေနှင့်ဖျော်၍ ဆားအနည်းငယ်ထည့်ပြီး ထိပ်ပေါက်အောင်ရှူပေးလျှင် ရောဂါသက်သာစေသည်။

ခေါင်းဟူသော တနင်္လာနံ၏ ဆပ္ပတ်သည်. . စနေဖြစ်သောကြောင့်လည်း ခေါင်းကိုက်သည့်အခါ နွားသားခြောက်ကို မီးဖုတ်ရှူလျှင်လည်း ရလေသည်။

ဦးခေါင်းယာဘက်စောင်းကကိုက်လျှင် ဘယ်ဘက်စောင်းကို သံတူဖြင့် (၇)ချက် အသက်အောင့်ပြီးထုပေးပါ၊ ဘယ်ဘက်စောင်းကိုက်လျှင် ယာဘက်စောင်းကို ခုနှစ်ချက် စတီထုပေးပါက သက်သာရာရစေနိုင်သည်။

ရောဂါပိုးကြောင့် နှစ်ရှည်လများ ခေါင်းကိုက်ခြင်း၊





ခေါင်းခဲခြင်းဝေဒနာခံစားနေရပါက ကဗ္ဗောဓာတ်ဖြစ်သော ဖားပြုတ်ပက်လက်သေကိုသော်လည်းကောင်း၊ ထို့နောက်. . ကင်းခြေများအသေကိုသော်လည်းကောင်း၊ ငှင်းနှစ်ပါးကိုရအောင်ရှာပြီး တစ်ခုစီအမှုန့်ပြုလုပ်ထားပါ၊ ဖားပြုတ်ခြောက်အမှုန့်နှင့်ကင်းခြေများအမှုန့်ကို တစ်ခုနှင့်တစ်ခု မရောပါစေနှင့်။

အထက်ပါဖော်ပြသည့်အတိုင်း နှစ်ရှည်လများ၊ ခေါင်းကိုက်၊ ခေါင်းခဲဝေဒနာခံစားနေရသူကို ကင်းခြေများအခြောက်မှုန့်အနည်းငယ်နှင့် နှာမှုတ်ပေးပါ။

ထို့နောက် ဖလားမှာရေထည့်ပြီး အောက်မှခံထားပေးပါ။ ရောဂါပိုးနှင့်တကွ သွေးများပါ ကျလာပေလိမ့်မည် သွေးအကျများပြီး ရောဂါတက်လာပါက ဖားပြုတ်ခြောက်မှုန့်ကို အနည်းငယ်ရှူပေးပါက သွေးကျခြင်း ချက်ချင်းရပ်သွားပေလိမ့်မည်။

ထိုကဲ့သို့ နှစ်ကြိမ်သုံးကြိမ်ပြုလုပ်ပေးပါက လေးငါးနှစ်ကြာအောင် ခေါင်းကိုက်ဝေဒနာများ ခံစားနေရခြင်းများ သက်သာပျောက်ကင်းသွားစေပါမည်။

မျက်စိနာရောဂါဖြစ်ပါက ခွေးချေး၊ ဆန်(၇)စေ့၊ ငြုပ်ကောင်း(၇)စေ့၊ ငှင်း(၂)ပါးကို အမှုန့်ပြု၊ ရေနှင့်တောင့်၍ထားပါ။ အလိုရှိလျှင် ရေနှင့်သွေး၍ခပ်ပါ။ ပယောဂရှိလျှင်လည်း မြန်စွာပျောက်ကင်းနိုင်ပါသည်။

ရိုးရိုးကျိန်း၊ နာသောမျက်စိနာကို မူလဓါတုအားဖြင့်ဓာတ်တူ'ဆား'ရည်ကို ခပ်ပါ။ ရှည်လျားစွာနာ၍ 'ထောင်ခဲ့ခြင်း၊ မျက်ခမ်းစပ်ခြင်း'ဖြစ်ပါက ဒေါင်းသိုကြက်သွန်ဥကို ခပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ရောဂါတြွသဖြင့် အနည်းငယ်တိုး၍နာပြီးမှ ထင်ရှားစွာ လျော့ပါး၍ ပြေပျောက်ပေမည်။

ဂန္ဓာရုံအားဖြင့် နှမ်းကိုလှော်၍ ရှုကာမျှဖြင့် မျက်စေ့နာ ပြေပျောက်နိုင်ပါသည်။

မျက်စိထဲသို့ ရှားဆောင်းစေးဝင်သဖြင့် ပူလောင်ပြင်းပြ ရှိလျှင် ‘ကံ့ကူဆံ’ကို ရေမပါဘဲသွေး၍ အမှုန့်ကိုခပ်ပေးခြင်းဖြင့် ပျောက်နိုင်ပေသည်။

ဤသို့ ကုသရာတွင် ဓာတ်ကိုကြံဆရပါသည်။ ဓာတ်၏ မူလသဘာဝကို ကြိုတင်နားလည်ထားရန် လိုအပ်သည်။

ဤကုထုံး၌. . .

မျက်စိတွင် ‘စိ’ဟူသော အင်္ဂါနံ့(၃)ဂဏန်းကိုမှတ်ပြီး လျှင် ‘ကန့်ကူဆံ’၌ ‘ဆံ’ဟူသော အင်္ဂါနံ(၃)ကဏန်းကို ယူ၍ ဓာတ်တူ=နံတူပေးခြင်းပင်ဖြစ်သည်။

‘ကန့်ကူဆံ’ကို မခပ်ဘဲ ‘စိန်’ကိုခပ်လျှင် ဓာတ်တူနံတူ မဟုတ်ပါလော။ မခပ်နိုင်ပြီလောဟု မေးစရာရှိပေရာ စဉ်းစား စရာပင်ဖြစ်ပါသည်။

သို့ဖြစ်၍ ဓာတ်ကိုကြံဆရာ၌ မူလသဘာဝကို ကြိုတင် နားလည်ရန်လိုသည်ဟု သတိပေးခြင်းဖြစ်သည်။

ရှားစောင်းစေး၏ သဘာဝက ‘ပူ’သည်၍ ‘အပူ’ကြောင့် မျက်စိ၌ဝေဒနာခံစားရသည်ကို သဘာဝဓာတ်က ‘အေးမြ’သော ‘ကန့်ကူဆံ’ကို ကြံဆရသည်ဟု သိရှိရပါမည်။

ပုဂ္ဂလပညတ်ဓာတ်ပညာသည် ဓာတ်တို့၏ မူလသဘာ





ဝကို နားလည်သော ပုဂ္ဂိုလ်များနှင့်သာ ပိုမိုလျော်ကန်ပေသည်။

ဓာတ်တူနံတူတိုင်း၊ မိတ်ဖြစ်တိုင်း ပေးသင့်မပေးသင့် ချင့်ချိန်ရပါမည်။

မျက်စိကျိန်းခြင်း နာခြင်းဖြစ်လျှင် ဖြူဆွတ်လတ်ဆတ် သော အဝတ်အထည်၊ ပိတ်စသည်တို့ကို ထက်အောက်ဝန်းရံ၍ ခြင်ထောင်ကဲ့သို့ပတ်ကာ၍ ၎င်းအဖြူရောင်ကို တစိမ့်စိမ့်စိုက် ကြည့်စေပါက ရုတ်တရက်ပင် သက်သာရာရနိုင်ပေသည်။

ဤသည်မှာ ရွှေဆရာမြတ်တို့၏ ကုထုံးကုချက်ပင် ဖြစ် ပါသည်။

နားလေး၊ နားအူ စွဲကပ်ပါက မန်ကျည်းပင်မှ ဖြစ်ပေါ် သော မန်ကျည်း‘မှို’ကို အညက်ကြိတ်၍ အမှုန့်ပြုပြီး. . ‘ဆီ’နှင့် အနည်းငယ်ဖျော်ပြီး ကြွက်တောင်နှင့် ကြပ်ပေးပါက ပျောက် ကင်းနိုင်ပါသည်။

ဤကား ဓာတ်ရမ်းနှင့်စပ်၍ ယူအပ်သော ဂဗ္ဘေဓာတ်ကို ရွှေဆရာမြတ်တို့ ကြံဆထားခြင်းဖြစ်သည်။

‘နား’သည် စနေနံ(၇)ဂဏန်း၊ စနေမှ ရေတွက်လျှင် ‘နလ်ာ’သည် ဓာတ်ရန်းဖြစ်၍ ‘မန်ကျည်း’ကိုယူသည်။

‘မန်ကျည်း’မှ (၂)ဂဏန်းနှင့် ‘မှို’မှ (၅)ဂဏန်းကို တွဲစပ် သောအခါ (၂ + ၅) ‘ဂဗ္ဘေ’ဓာတ်ဖြစ်သည်။

အခြားတစ်နည်းမှာ ‘နှမ်းဆီ’စစ်စစ်ကိုသော်၎င်း ‘မြတ် [illegible]ပွင့်’မှ ယူအပ်သော ပန်းရည်ဆီကို၎င်း ‘ကြွက်တောင်’နှင့် [illegible]သဖြင့် လွတ်ကင်းသည်ဟု ဆရာတို့သုံးစွဲပေးကမ်းခြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သောမသား နားရောဂါဖြစ်လျှင် ဆိတ်၏ ဝမ်းတွင်းဆီနှင့် နားကြပ်ပေးပါက ပျောက်ကင်းနိုင်ပါသည်။

ပါပသား နားရောဂါဖြစ်လျှင် ဖားဆီကို နားကြပ်ပေးပါက ပျောက်ကင်းနိုင်ပါသည်။

အပမာတ်ဖြင့် ကုသနည်းသည်လည်း ရောဂါပျောက်ကင်းနိုင်ပါသည်။

'နား'ဟူသော စနေနံ၏ တြိရန်းဖြစ်သော တနင်္လာအခါတွင်၊ အခါနှင့် ဂဗ္ဘေမာတ်ဖြစ်သော 'မောင်း'ကို တီးပေးရပါမည်။

တီးခပ်သော မောင်းမရှိသော ဆန်ဖွတ်သော 'မောင်း' သံကို နားထောင်စေခြင်းဖြင့် နားရောဂါပြေပျောက်စေနိုင်ပါသည်။

နှာခေါင်းတွင် ဖွတ်သိုနာစွဲပါက မာတ်တူဆေးဖြစ်သော 'ငှက်ခါးတောင်'ကို ရှာယူပါ။ 'နှမ်း'ဆီကို ကျက်စွာချက်၍ ငှက်ခါးတောင်ကို မီးမြိုက်လျက် ဆီချက်တွင်နှစ်၍ အငွေ့ကို ရှူစေရပါမည်။ ထိုအငွေ့ကို တစ်ကြိမ်မျှ ရှူမိရုံမျှနှင့် ဖွတ်သိုနာပပျောက်နိုင်သည်ဟု ရှေးမှတ်တမ်း ပြုစုထားပါသည်။

မူလဆေးအားဖြင့် စိန်နီ၊ ကွမ်းရိုး၊ သံပရာစေ့၊ မပေါ်ထုံးဟူသော (၄)ပါးကိုအမျှ အမှုန့်ပြု၍ မို့စေ့(လဲစေ့)ခန့်လုံး၍ တစ်နေ့လျှင် တစ်လုံးမျှပေးရပါသည်။

(၇)ရက်လည်လျှင် ဝမ်းနှုတ်ရမည်။ ဝမ်းနှုတ်ဆေးသည်





ပူသက်စေသော ဆေးဖြစ်ရပါမည်။

သွားနာခြင်း၊ သွားကိုက်ခြင်း၊ ရောဂါစွဲကပ်သူ၌ အပမာတ်(သာမန်အားဖြင့်) 'မိုးကြိုးခဲ'ကို ငုံကာမျှဖြင့် ပျောက်နိုင်ပေသည်။

မူလဆေးအားဖြင့် ပြုပ်ကောင်း၊ လင်းနေ၊ ချိုးသီးတို့ကို အမျှစီစု၍ ပွတ်သိပ်ပေးပါက ပျောက်နိုင်ပါသည်ဟု ရှေးဆရာတို့က အမှာစကားထားခဲ့ပေသည်။

တစ်နည်းမှာ ကွက္ကရာ၊ ဇာသီး၊ ဇာပွင့် တစ်ပဲစီ၊ လေးညှင်းတစ်မူး၊ ၄င်း(၄)ပါးကို အမှုန့်ပြု၍သိပ်ပေးပါက ရောဂါပျောက်ပါသည်။

လေရောဂါကို ကုသသည့် မူလဆေးမှာ စမုံနက်၊ လက်ဖက်ခြောက်၊ ကြက်သွန်ဖြူ ဆား၊ မန်ကျည်းသီးမှည့် စသည့်ဆေးငါးပါးအမျှကို အမှုန့်ပြု၍ လူနာကိုလျက်စေ၊ စားစေရပါသည်။ ထိုဆေးဖြင့် ရောဂါသည် ရုတ်ချည်းပျောက်စေနိုင်ပါသည်။

တစ်နည်းအားဖြင့် ဇာသီး၊ လေးညှင်းပွင့်၊ ရှိန်းခို တို့ကို (၄)ပဲစီနှင့် လင်းနေ(၁၂)ပဲ၊ ကြက်သွန်ဖြူ (၁)ကျပ်(၈)ပဲ၊ စမုံနက် (၁)ကျပ်တို့ကို စု၍ကြိတ်ပါ။

ထိုဆေးကို တစ်ခါစားလျှင် (၂)ပဲသားမှ (၄)ပဲသားအထိ ရောဂါ၏ အင်အားကို ချိန်ဆပြီးလျက်စေ၊ စားစေရပါမည်။

အဆိုပါဆေးသည် လေပုတ်၊ လေပူ၊ လေတကျင်၊ လေဆို့ စသောအားဖြင့် လေမျိုးရှစ်ဆယ်ကို နိုင်နင်းပါသည်။

ပန်းနာရောဂါဖြစ်ပါက တရုတ်စကားမြစ်ကို လက်လေး



www.burmeseclassic.com

www.burmeseclassic.com



သစ်ခန့်ဖြတ်ပြီးလျှင် အတိုင်ကို အပေါက်ဖောက်၍ ဆားသွတ်ကာ မီးဖုတ်ပါ။ ထိုအမြစ်မှုန့်ကို လျက်ပေးပါက ပန်နာရောဂါ ပျောက်ကင်းနိုင်ပါသည်။

တစ်နည်းမှာ ကြက်နက်မချေးကို ဆားနှင့် အလေးတူ၍ မီးဖုတ်ပြီးလျက်ပါက ပန်းနာရောဂါ ပျောက်ကင်းနိုင်ပါသည်။

ဆီးရောဂါအတွက် ကုထုံးများလည်း ရှိပါသည်။

ဆီးချုပ်သဖြင့် မရပ်မတည် နိုင်သူကို မူလဆေးအားဖြင့် ကျောက်ဖရုံအူ၊ ရွှေဖရုံအူ၊ ကောက်ရိုး၊ ကျွန်းသားပေါက်၊ ထန်းလျက်ဟူသော ဆေး(၅)ပါးကို (၅)ကျပ်သားစီ၊ (၃)ခွက် (၁)ခွက်တင်ကျို၍ တစ်ကြိမ်တိုက်လျှင် (၂)အောင်စတိုက်ရပါမည်။

ဆေးကျိုရာတွင် ရေတစ်ပိဿာငါးဆယ်သားနှင့် ကျိုရပါမည်။

လိပ်ကျောက်ဆူး၊ အာလိုကျူမြစ်ဟူသော ဆေးနှစ်ပါးကို ဆန်ဆေးရည်နှင့်သွေး၍ တိုက်ပါက ဆီးချုပ်ရောဂါ ကင်းပျောက်သည်ဟု ရှေးဆရာတို့ လက်သုံးပြုကြောင်း အဆိုရှိပေသည်။

ဆီးကျောက်တည်သည့် ရောဂါအတွက် အုန်းသီးကို မျက်နှာဝဖွင့်၍ ယမ်းစိမ်းတစ်မူး ချိန်၍ထည့်ပြီး အုန်းသီးမျက်နှာဝကို ပိတ်မြဲပိတ်ထားပါ။ (၃)ရက်လည်သောအခါ ၎င်းအုန်းရည်ကို တစ်ကြိမ်တည်း သောက်စေရမည်။

ဆေးနည်းတစ်နည်းမှာ အထက်တွင် ဆိုခဲ့ပြီးသည့်အတိုင်း အုန်းသီးကို မျက်နှာဝဖွင့်၍ မဖောက်ထုံး တစ်မူးသားထည့်၍ သောက်ပါက ဆီးကျောက်တည်ရောဂါ ပျောက်ပါသည်။





'ဆီးရောဂါ'၌ 'ဆီး'သည် အင်္ဂါနံ၊ (အုန်းသီး+ယမ်းစိမ်း) (၁+၈)=အရိုင်းဖြစ်သည်ကို တွေ့ရပါမည်။

မူလသဘာဝအားဖြင့် ဆီးကိုကောင်းစေတတ်သော သတ္တိတို့ကိုလည်း သတိပြုရသည်။

လိင်ဝင်သောရောဂါကို ကုသနည်းမှာ အိမ်ချော်ရင်း (ချောနီပင်)ကို သုံးထုပ်ထုပ်၍ ပေါင်းခံပြီးလျှင်. . ဆီးစပ်တွင် နွေးနွေးထိုးပေးရ၏။ တစ်ထုပ်ပြီးလျှင် တစ်ထုပ်လှည့်လည်၍ ထိုးပေးရပါမည်။ ဤသို့ လိင်ဝင်ရောဂါ ပျောက်ကင်းနိုင်ပါသည်။

လိင်ရောင်သောရောဂါ ဖြစ်ပါက ဆီးဖြူမြစ် (ဇီးဖြူမြစ်)ကို သွေး၍ မကြာမကြာ လိမ်းပေးပါလျှင် အလျှင်အမြန် ပျောက်ကင်းနိုင်ပါသည်။

တစ်နည်းအားဖြင့် လိင်ဝင်ခြင်း၊ အင်္ဂါရောင်ခြင်း၊ တွန့်ဝင်ခြင်း စသည့် ရောဂါများဖြစ်ပါက 'ဂန့်ဂေါ်မြစ်' 'ကြက်တက်မြစ်' တို့ကို သံပရာရည်နှင့် တစ်လှည့်စီသွေး၍ လိမ်းပေးပါလျှင် ရောဂါပျောက်ကင်းနိုင်ပါသည်။

"လူဖြစ်ဖြစ် တိရိစ္ဆာန်ပဲဖြစ်ဖြစ်၊ ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းပြီး အသက်ရှင်နေကြတာပဲ. . ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါး ရှိနေသမျှတော့ ဓာတ်တည့်ရင် အသက်ရှည်ပြီး၊ ဓာတ်မတည့်ရင်တော့ အသက်အန္တရာယ် ဖြစ်စေနိုင်တာပေါ့ကွာ. . "

ဟု. . ဦးနေဒွန်းက စိတ်ရှည်လက်ရှည် ပြောပြနေပေသည်။ နီမောင်အတွက် ဦးနေဒွန်းထံမှာ တပည့်ခံပြီး အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေသော အချိန်ကာလတလျှောက်တွင် မိကျောင်းဖမ်းသော ပညာများအပြင် အခြားဗဟုသုတများလည်း အများကြီးရရှိခဲ့ေ သည်။







# အခန်း(၄)

# မိုးမခညီနောင်မှ ငါးဝယ်သူ

ကျေးလက်တောရွာများ မှာနေကြသူများမှာ နေ့စဉ်ဝင်ငွေ မရှိကြပေ။ လယ်အလုပ်လုပ်သူများလည်း တစ်နှစ်လုံးမှ တစ်ကြိမ်သာ ငွေပေါ်သည်. . ။

ခြံစိုက်ပျိုးကြသူများလည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။ စိုက်ပျိုးထားသောခြံမှ အသီးအနှံများထွက်မှ ငွေမြင်ကြရသည်။

ထိုအတူ သစ်တောထဲမှာ အလုပ်လုပ်ကြသူများမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်လမှ တစ်ခါလောက်သာ ငွေရကြသည်။

တစ်နှစ်လုံး ခြုံကြည့်လိုက်လျှင်. . ငွေရသည့် အကြိမ်က တစ်ကြိမ်နှစ်ကြိမ်လောက်သာရှိပြီး ကျန်တဲ့ရက်များက ငွေမရကြပေ. . . ။

ရသည့်ငွေကလည်း ငွေမဝင်သောအချိန်များတွင် အခြားသူများထံမှ ယူငင်ပြီး စားသောက်ထားရသော စားကြွေးသောက်ကြွေးများကို ထိုးဆပ်ရသောကြောင့် ကုန်သွားတတ်လေသည်။

ထိုသို့ကုန်သွားသောအခါ နောက်ထပ်တဖန် ကြွေးယူကြရပြန်သည်။ ငွေရတော့ ပြန်ဆပ်၊ ငွေမဝင်တော့ ကြွေးထပ်ယူနှင့် ကြွေးသံသရာက မလွတ်ကြရတော့ပေ။

မြို့မှာနေကြသော ဈေးရောင်းဈေးဝယ် လက်လုပ်လက်စားများက နေ့စဉ်ငွေမြင်ရသည်။

သို့ကြောင့် အလျှင်မမီသော်လည်း ဖန်တီးယူ၍ ရကြလေသည်။ တောမှာနေသူများမှာ နေ့စဉ်ဝင်ငွေရရှိရန် မလွယ်ကူကြပေ။ သို့ကြောင့် ပင်မလုပ်နေသောအလုပ်အပြင် အခြားကြားပေါက်အလုပ်များ ရှာဖွေလုပ်ကိုင်ပြီး အသက်ဆက်ကြရသည်။

နီမောင်တို့လုပ်သော မိကျောင်းဖမ်းသော အလုပ်မှာလည်း နေ့စဉ်ဝင်ငွေရသော အလုပ်မျိုးတော့မဟုတ်ပေ။

မိကျောင်းတစ်ကောင်ရဖို့ အသက်နှင့်ရင်းပြီး ကြိုးစားကြရလေသည်။





သို့သော် မိကျောင်းဖမ်းကိုယ်စားလှယ်ထံ သွားရောက်သွင်းသောအခါ ရသည့်ငွေကြေးက မပြောပလောက်ပေ။

မိကျောင်းတစ်ကောင် သွင်းလိုက်သောအခါ တစ်နှစ်စာ စားလောက်ရုံမဆိုထားနှင့် တစ်လစာပင် စားသောက်အောင်မရကြပေ။

လှေဦးစိုလျှင်ဝမ်းစို၊ လှေဦးရေခြောက်လျှင်ဝမ်းခြောက်ဆိုသော စကားအတိုင်း၊ အလုပ်ဆင်း၍ မိကျောင်းဖမ်းဆီးရလျှင် ငွေရပြီး အလုပ်မဆင်းနိုင်၍ မိကျောင်းမရလျှင် ငွေမရကြပေ. . . ။

ထိုအခါ. . အခြားလုပ်ငန်းများ လုပ်ကိုင်ပြီး ဝမ်းစာရှာကြရလေသည်။

နီမောင်ဆီမှ လှေတစ်စင်းနှင့် ချောင်းပိတ်သော ပိုက်တစ်စုံရှိသည်။ ထိုလှေနှင့်ပိုက်ကို မိကျောင်းဖမ်း၍ရသော ငွေများစုပြီး ဝယ်ထားခြင်းဖြစ်သည်။

မိကျောင်းဖမ်းထွက်လျှင် လိုက်သွားပြီး၊ ထိုအလုပ်မရှိပါက ထိုအနီးတစ်ဝိုက်မှာရှိသော ချောင်းများသို့ လှည့်ပြီးချောင်းပိတ်လေသည်။

တစ်ခါတစ်ရံ စောထီးနှင့်ငမဲအောင်တို့ပါ အတူခေါ်သွားပြီး ရလာသော ငါးပုစွန်များကို အတူခွဲယူသည်။ သူတို့နှစ်ယောက်က အခြားအလုပ်ရှိနေလျှင်တော့ တစ်ယောက်တည်းသွားလေ့ရှိသည်။

၎င်းတို့ချောင်းပိတ်သော ချောင်းများမှာ လူမရှိသော



www.burmeseclassic.com

www.burmeseclassic.com



တောချောင်းများက ပိုကောင်းသည်။

လူနေသော ချောင်းများမှာ ငါးပုစွန်အရနည်းပြီး၊ လူမရှိသော တောချောင်းများမှာ ငါးပုစွန်ပိုပြီး အရများသည်။ ယခုသည်း စောထီးနှင့်ငမဲအောင်တို့နှစ်ယောက် အခြားအလုပ်တစ်ခုရှိနေကြသဖြင့် နီမောင်တစ်ယောက်တည်း လှေတစ်စင်းနှင့် ချောင်းဝထွက်လာလေသည်။

လှေမှာ(၁၄)တောင်ခန့်ရှိပြီး နောက်ဘက်မှ ခတ်တက်နှစ်ချောင်းဖြင့် ခတ်ရသော လှေအမျိုးအစားဖြစ်သည်။ လှေဝမ်းထဲမှာ ပိုက်၊ ကြိုးခွေ၊ တိုင်များနှင့်ဓား၊ လှံမြှိန်း၊ မီးအုပ်ဆောင်းတို့ ပါဝင်သည်။

လှေဦးပိုင်းမှာတော့ ငါးပုစွန်ထည့်ရန် ပလိုင်းနှင့်ခြင်းတောင်းအချို့ ပါသည်။

သောက်ရေအိုး၊ လက်ဖက်ရည်အိုးနှင့် အမေထည့်ပေးလိုက်သော ထမင်းဟင်းအိုးများက နောက်ဖက်မှာထားသည်။ သူထွက်လာတော့ ညနေစောင်းအချိန် ရောက်နေပြီး၊ နေဝင်သွားပြီဖြစ်သောကြောင့် မဟာမြိုင် ချောင်းထဲမှာ မှောင်စပျိုးနေလေပြီ. . .။

ကမ်းစုံဘေး တစ်ဖက်တစ်ချက်မှာ. . လမုပင်များနှင့် ဓနိတောများက ချောင်းထဲသို့ ကိုင်းကျနေသောကြောင့် ပိုမှောင်နေလေသည်။

တကယ်ဆိုရလျှင် နီမောင်မှာ ထိုဒေသနှင့် ပတ်သက်သောအကြောင်းများကို နှံ့နှံ့စပ်စပ်သိသူတော့ မဟုတ်သေးပေ။





စောထီး၊ ငမဲအောင်နှင့် အခြားသူများပြောသော အကြောင်းများလောက်သာ သိရလေသည်။

ထိုနယ်ဒေသတစ်ဝိုက်တွင် လူပြောသူပြောများသော နေရာအချို့ရှိသည်။

ထိုနေရာများမှာ မဟာမြိုင်ရွာနှင့် ပတ်ဝန်းကျင်နေရာများမှာပင် ရှိနေသော နေရာများဖြစ်ကြသည်။

ထိုနေရာများထဲမှ မိုးမခပင် ညီနောင်ရှိသောနေရာ လက်ပံပင်တမံကုန်း၊ နေသူရိန်ကုန်းတန်း စသောအမည်များကိုတော့ မကြာခဏ ကြားဖူးနေသောကြောင့် စိတ်ထဲမှာမှတ်မိနေသည်။

"ပရလောကသားတွေကတော့ နေရာအနှံ့မှာ ရှိနေကြမှာပဲ၊ ဒီလိုလူသူမနီးတဲ့ နေရာမျိုးတွေမှာတော့ ပိုပြီးတွေ့ရတတ်တာပဲ. .၊ ဒါထက်. . ချောင်းဝဘက်မှာရှိတဲ့ မိုးမခညီနောင်ကတော့ အတော်ကလေးနာမည်ကြီးတယ်၊ ရွာကလူတွေလည်း အတော်ကြောက်ကြတယ်၊ ဘာတွေရှိလို့များ ဒီလောက်ကြောက်နေကြတာလည်း မသိဘူး"

ဟုတွေးတောရင်း လှေကိုခတ်ထွက်လာရာ ချောင်းဝပိုင်းသို့ ရောက်လာလေသည်။

မှောင်ရီသမ်းစအချိန် ရောက်နေသော်လည်း ချောင်းကမ်းတစ်ဖက်တစ်ချက်မှာ ထီးထီးကြီး ပေါက်နေကြသော မိုးမခပင်ကြီးနှစ်ပင်ကိုတော့ အတော်ဝေးဝေးမှပင် လှမ်းမြင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းအရှေ့ဘက်မှာတစ်ပင်၊ အနောက်ဘက်မှာတစ်ပင်ရှိနေသော မိုးမခပင်နှစ်ပင်မှာ သက်တမ်းကြာမြင့်လှပြီဖြစ်သောကြောင့် . . မှိုင်းမှိုင်းညို့ညို့နှင့် ရှိနေကြသည်။ ထိုနေရာရောက်တော့ လှေအရှိန်ကို လျှော့ချလိုက်ပြီး သစ်ပင်ကြီးနှစ်ပင်ကို ကြည့်နေခဲ့သည်။

"ရှေးနှစ်ပေါင်းများစွာကတည်းက ရှိနေတာဆိုတော့လည်း ဒီအပင်တွေမှာ မှီခိုနေတဲ့ အစောင့်တွေတော့ ရှိမှာအမှန်ပဲ. ."

ထိုသို့တွေးရင်း . . လှေခတ်လာရာ တစ်နေရာရောက်တော့ ကမ်းစပ်မှာရပ်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရလေသည်။

အသက်နှစ်ဆယ်ကျော်ခန့်ရှိပြီး ရှည်လျားသောဆံပင်ကို တစ်ပတ်လျှိုထုံးချထားသည်။

ရင်စေ့အင်္ကျီနှင့် ထမိကြမ်းတစ်ထည် ဝတ်ထားပြီး၊ သူလှေလာတာမြင်တော့ လက်ပြတားသဖြင့် ထိုနေရာသို့ လှေဦးထိုးကာ ရပ်ပေးလိုက်သည်။

"ငါးပုစွန်ရောင်းဖို့ပါရင် နည်းနည်းလောက် ရောင်းခဲ့ပါလားရှင်"

ဟု . . ချိုသာသောအသံဖြင့် လှမ်းပြောသည်။

"ကျွန်တော်ကအခုမှ ငါးဖမ်းသွားမှာဗျ. ."

"ဒါဖြင့် ရှင်ဘယ်အချိန်ပြန်လာမှာလဲ"

"မိုးမလင်းခင်တော့ ပြန်လာမှာပါ"





"ရှင်ပြန်လာလို့ ငါးပုစွန်ရလာရင် ရောင်းပေးခဲ့ပါလား"

"ရပါတယ် . . ဒါထက်ကျွန်တော်က အချိန်မတော်ကြီးပြန်လာမှာဆိုတော့ မနက်လင်းမှလာပို့ပေးရင်ကော ရမလား"

"တကူးတကတော့ လာပို့မနေပါနဲ့တော့ . . ဒီနေရာရောက်ရင်သာ တစ်ချက်လောက်အသံပြုလိုက်ပါ၊ ကျွန်မနာမည်မြသင်းကြူလို့ခေါ်ပါတယ် . ."

"ကောင်းပါပြီဗျာ"

ထိုသို့ပြောပြီးနောက် လှေကို ပြန်ခွာထွက်နေစဉ် ထိုအမျိုးသမီးက ထပ်ပြောသည်။

"တကယ်လို့ . . တခြားသူတွေက အတင်းလာဝယ်ရင်လည်း မိုးမခညီနောင်က ဝယ်ပြီးပြီလို့သာ ပြောပေးပါ"

ဟုပြောပြီး ကမ်းပေါ်သို့ ပြန်တတ်သွားလေသည်။

နီမောင်လည်း . . ထိုနေရာမှ လှေပြန်ခွာထွက်ခဲ့လေသည်။

"ဒီရွာထိပ်ပိုင်းမှာလည်း နေတဲ့လူတွေ ရှိကြတာပဲလား"

ဟုတွေးတောပြီး . . မမှောင်ခင် မိမိချောင်းပိတ်မည့်ချောင်းရှိရာဘက်သို့ ခတ်လာခဲ့သည်။

ယခုကဲ့သို့မှောင်စပျိုးသော အချိန်မျိုးတွင် ဖောင်ဝင်မြစ်တစ်ကြောမှာ လှေသွားလှေလာ ရှင်းနေလေသည်။

ချောင်းပိတ်မည့်ချောင်းမှာ ဗျူးခြေထောက်ချောင်းဖြစ်ပြီး မဟာမြိုင်ချောင်း အောက်ဘက်နားတွင် ရှိလေသည်။ ရေကျချိန်ဖြစ်သောကြောင့် ကမ်းခြေတလျှောက်မှာ လှုပ်တောများ၊



www.burmeseclassic.com

www.burmeseclassic.com



ဖျူးတောများနှင့် လတာပြင်တန်းများကို တမျှော်တခေါ်မြင်ရသည်။

တောင်ဘက်ကမ်းမှာတော့ မိန်းမလှကျွန်းကြီးရှိပြီး သစ်တောကြီးများက မှိုင်းညို့နေသည်။

ရေငံပိုင် ဦးရှင်ကြီး နတ်ဇာတ်လမ်း ဖြစ်ပေါ်ခဲ့သောအထိကရ ကျွန်းကြီးဖြစ်သောကြောင့် လှမ်းကြည့်ရုံနှင့်ပင် စိတ်ထဲမှာလွမ်းသလိုလို ခံစားမိလေသည်။

မကြာမီ ဖျူးခြေထောက်ချောင်းသို့ ရောက်လာလေသည်။ ချောင်းမှာ ချောင်ကျဉ်း ဖြစ်သည်။

ရေစစ်ချိန်တွင် လှေတစ်စင်းဝင်ရုံသာ ရှိသည်။

ကမ်းဘေးတစ်ဖက်တချက်မှာသော့ ဖျူးခြေထောက်ပင်များက အပြိုင်းအရိုင်း ရှိနေကြသည်။

ဖျူးပိုင်းထောင့်၊ ဖျူးခုတစ်လုံး၊ ဖျူးခြေထောက်ပင် ဟူပြီး အမျိုးအစားကွဲပြားသော်လည်း မြစ်ကမ်း၊ ချောင်းကမ်းစပ်နံဘေးမှာတော့ ဖျူးခြေထောက်ပင်များကသာ နေရာယူထားကြသည်။

ဖျူးခြေထောက်ပင်ဆိုသော နာမည်နှင့် လိုက်အောင်ပင် လဟာပြင်ပေါ်မှာ ခြေထောက်ကိုင်းများက ကုတ်တွယ်ထားပြီး အပေါ်ပိုင်းမှာ အပင်ပေါက်ခြင်းဖြစ်သည်။

ခြေထောက်ကိုင်းများမှာ ခြေထောက်၊ လက်မောင်းအရွယ်ခန့် အရွယ်အစား အမျိုးမျိုးရှိပြီး သစ်ပင်တစ်ပင်လျှင် ဖျူးခြေထောက် အမြစ်ပေါင်း (၅၀)ခန့်ရှိလေသည်။





ဖျူးခြေထောက်ပင်နှင့် ပတ်သတ်ပြီး ပါးစပ်ရာဇဝင်တစ်ခုလည်း ရှိလေသည်။

ယခင်က ဖျူးပင်နှင့် ကနစိုပင်တို့မှာ ရေချိုအရပ်မှာပေါက်ရောက်ကြပြီး ကနစိုသစ်နှင့် ကျွန်းသစ်တို့ တာရှည်ခံနိုင်မှုပြိုင်ကြရာ ကနစိုသစ်ပင်က ရှုံးသဖြင့် . ကျွန်းသစ်မပေါက်နိုင်သော ရေငံအရပ်သို့ ထွက်ပြေးရလေသည်။

သူနှင့်အတူ ဖျူးခြေထောက်ပင်ကိုပါ ခေါ်သွားသည်။ ရေငံအရပ်ရောက်တော့ ကနစိုပင်က အတွင်းထဲမှာ ဝင်နေပြီး ဖျူးခြေထောက်ပင်ကို ကမ်းစပ်မှာ အစောင့်ချထားသည်။

ဖျူးခြေထောက်ပင်များနောက်မှာ ဆူးများသော သင်ပေါင်းတောများက နေရာယူကြသည်။ ပြီးမှ ကနစိုပင်က ကျွန်းအလယ်လောက်တွင် ဝင်ရောက်နေလေသည်။

အထက်အရပ်များမှာတော့ ကျွန်းသစ်သည် တန်ဖိုးအရှိဆုံးသစ်ပင်ဖြစ်ပြီး ဒီရေတက်ရာ ရေငံအရပ်မှာတော့ ကနစိုသစ်သည် အမာဆုံးနှင့် လူသုံးအများဆုံး သစ်ပင်ဖြစ်လေသည်။

သို့ကြောင့် ကနစိုသစ်တောများ ရှိသောနေရာ၏ ကမ်းခြေဘက်တွင် သင်ပေါင်းပင် ဆူးတောများ၊ ဖျူးခြေထောက်ပင်များ ရှိနေကြခြင်းဖြစ်သည်။

အထက်ပိုင်းမှ ကျွန်းသစ်များ အောက်အရပ်သို့ လာလေမည်လားဟု ကမ်းစပ်မှစောင့်နေရသော ဖျူးခြေထောက်ပင်များမှာ တဖြည်းဖြည်းနှင့် ခြေထောက်များ ရှည်ထွက်လာခြင်းဖြစ်သည်ဟုလည်း အရပ်စကားများ ရှိခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု နီမောင်ရောက်သွားသော ချောင်းမှာ ဖျူးခြေထောက်ပင်များစွာ ရှိသောကြောင့် ဖျူးခြေထောက်ချောင်းဟု ပင် ခေါ်ဝေါ်ကြသည်။

သူရောက်သွားသောအချိန်မှာ ရေစစ်ချိန် (ရေကျချိန်) ဖြစ်သောကြောင့် ချောင်းထဲသို့ လှေတစ်စင်းဝင်ရုံပင် ရှိတော့သည်။

သူသည် အမှောင်ရိပ်သမ်း နေပြီဖြစ်သော ချောင်းထဲသို့ ဝင်သွားပြီး ချောင်းပိတ်သည့်နေရာရောက်တော့ လှေကို ရပ်လိုက်သည်။

ဦးစွာ အမေထည့်ပေးလိုက်သော ထမင်းနှင့်ဟင်းကို ပန်းကန်နှစ်ချပ်မှာထည့်ပြီး အဘိုးနတ်တစ်ပွဲ ချောင်းစောင့်နတ် တစ်ပွဲ တင်မြှောက်လိုက်သည်။

ထိုသို့တင်မြှောက်ပသပြီးမှ လက်နားတိုင်များစိုက်ခြင်း၊ ပိုက်ချပြီး. . ပိုက်ကိုတော့ နွံအောက်သို့ မြုတ်နိုင်လေသမျှ မြှုပ်ထားရသည်။

အကယ်၍ ပိုက်ပေါ်နေပါက ရေတက်နှင့်ဝင်လာသော ငါးများက မဝင်တော့ဘဲ ပြန်ထွက်သွားတတ်သောကြောင့် ဂရုစိုက်ရသည်။

အားလုံးပြီးသောအခါမှ လှေပေါ်ပြန်တက်ကာ ရေစိုနေသော အဝတ်များလဲပြီး ထမင်းစားသည်။

တောထဲမှ မိုးချုပ်နေဝင် ထမင်းစားသည့်အခါမှာလည်း အတော်သတိထားရသည်။





တောထဲမှာရှိနေသော နာနာဘာဝများက လာတောင်းသည့် အခါ ပေးတန်ပေးရသည်။ ကျွေးတန်ကျွေးရသည်။

လှေတစ်စင်းနှင့် တစ်ရေတက် တစ်ရေကျ တစ်ညလုံး တစ်ယောက်တည်း နေရမည်ဖြစ်ရာ သူတို့ကိုကြောက်လန့်နေ၍ မဖြစ်ပေ. . .။

သူထမင်းစားနေစဉ် ကမ်းစပ်မှ တောတိုးဆင်းလာသောအသံကို ကြားရသဖြင့် လှမ်းကြည့်လိုက်သည်။

ရေစပ်သို့ကိုင်းကျနေသော ဖျူးကိုင်းပေါ်မှာ မည်းမည်း သဏ္ဍာန်တစ်ကောင် ငုတ်တုတ်ထိုင်နေသည်ကို မသဲမကွဲ မြင်ရသည်။ မှောင်နေသောကြောင့် အကောင်အထည်ကို ကောင်းစွာမမြင်ရသော်လည်း ပြူးကျယ်လှသော မျက်လုံးနှစ်လုံးကို တော့ ကောင်းစွာမြင်နေရသည်။

နီမောင်မှာ သရဲတစ္ဆေ ကြောက်တတ်သူမဟုတ်ပေ။ ထိုကဲ့သို့ သစ်ပင်ပေါ် လာထိုင်နေသည်ကိုပင် ကြောင်တစ်ကောင် အစာလာတောင်းနေသကဲ့သို့ စိတ်ထဲမှ သဘောထားလိုက်သည်။

"မင်းစားချင်လို့လား"

ထိုသို့မေးတော့ ခေါင်းညိတ်ပြသည်။

"ဒီအတိုင်းတော့ မရဘူး၊ ညရောက်လို့ အနှောင့်အယှက် တွေလာရင် ကာကွယ်ပေးမယ်ဆိုင်ရင် ကျွေးမယ်"

ခေါင်းညိတ်ပြသည်။

နီမောင်က ထမင်းနှင့် ဟင်းအချို့ကို ဖက်နှင့်ထုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပေးတော့ သစ်ပင်ပေါ်မှ ပိန်ပိန်ရှည်ရှည်နှင့် လက်တစ်ဖက် ထွက်လာပြီး ယူသွားသည်။

အပေါ်နှင့် အောက်မှာ (၁၂)ပေခန့် မြင့်လေရာ၊ သူ့ လက်တံကလည်း ထိုလောက်ပင် ရှည်ထွက်လာလေသည်။

ထမင်းထုပ်ကိုယူသွားပြီးနောက် သစ်ကိုင်းပေါ်မှာပင် အေးအေးဆေးဆေး ထိုင်စားနေသည်။

"ငါအိပ်တော့မယ်ဟေ့. . ရေပြည့်ကာနီးရင် တကယ် လို့ ငါအိပ်ပျော်နေရင် နှိုးပေတော့. . "

ဟုပြောပြီး ပွဲပိုင်းမှာ တစ်ရေးအိပ်လေသည်။ ခဏကြာ တော့ ရေတက်ဘုတ်ငှက်အီသံများ ကြားရပြီး ချောင်းထဲသို့ ဒီရေ ပြန်တက်လာသည်။

သူ့အတွက်ကတော့ ရေမပြည့်မချင်း (၆)နာရီခန့် အိပ် ချိန်ရသည်။ နီမောင်က အိပ်ကာနီး သူရသော ဘုရားစာ၊ တရား စာအချို့ကို ရွတ်လိုက်သေးသည်။

အိပ်ကာနီး သစ်ပင်ပေါ် လှမ်းကြည့်တော့ မည်းမည်း သဏ္ဌာန်က ဗျူးကိုင်းပေါ်မှာပင် ရှိနေသေးသည်။

"အင်း. . ပရလောကရောက်နေတဲ့ ဘဝတွေလည်း သ နားစရာပါပဲ၊ လူတွေနဲ့ ကြုံကြိုက်လို့ ကျွေးမွေးမှ စားကြရတယ်၊ ဒီလိုမတွေ့မချင်း မစားမသောက်ရ ဘဝနဲ့ ဘယ်လောက်ကြာ အောင် နေကြရသလဲမသိဘူး"

ဟု စိတ်မကောင်းစွာဖြင့် တွေးလိုက်သေးသည်။

ထိုနောက်မှာတော့ အိပ်ပျော်သွားလေတော့သည်။





အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိပေ၊ နားထဲ မှာ အသံတစ်သံ ကြားရတော့မှ ပြန်နိုးလာသည်။

"ထတော့. . ထတော့ ရေပြည့်ပြီ"

သူပြန်နိုးလာတော့ ရေပြည့်နေပြီ။ ချောင်းရေစီးပင် တုံ့ ဝပြုနေပြီ။ ရေပြည့်ချိန်အော်သော ဘုတ်ငှက်များကလည်း တအီ အီနှင့် အော်နေကြချေပြီ။

အိပ်ပျော်ရာမှ နိုးလာလာချင်း သစ်ကိုင်းပေါ်လှမ်းကြည့် လိုက်တော့ ညဦးပိုင်းကတည်းကရောက်နေသော မည်းမည်း သဏ္ဌာန်က ရှိနေသေးသည်။

တစ်စုံတစ်ယောက်က လာပုတ်နိုးသဖြင့် နိုးလာခြင်းဖြစ် ရာ ထိုသတ္တဝါပင် နှိုးလိုက်လေသလား မသိတော့ပေ။ သို့သော် လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ရေအောက်သို့ နှစ်ထားသောပိုက်ကိုဖော်ခြင်း၊ စိုက်ထားသောတိုင်များမှာ ခိုင် အောင်ချည်ခြင်းများ ပြုလုပ်လေသည်။

မရှေးမနှောင်းမှာပင် ရေကျလေပြီ။ ရေတက်ရေစီးနှင့် ဝင်သွားသော သစ်တုံးသစ်ရွက်များနှင့် အမှိုက်များကပြန်ထွက် လာလေရာ ပိုက်နှင့်မညီအောင် ဖယ်ထုတ်ပစ်ရသည်။

ထိုအခါမျိုးမှာ မိကျောင်းများဝင်သွားလျှင်လည်း ပြန် ဆင်းလာတတ်ရာ များစွာသတိပြုရသည်။

မိကျောင်းက ပိုက်ပိတ်ထားတာတွေ့သည်နှင့် လက်ဖြင့် ခွဲပြီးထွက်တတ်သည်။

လှေပေါ်မှလူကို ပြေးကိုက်ခြင်း၊ အမြီးနှင့်ရိုက်ချခြင်း



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် အန္တရာယ်ပေးတတ်လေသည်။

ထို့ကြောင့် ရေကျချိန်လှေပေါ်မှစောင့်နေသူမှာ များစွာသတိထားရလေသည်။

မိကျောင်းကဲ့သို့ပင် ပိုက်ကိုအန္တရာယ်ပေးတတ်သော ငါးကြီးတစ်မျိုးလည်း ရှိပေသေးသည်။ ကပ်သပေါင်း ငါးကြီးမျိုးပင်ဖြစ်သည်။

၎င်းတို့၏ ပါးစပ်နေရာတွင် အသွားထက်လှသော ဓားသွားကဲ့သို့ ပါးဟက်များပါလေရာ ထိုပါးဟက်ဖြင့် ပိုက်သားကို ခွဲထွက်သွားတတ်ကြသည်။

ယခုညမှာတော့ ထိုအနှောင့်အယှက်များ မတွေ့ရသဖြင့် ကံကောင်းသည်ဟု ဆိုရပေမည်။

သန်းခေါင်ယံအချိန်ကျော်တော့ ချောင်းထဲမှာရေက သုံးပုံတစ်ပုံလောက်သာ ကျန်တော့သည်။

ပိုက်ခြေနှင့် မနီးမဝေးမှာ ငါးမျိုးစုံနှင့် ပုစွန်ထုပ်ကြီးများ ဂဏန်းများကိုပင် မြင်နေရပြီ။ ထိုအချိန်ရောက်မှ ကမ်းပေါ်မှာ ငါးဖမ်းစားရန် ဆင်းလာသော ပရလောကသားတစ်ကောင်ကို လှမ်းမြင်ရလေသည်။

ဒါမျိုးကလည်း မကြာခဏကြုံတွေ့ရသော အဖြစ်အပျက်မျိုး ဖြစ်လေသည်။

ထိုအခိုက်မှာပင် ညဦးပိုင်းကတည်းက ဖျူးကိုင်းပေါ်မှာ ရောက်နေသော ပရလောကသားက ပြေးဆင်းသွားပြီး တိုက်ခိုက်လေရာ နောက်မှရောက်လာသောသရဲမှာ အပေါ်ပြန်တက်





ပြေးသွားရလေသည်။

"သူ့ဟာနဲ့သူကျတော့လည်း တယ်ဟန်ပါလား"

နီမောင်ကလှေပေါ်မှ အခြေအနေကြည့်နေရင်း ရေရွတ်လိုက်သည်။

တဖြည်းဖြည်းနှင့် ရေစစ်သွားပြီးဖြစ်သောကြောင့် ပိုက်ခြေမှာ ငါးနှင့်ပုစွန်များပေါ်နေပေပြီ။

နီမောင်က ငါးကောက်ရန်ပြင်နေစဉ်မှာ စောစောကသူ့ကိုအကူအညီပေးနေသောသရဲ ပြန်ပြေးလာသောခြေသံ ကြားရသည်။ ကြည့်လိုက်တော့ သူ့နောက်မှလိုက်လာသော သဘက်တစ်ကောင်ကို လှမ်းမြင်ရသည်။

သဘက်က အကောင်ကြီးသောကြောင့် သရဲလည်း ထွက်ပြေးလာရခြင်း ဖြစ်ပေသည်။

နီမောင်လည်း ဘယ်လိုကြံရမှန်း မသိဘဲ ရှိနေစဉ် ပြေးလာသောသရဲက စောစောကထိုင်နေသော ဖျူးကိုင်းပေါ်သို့ ပြန်တက်သွားလေပြီ. . . ။

နောက်မှ လိုက်လာသော သဘက်ကြီးက သူရှိရာနှင့် မနီးမဝေး ရောက်လာတော့သည်။

တစ်စုံတစ်ခုကို သတိရပြီး လှမ်းပြောလိုက်သည်။

"ဒီပုစွန်တွေ ငါးတွေကို မိုးမခညီနောင်ကိုရောင်းဖို့ ပြောခဲ့ပြီးပြီ၊ မင်း. . ယူလို့မရတော့ဘူး"

ထိုသို့ပြောလိုက်သည်နှင့် မနီးမဝေးရောက်လာသော သဘက်ကြီးလည်း ကြောက်လန့်တကြား အမူရာမျိုးဖြင့် တော



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ ပြန်တက်ပြေးသွားလေတော့သည်။

ထိုအခါမှပင် သက်ပြင်းချနိုင်လေတော့သည်။

"သူ့ဟာနဲ့သူကျတော့လည်း တယ်လည်းဟန်ကျပါလား"

ဟုရေရွတ်ပြီး ပိုက်ခြေမှာ စုပုံနေသော ငါးပုစွန်များကို ဒိုင်းပန်းဖြင့် ကောက်ယူပြီး လှေထဲသို့ထည့်လေသည်။

ငါးအကောင် အကြီးအသေး အတော်များများနှင့် ပုစွန်ထုပ် အတော်များများ ရလေသည်။

ထိုအခါ နီမောင်က ငါးအရွယ်တော်နှစ်ကောင်ကို ကောက်ယူပြီး ကမ်းပေါ်သို့ ပစ်တင်ပေးသည်။

"ဒါက ငါကိုကူညီပေးတဲ့ မင်းအတွက်ပဲဟေ့"

ထိုသို့ပစ်တင်ပေးလိုက်တော့ သစ်ပင်ပေါ်မှ ဆင်းလာပြီး ကောက်ယူစားနေလေသည်။

နီမောင်လည်း ချောင်းထဲမှ ပြန်ထွက်လာသည်။

သူ မဟာမြိုင်ချောင်းပေါက်ဝ ပြန်ရောက်တော့ မိုးမလင်းသေးပေ။ မိုးမခညီနောင် နားရောက်တော့ လှေကိုထိုးဆိုက်ပြီး အသံပြုလိုက်သည်။

"မြသင်းကြူရေ. . . ကျွန်တော်ပြန်လာပြီဗျို့. . ."

အတန်ကြာတော့ ကမ်းပေါ်မှ စကားပြောသံများကြားရပြီး မီးခွက်ကိုယ်စီကိုင်ကာ လူအချို့ ဆင်းလာကြသည်။ ထိုအထဲတွင် မြသင်းကြူဆိုသော မိန်းကလေးလည်း ပါလာသည်။

သူကပင် ပြောသည်။





"ကျွန်မတို့က အလှူလုပ်စရာရှိလို့ ရှင့်လှေပေါ်မှာပါတဲ့ ငါးပုစွန်တွေအားလုံး ဝယ်ပါမယ်"

"ရပါတယ်. . ဒါပေမယ့် အဖေတို့အတွက် ဟင်းစားတော့ နည်းနည်းချန်ထားပေးပါ"

"ရပါတယ် ချန်ခဲ့ပါမယ်၊ ကဲ. . ကဲ. . ရှင်လှေပေါ်မှာပါတဲ့ ခြင်းတောင်းထဲ သာထည့်ပေးခဲ့ပါ၊ နောက်တော့ ရှင့်ရဲ့ခြင်းတောင်းကိုပြန်ပေးပါမယ်"

ဟုပြောသဖြင့် လှေထဲမှာ ငါးနှင့် ပုစွန်များကို အားလုံးထည့်ပြီး ကမ်းပေါ်သို့ တင်ပေးလိုက်သည်။

သူမနောက်မှာပါသော လူကြီးနှစ်ယောက်က လှေဆိပ်အထိ ဆင်းလာပြီး ငါးတောင်းကို ထမ်းယူသွားကြလေသည်။

မြသင်းကြူက ငါးဖိုးငွေများကို ပေးလေသည်။

သူမက ငါးဈေးလည်းမမေး၊ ငါးပုစွန်များကို အလေးချိန်ခွင်နှင့်ချိန်ပြီး ရောင်းရခြင်းမဟုတ်သောကြောင့်. . ဘယ်လောက်အလေးချိန် ရှိမှန်းလည်းမသိရဘဲ ငါးဖိုးပေးရာ သူပေးသွားသည့်ငွေက အတော်များနေလေသည်။

နီမောင်ခမျာလည်း ဘာပြန်ပြောရမှန်း မသိဘဲရှိနေစဉ် ငါးဆင်းဝယ်သူများက ကမ်းပေါ်သို့ပြန်တက်သွားကြလေပြီ။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၅)

# အဝေလာင်းအစား မပြုလုပ်ရသောနေရာများ

ညကအိပ်ရေးပျက်သောကြောင့် အိပ်နေရာစောထီးနှင့် ငမဲအောင်တို့နှစ်ယောက် ရောက်လာပြီးနိုးတော့မှ ပြန်နိုးလာသည်။ ကြည့်လိုက်တော့ နေအတော်မြင့်နေချေပြီ။ စောထီးနဲ့ ငမဲအောင်တို့နှစ်ယောက် ကြည့်လိုက်တော့လည်း အဝတ်အစား အသစ်များဝတ်ထားပြီး ထူးခြားနေသည်။

"မင်းညက အလုပ်ဆင်းတာ ငါးပုစွန်မရခဲ့ဘူးလား"

"ရပါတယ် လမ်းမှာတင် အားလုံးဝယ်မယ့်သူနဲ့တွေ့လို့



www.burmeseclassic.com

www.burmeseclassic.com



ရောင်းခဲ့တာ”

“ဟန်ကျတာပေါ့ကွ၊ တခါတည်း ပိုက်ဆံများများရတာပေါ့”

“ဒါထက် အဝတ်အစားအသစ်တွေနဲ့ပါလား၊ ဘယ်သွားကြမလို့လဲ”

“ရွာဖျားဘက်မှာ ဆွမ်းကျွေးတစ်ခုရှိတယ်၊ တစ်ရွာလုံးလိုက်ဖိတ်ထားတာဆိုတော့ ထမင်းစားသွားကြမယ်လေကွာ”

“ငါနဲ့လည်း သိမယ်မထင်ဘူး၊ မင်းတို့နှစ်ယောက်ပဲ သွားကြတော့ကွာ ငါတော့မလိုက်တော့ပါဘူး”

“အခုသွားမှာက ထမင်းစားရုံသက်သက်သွားမှာမဟုတ်ဘူးကွ၊ ဘုရားလည်းဖူးရင်း လိပ်ဥလည်းတူးရင်း သဘောမျိုးနဲ့ သွားကြမှာ. . ဒီအခွင့်အရေးမျိုးက ရခဲ့တယ်၊ ကဲ. . ကဲ. . ရေမိုးချိုး ရှိတဲ့အဝတ်အစားလဲပြီးသာ လိုက်ခဲ့ပေတော့၊ ဟိုရောက်တဲ့အခါ မင်းစိတ်ဝင်စားစရာတွေ တွေ့ရစေမယ်”

ဟု အတင်းခေါ်သဖြင့် လိုက်သွားရလေသည်။

သူတို့နေသော နေရာက မဟာမြိုင်ရွာချောင်းဝပိုင်းမှာဖြစ်သည်။ ယခုသွားမည့်နေရာက ချောင်းဖျားပိုင်းတွင်ဖြစ်ပြီး အလယ်မှာ သူရဲခြောက်သည်ဟု နာမည်ကြီးလှသော လက်ပံပင်တမံကုန်းက ခြားထားလေသည်။

ချောင်းဖျားပိုင်းမှာလည်း ရွာကအတော်ရှည်သည်။

ထိုနေရာဘက်မှာ ခြံကျယ်ဝန်းကျယ်များနှင့် နေကြသူများပြီး သီးနှံပင်များလည်း ဖြစ်ထွန်းကြသည်။





ထိုနေရာမှာ ဆက်သွားပါက နေသူရိန်ကုန်းတန်းဘက်သို့ ရောက်နိုင်လေသည်။ နေသူရိန်ကုန်းတန်းရှိသော နေရာဘက်မှာ သဲကုန်းတန်းများဖြစ်သည်။

ထို့ကြောင့် တစ်ရေတည်းတစ်မြေတည်း ဆက်စပ်နေသော မဟာမြိုင်ချောင်းဖျားဘက်မှာလည်း သဲမြေဆန်ဆန်ရှိသောကြောင့် သရက်၊ ပိန္နဲ၊ မရမ်း၊ စသောသစ်ပင်များ များစွာဖြစ်ထွန်းလေသည်။

ခြံတိုင်းမှာ သစ်ပင်များစိုက်ပျိုးထားသောကြောင့် အဝေးမှကြည့်လျှင် အိမ်များကိုပင် မမြင်ရဘဲ မှိုင်းညို့နေလေတော့သည်။

နီမောင်တို့ရောက်သွားတော့ အိမ်ကြီးတစ်လုံးရှေ့ မြေကွက်လပ်မှာ ကနဖျင်းများထိုးပြီး လာသမျှလူတို့ကို ထမင်းကျွေးနေသည်ကို လှမ်းမြင်ရသည်။ မဟာမြိုင်ရွာမှသာမက အခြားရွာများကပါ လာရောက်စားသောက်ကြသဖြင့် စည်ကားနေသည်။

သူတို့ရောက်သွားတော့ ချောမောလှပသော အမျိုးသမီးတစ်ယောက် အပြင်ထွက်လာပြီးကြိုသည်။

“စောထီးနဲ့ ငမဲအောင်တို့ပါလား၊ ဧည့်သည်လည်းပါလာတယ်”

“အေး. . ဟုတ်တယ် သူကနီမောင်လို့ခေါ်တယ်၊ ငါတို့နဲ့ ချောင်းဝပိုင်းမှာနေတယ်”

အမျိုးသမီးကပြုံး၍ ခေါင်းညိတ်ပြပြီး သူတို့သုံးယောက်ကို ထမင်းဝိုင်းတစ်နေရာသို့ ခေါ်သွားပြီး နေရာပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွေးမွေးသော အစားအသောက်များမှာ ရှာထမင်း၊ ရှာဟင်းများဖြစ်သော်လည်း စားကောင်းလှသည်။

ပုစွန်များနှင့် ချက်ထားသော ငါးပိချက်၊ ပုစွန်ခြောက်၊ ငရုတ်သီးများများနှင့် ကြော်ထားသော ငံပြာရည်ကြော်၊ ငါးနှင့် အသီးအနှံများ ရောချက်ထားသော သီးစုံဟင်း၊ ဝက်သားဆီပြန်ဟင်းတို့ပင်ဖြစ်ရာ သုံးယောက်သား မြိန်ယှက်စွာ စားသောက်ကြလေသည်။

"နီမောင် ထမင်းစားလို့ဖြောင့်ရဲ့လား"

"ဖြောင့်ပါတယ်. . ဘာဖြစ်လို့လဲ "

"စောစောက မြနှင်းဖြူကို တွေ့လိုက်ရလို စိတ်ထဲမှာ ကတုံကရင် ဖြစ်မနေဘူးလား"

နီမောင်က တစ်ချက်ပြုံးလိုက်ပြီး ခေါင်းခါပြကာ ထမင်းငုံ့စားနေသည်။

သို့သော်လည်း စိတ်ထဲမှာတော့ မြနှင်းဖြူ ဆိုသော အမည်ကိုတော့ မမေ့အောင် မှတ်ထားလိုက်သည်။

ထမင်းစားပြီးတော့ လက်ဖက်နှင့် လက်ဖက်ရည်ကြမ်း လာပေးသဖြင့် သောက်ကြရသေးသည်။

ထိုအချိန်မှာ တခြားပရိသတ်များလည်း ရောက်လာကြသောကြောင့် မြနှင်းဖြူကို နှုတ်ဆက်ကာ ပြန်ရန်ပြင်ကြသည်။

"နင်တို့ ပြန်ရင် ငါလူကြုံတစ်ခု ထည့်ပေးလိုက်ချင်လို့"

"ပေးလိုက်လေ. . ဘာပေးမှာလဲ "

မြနှင်းဖြူဆိုသော အမျိုးသမီးက အနောက်ဘက်သို့ဝင်





သွားပြီး ခြင်းတောင်းကြီးတစ်လုံး ယူလာလေသည်။

ထိုခြင်းတောင်းကြီးကိုမြင်တော့ နီမောင်မှာ များစွာအံ့ဩသွားလေသည်။

"ဒါ ညက ငါးပုစွန်တွေ ထည့်ပေးလိုက်တဲ့ ကျွန်တော့ခြင်းတောင်းပဲ"

"အစ်ကို့ခြင်းတောင်းဆိုရင်လည်း တစ်ခါတည်း ပြန်ပေးလိုက်ပါရစေ. . "

"ရ. . ရပါတယ်. . "

ဟုပြောပြီး သုံးယောက်သား မြနှင်းဖြူကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြသည်။

"မင်းခြင်းတောင်းက အလှူအိမ်ကို ဘယ်လိုရောက်နေတာလဲ"

စောထီးကမေးသည်။

"ညက ငါ့ဆီက ငါးပုစွန်တွေ အားလုံးဝယ်သွားလို့ထည့်ပေးလိုက်တာ၊ ဒါပေမယ့် ငါ့ဆီကဝယ်သွားတာ သူတို့မဟုတ်ဘူး"

"ဘယ်နေရာက ဝယ်လိုက်တာလဲ"

"မိုးမခညီနောင်နားက ထွက်ဝယ်လိုက်တာ"

ထိုသို့ပြောသော်လည်း ကျန်နှစ်ယောက်က တအံ့တဩဖြစ်သွားခြင်းတော့ မရှိကြပေ။

"ဒါက အစလောက်ပဲ ရှိသေးတာ. . "

ငမဲအောင်က တိုးတိုးပင် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအစလဲကွ. ."

"မိုးမခညီနောင်နဲ့ပတ်သတ်တဲ့ အစပဲရှိသေးတယ်လို့ ပြောတာ၊ နောက်ပိုင်း ဒါထက်ဆန်းကြယ်တာတွေ တွေ့ချင်တွေ့ ရဦးမှာ. ."

"ဘယ်လို ထူးခြားတာတွေလည်း၊ ငါလည်းသိရအောင် ကြိုပြောထားကြပါဦး"

"အိမ်ရောက်တော့မှ ပြောပြမယ်"

သုံးယောက်သား စကားတပြောပြောနှင့် လျှောက်လာရာ နီမောင်တို့အိမ်ရောက်တော့မှ အေးအေးဆေးဆေး နားကြရင်း ကျန်နှစ်ယောက်က သူတို့သိသောအကြောင်းများကို ပြောပြလေသည်။

"ငါတို့ မဟာမြိုင်ရွာမှာ ဝေးဝေးရှောင်ရမှာတွေ ရှိတယ်၊ သတ္တိဘယ်လောက်ရှိရှိ အလောင်းအစားမလုပ်ရတဲ့နေရာတွေ ရှိတယ်၊ နောက်ပြီး မင်္ဂလာမဆောင်သင့်တဲ့သူလည်း ရှိသေးတယ်၊ အဲဒါတွေကို ရှောင်နိုင်မှ အသက်ရှည်မယ်"

"အဲဒါတွေက ဘာတွေလဲ"

"ပထမ အချက်ကတော့. . အလောင်းအစားလုပ်ပြီး မိုးမခညီနောင်မှာ တစ်ယောက်တည်းဘယ်တော့မှ သွားမအိပ်နဲ့ အိပ်ရင်သေတာပဲ"

"နောက်က ဘာတွေလဲ"

"အလောင်းအစားလုပ်ပြီး ညအချိန်မတော် လက်ပံပင် တမံကုန်းက တစ်ယောက်တည်း ဘယ်တော့မှ ဖြတ်မပြန်နဲ့၊ ပြန်





ရင်သေတာပဲ"

"နောက်တစ်ခုကရော. . ."

"နေသူရိန်ကုန်းတန်းရောက်ရင် ဘယ်တော့မှ အဲဒီက ပစ္စည်းတစ်ခုခု ယူမလာခဲ့နဲ့၊ ယူလာမိရင် သေမှာပဲ"

"နောက်. . မင်္ဂလာ မဆောင်ရတဲ့ မိန်းမက ဘယ်သူလဲ ဟင်"

"မင်းစောစောက အလှူအိမ်မှာ တွေ့ခဲ့ရတဲ့ မြနှင်းဖြူ ပဲပေါ့၊ သူနဲ့ အစ်စပ်ပြီး မင်္ဂလာဆောင်ဖို့လုပ်တဲ့ သတို့သားလောင်း တိုင်း သေတာပဲ"

"ဘယ်လိုဖြစ်ပြီး သေတာလဲ"

"ငါတို့လည်း သေသေချာချာတော့ မသိဘူးကွာ၊ မင်းသိချင်ရင် သူ့ကိုရအောင်ပိုးပြီး လက်ထပ်ဖို့ ကြိုးစားကြည့်ပေါ့၊ လက်တွေ့သိရလိမ့်မယ်. . ."

"ဒီလိုတော့မလုပ်ပါဘူး၊ ဒါပေမယ့်. . သိထားတော့ ပိုကောင်းတာပေါ့၊ မင်းတို့သိသလောက်ပြောပြစမ်းပါ"

ဟုပြောမှ ကျန်နှစ်ယောက်က အဖြစ်အပျက်များကို အတိုချုပ်ပြီး ပြောပြကြသည်။

လွန်ခဲ့သော နှစ်နှစ်ခန့်အချိန်လောက် အခြားရွာမှ လူရွယ်တစ်ယောက်က မြနှင်းဖြူကို သဘောကျသဖြင့် လူကြီးမိဘများနှင့် လာရောက်တောင်းရမ်းရာ အဆင်ပြေသဖြင့် မင်္ဂလာဆောင်ရန် ရက်ကိုသတ်မှတ်ကြလေသည်။ ထိုရက်မတိုင်မီမှာပင် သတို့သားလောင်းမှာ အိပ်ရာထဲမှာ အိပ်နေရင်းနှင့် မြွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုက်ခံရလေသည်။

မနှစ်ကတော့ ပျဉ်ပုံကြီးရွာဘက်မှ လူရွယ်တစ်ယောက်နှင့် ချစ်ကြိုးသွယ်မိ ကြပြန်လေသည်။

နွေရာသီ စပါးပေါ်ချိန် ရောက်သောအခါ မင်္ဂလာပွဲကျင်းပရန် စီစဉ်နေကြစဉ်မှာပင် သတို့သားဖြစ်သူမှာ အိပ်ရာထဲမှာ အိပ်နေရင်းနှင့် ပိုးထိခံရသောကြောင့် သေဆုံးသွားပြန်လေရာ မင်္ဂလာပွဲ ပျက်ပြန်လေသည်။

ထိုနောက်ပိုင်း မှာတော့ မဟာမြိုင်ရွာအပါအဝင် ထိုနေရာတစ်ဝိုက်မှာရှိကြသော ရွာများမှ လူပျိုလူရွယ်များတို့မှာ မြနှင်းဖြူကို မထိဝံ့ မစဝံ့ကြတော့ပေ။

နောက်ဆုံးကံဆိုးသူက ဓားပြချောင်းဘက်မှ မီးသွေးဖိုပိုင်ရှင် သားတစ်ယောက် ဖြစ်သည်။

၎င်းမှာလည်း မြနှင်းဖြူကို မြင်သည်နှင့် နှစ်သက်သဘောကျသဖြင့် လူကြီးများ အသိပေးပြီး လက်ထပ်ရန် ပြင်ပြန်လေသည်။

သူသည် ဘိုကလေးမြို့မှာ နေသူဖြစ်သောကြောင့် မြနှင်းဖြူနှင့်ပက်သတ်သော အကြောင်းများကို မသိရှာပေ။ မင်္ဂလာပွဲကျင်းပရန် ပြင်ဆင်နေစဉ်မှာ မြစ်ထဲမှာ သင်္ဘောနစ်ပြီး သေဆုံးသွား ရပြန်တော့သည်။ နောက်ပိုင်းမှာတော့ မြနှင်းဖြူကို ဘယ်သူမှလာပြီး မစေ့စပ်ဝံ့ရှာတော့ပေ။

"ဒါကြောင့် ငါတို့တစ်နယ်လုံးက မြနှင်းဖြူကို မပတ်သက်သင့်တဲ့လူတစ်ယောက်အဖြစ် ဝေးဝေးကရှောင်ကြတယ်





မင်္ဂလာမဆောင်သင့်တဲ့ မိန်းမဆိုတာ သူ့ကိုပြောတာ"

"ငါ့အမြင်ပြောရရင်တော့ ဒါတွေက တိုက်ဆိုင်မှုတွေပဲ ဖြစ်မယ်ထင်တာပဲ"

"အတော်များများကတော့ အဲဒီလိုပဲတွေးပြီး သူ့ကိုရအောင် ကြိုးစားကြတာပါပဲ၊ ယူကာနီးရောက်တော့မှသာ အန္တရာယ်တစ်ခုခုနဲ့တွေ့ပြီး သေကြတာပဲ၊ ဘာလဲ မင်းက မြနှင်းဖြူကို မြင်မြင်ချင်းပဲ သဘောကျနေပြီလား"

နီမောင်က သက်ပြင်းတစ်ချက်ချကာ စိတ်ထဲမှာရှိတဲ့အတိုင်း ပြောလိုက်လေသည်။

"မြနှင်းဖြူလို ချောမောလှပတဲ့ အမျိုးသမီးတစ်ယောက်ကို စိတ်မဝင်စားဘူး၊ သဘောမကျဘူးလို့ပြောရင် ကိုယ့်ကိုယ်ကိုယ် ပြန်ညာနေတာပဲ ဖြစ်မှာပေါ့၊ ဒါပေမယ့် ဘယ်လောက်ပဲ စိတ်ဝင်စားပေမယ့် အခြေအနေအရ ဘယ်လိုမှ စိတ်ဝင်စားလို့ မဖြစ်ပါဘူး"

"ဘယ်လိုအခြေအနေလဲ"

"ကိုယ်မိသားစုတွေတောင် တစ်နေ့လုပ်မှ တစ်နေ့စားကြရတာ၊ ချစ်သူရှာဖို့တော့ ဘယ်လိုမှ မဖြစ်နိုင်သေးပါဘူး"

"ငါတို့လို တောမှာနေကြတဲ့သူတွေတိုင်း မင်းလိုသာ တွေးပူနေရင်တော့ ဘယ်သူမှ အိမ်ထောင်ပြုဖြစ်ကြတော့မှာ မဟုတ်ဘူး၊ အစကတော့ ဒီလိုပဲ ခက်ခက်ခဲခဲကြိုးစားရတာပေါ့၊ နောက်တော့လည်း ဒီလိုပဲ အဆင်ပြေသွားကြတာပါပဲ"

ငမဲအောင်က အတွေ့အကြုံရှိပြီးသူတစ်ယောက်လေ



www.burmeseclassic.com

www.burmeseclassic.com



သံမျိုးဖြင့် ပြောသောအခါ ကျန်နှစ်ယောက်က ပြုံးနေကြသည်။

“မင်းတို့ ငါပြောတာမယုံလို့ ပြုံးတာလား”

“မဟုတ်ပါဘူးကွာ မင်းလို အတွေ့အကြုံရှိတဲ့သူတစ်ယောက်ကပြောတာပဲ နားထောင်ရမှာပေါ့”

ဟု သုံးယောက်သား ပြောဆိုရယ်မောနေကြလေသည်။

“ဒါထက် ရွာထိပ်မှာရှိတဲ့ မိုးမခပင်ညီနောင်မှာ အလောင်းအစားလုပ်ပြီး ညမအိပ်ရဘူးဆိုတော့ အဲဒီမှာဘာတွေရှိလို့လဲ”

“သိုက်စောင့်တွေရှိတယ်လို့တော့ ပြောသံကြားတာပဲ၊ ငါတို့တော့ တစ်ခါမှမတွေ့ဖူးပါဘူး၊ မင်းဆီက ငါးပုစွန်တွေ ဆင်းဝယ်လိုက်တာ သူတို့ပဲဖြစ်မှာပေါ့”

“ထားပါတော့ ငါးထည့်ပေးလိုက်တဲ့ ခြင်းတောင်းက ဘယ်လိုကြောင့် ရွာဖျားဘက်က မြနှင်းဖြူတို့အိမ် ရောက်နေရတာလဲ”

“သူတို့ချင်း အဆက်အသွယ်ရှိလို့ ဖြစ်မှာပေါ့ကွာ”

“ဒါဖြင့် မနက်ကအလှူမှာ ချက်ကျွေးတဲ့ ငါးပုစွန်ဟင်းတွေက ငါ့ဆီကဝယ်လိုက်တာတွေ ဖြစ်မှာပေါ့နော်”

“ဒီလိုဆိုရင်တော့ မင်းလည်းကုသိုလ်ရမှာပေါ့၊ ဒါထက် သူတို့ပေးလိုက်တဲ့ပိုက်ဆံရော မင်းဆီမှာရှိသေးလား”

“မရှိတော့ဘူး၊ အမေ့ပေးထားလိုက်ပြီ၊ ဘာဖြစ်လို့လဲ”

“ဥစ္စာစောင့်ပေးတဲ့ပိုက်ဆံက ဘယ်လိုပဲသုံးသုံး မကုန်ဘူးလို့ ပြောသံကြားတယ်၊ သုံးလိုက်ပြီး အချိန်တန်ရင် ကိုယ့်ဆီ





ပြန်ရောက်လာတာပဲလို့ လူကြီးတွေပြောတာကြားဖူးလို့ မေးကြည့်တာပါ၊ အဲသည်လိုသာဖြစ်ရင်တော့ မင်းတော့ဟန်ကျပြီး”

ထိုသို့ပြောသော်လည်း နီမောင်က ပိုက်ဆံကိစ္စကို စိတ်မဝင်စားပေ၊ သူစိတ်ဝင်စားတာက တခြားဖြစ်သည်။

“ငါစိတ်ဝင်စားနေတာက တစ်ခုရှိတယ်”

“ဘာလဲ မြနှင်းဖြူကိုလား”

“မဟုတ်ပါဘူး၊ မင်းတို့ပြောတဲ့ အလောင်းအစားမလုပ်ရတဲ့နေရာသုံးခုအကြောင်းကို စိတ်ဝင်စားနေတာပါ”

“ဘာလဲ စီးပွားရေးအဆင်မပြေတာနဲ့ စောစောသေချင်နေပြီလား”

“ငါက အဲဒီလိုဆန်းကြယ်တဲ့နေရာမျိုးတွေဆိုရင် စိတ်ဝင်စားလို့ပါ”

“တခြားဟာတွေသာ စိတ်ဝင်စားပါကွာ၊ မိုးမခညီနောင်တို့၊ လက်ပံပင်တမံကုန်းတို့၊ နေသူရိန်ကုန်းတန်းကိုတော့ စိတ်မဝင်စားပါနဲ့၊ အဲဒါတွေကို စိတ်ဝင်စားရင် မြနှင်းဖြူကို လက်ထပ်ဖို့ကြိုးစားတဲ့သူတွေလိုပဲ မင်းလည်းသေမှာပဲ”


ထိုသို့ပြောပြီးနောက်. . စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်မှာ ပြန်သွားကြလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၆)

# အိမ်မဲ့ထောင်ပြုခွင့်မရသော မိန်းမမျိုး

တစ်နေ့သ၌ မဟာမြိုင် ချောင်းဖျားပိုင်းမှာ နေသော မြနှင်းဖြူတို့နေအိမ် ရေဆင်းတံတားသို့ လှေငယ်တစ်စင်း ထိုးကပ်လာသည်။ ရှေ့နောက်တွင် လူနှစ်ယောက်ကလှော်ပြီး အလယ်မှာတော့ အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်တို့ လိုက်လာကြသည်။

အမျိုးသားမှာ ထူးထူးခြားခြား သျှောင်တစ်ချောင်း ထုံး



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး အသက်(၃၀)အရွယ်ခန့်ရှိ လေသည်။

သူ၏အမည်မှာ မောင်မြသူဖြစ်သည်။ နောက်တစ်ယောက အသက်(၂၃)နှစ်အရွယ် ခန့်ရှိပြီး ရုပ်ဆင်းအင်္ဂါလှပသော မိန်းမပျိုတစ်ဦးဖြစ်သည်။ သူမအမည်မှာ မြသင်းကြူ ဖြစ်သည်။ နှစ်ယောက်စလုံး သာမန်အဝတ်အစားများ ဝတ်ဆင်ထားကြပြီး မျက်နှာကို လူမမြင်စေရန် ခမောက်အဝိုင်းကြီးများကို မျက်နှာတစ်ဝက်ခန့် ဖုံးအုပ်သည်အထိ ဆောင်းထားကြသည်။

လှေရှေ့နှင့် အနောက်ဘက်မှာထိုင်ပြီး လှေလှော်ကာလာကြသော လူနှစ်ယောက်ကတော့ မည်းမည်းဝဝနှင့် တတိုးပြောင်အောင် တုံးထားကြသည်။

အပေါ်အင်္ကျီ မဝတ်ကြဘဲ ပုဆိုးကို ခါးတောင်းကျိုက်ထားသောကြောင့် ပေါင်မှာထိုးထားသော ထိုးကွင်းများက အထင်းသား ပေါ်နေကြသည်။

၎င်းတို့နှစ်ယောက်က ချောင်းရိုးအတိုင်း လှေကိုမှန်မှန်လှော်တက်လာကြပြီး မြနှင်းဖြူတို့ တဲတားဆိပ်ရောက်သောအခါ မောင်မြသူနှင့် မြသင်းကြူတို့နှစ်ယောက်က အပေါ်သို့တက်သွားကြပြီး ကျန်နှစ်ယောက်က လှေထဲမှာပင် ကျန်ခဲ့ကြလေသည်။

သူတို့နှစ်ယောက် တက်လာတာမြင်တော့ မြနှင်းဖြူ၏မိဘများဖြစ်သော ဦးဘမောင်နှင့် ဒေါ်လှတို့က ဖျာပျာသလဲ ဆီးကြိုကြလေသည်။

"လာကြပါ. . လာကြပါ. . ဘယ်လိုအကြောင်းကိစ္စ





များ ရှိလို့ပါလဲ. . ."

ဦးဘမောင်က နေရာထိုင်ခင်းပေးရင်း မေးလိုက်သည်။

"တခြားတော့မဟုတ်ပါဘူး ကုန်းတန်းဘက်သွားစရာကိစ္စလေး ရှိနေလို့ ညီမလေးကို ဝင်ခေါ်တာပါ၊ ကျွန်တော်တို့ကို ခေါ်သွားခွင့်ပေးပါ. . ."

မောင်မြသူက ယဉ်ကျေးစွာ ပြောလိုက်သည်။

"ခေါ်သွားပါကွယ် ခွင့်ပြုပါတယ်၊ ဒါထက် ဟိုတလောက အလှူအတန်းလုပ်ပြီး အမျှအတန်း ဝေပေးတာရော ရကြပါရဲ့လား"

"ဟုတ်ကဲ့ ရပါတယ်၊ ဒီအတွက် ကျေးဇူးလည်းတင်ပါတယ်၊ ဒါထက် ကျွန်တော်တို့ဝယ်ပေးတဲ့ အစားအသောက်တွေရော လောက်ငှမှုရှိပါရဲ့လား"

"လောက်ငှတဲ့အပြင် ပိုနေလို့တောင် အနီးပတ်ဝန်းကျင်က မရှိဆင်းရဲတဲ့လူတွေ ဝေပေးရပါသေးတယ်"

"ကောင်းပါတယ် ခင်ဗျာ၊ နောက်လည်း လိုတဲ့ကိစ္စများရှိရင် ကျွန်တော်တို့ကိုသာ အကြောင်းကြားပါ. .၊ တတ်နိုင်သလောက် အကူအညီပေးပါရစေ. . ."

ထိုအခိုက်မှာပင် ဒေါ်မယ်လှက သမီးဖြစ်သူ မြနှင်းဖြူကိုခေါ်လာသည်။

"အစ်ကိုကြီးတို့ကို ဘိုးဘိုးကမှာနေတယ် ကုန်းတန်းဘက် သွားကြရအောင်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com

မြနှင်းဖြူလည်း ထွေထွေထူးထူးပြောမနေတော့ဘဲ..မောင်မြသူတို့နှစ်ယောက်နှင့်အတူ လှေဆိပ်သို့ဆင်းလိုက်လာလေသည်။ သုံးယောက်စလုံး လှေထဲရောက်သောအခါ လူထွားကြီးနှစ်ယောက်က လှေကိုချောင်းဖျားဘက်သို့ လှော်တက်ခဲ့ကြလေသည်။ ချောင်းကလည်း တဖြည်းဖြည်းနှင့် ကျဉ်းလာပြီး ကမ်းဘေးတစ်ဖက်တစ်ချက်မှ ကိုင်းကျနေသော သစ်ပင်ကိုင်းများကြောင့် အလယ်မှာ လှေတစ်စင်းသွားရုံသာ ကျယ်ဝန်းသေသည်။

ကမ်းနှင့်မနီးမဝေး လမုပင်နှင့် အခြားသစ်ပင်များပေါ်မှာ မျောက်မျိုးစုံနှင့် ငှက်များက ဆူညံစွာအော်ဟစ်နေသေသည်။

ချောင်းဖျားဘက်ရောက်တော့ လှေကရှေ့ဆက်သွား၍မရတော့ပေ။

ထို့ကြောင့် ထိုနေရာမှာပင် လှေဆိုက်ထားခဲ့ပြီး မောင်မြသူ၊ မြသင်းကြူနှင့် မြနှင်းဖြူတို့သုံးယောက်က ကမ်းပေါ်တက်သွားကြသည်။

လှေထဲမှာတော့ လှေလှော်သူနှစ်ယောက်သာ ကျန်ခဲ့လေသည်။ ထိုနေရာတစ်ဝိုက်မှာ သဲမြေဆန်သောကြောင့် သွားရလာရသည်မှာ အခက်အခဲမရှိပေ။

မဟာမြိုင်ချောင်းဆုံသွားသော နေရာမှအရှေ့ဘက်သို့ ခြေလျင်လျှောက်သွားလျှင် နေသူရိန်ကုန်းတန်းသို့ ရောက်နိုင်ကြသည်။





သူတို့သုံးယောက် ရောက်သွားသောအချိန်မှာ ညနေစောင်းအချိန်ဖြစ်သည်။

ထို့ကြောင့် နေရာအတော်များများမှာ အမှောင်ရိပ်များဖုံးလွှမ်းစပြုနေလေပြီ။

သူတို့သုံးယောက် နေသူရိန်ကုန်းတန်းချောင်းဖျားဘက်သို့ ရောက်သွားသောအခါ ဆူဆူညံညံနှင့် လူသံသူသံများ ကြားရသည်။ အချို့ကလည်း သူတို့ရှိရာသို့ ရောက်လာပြီး ဆီးကြိုကြလေသည်။

ကုန်းတန်းတစ်ဝိုက်ရောက်တော့ ရှေးခေတ်အဝတ်အစားများ ဝတ်ဆင်ထားသူများ သွားလာလှုပ်ရှားနေကြသည်ကိုတွေ့ရသည်။

ယောကျ်ားများက သျှောင်တစောင်းများထုံးထားကြပြီး အမျိုးသမီးငယ်များက ဆံရစ်ဝိုင်း၊ ဆံထောက်များနှင့် ဖြစ်ကြသည်။

အမျိုးသမီးကြီးများကတော့ ဆံပင်ကိုတစ်ပတ်လျှိုထုံးသူကထုံး၊ ဘီးဆံပတ် ပတ်သူကပတ်ထားသည်။

အားလုံးဝတ်ဆင်ထားသော အဝတ်အစားများမှာ ရှေးခေတ်လူတို့ ဝတ်ဆင်ကြသော အဝတ်အစားများဖြစ်ကြပြီး သစ်လွင်တောက်ပနေသည်။

အချို့လည်း ရွှေ၊ ငွေ၊ လက်ဝတ်တန်ဆာတို့ကို ဝတ်ဆင်ထားကြသည်။

သူတို့သုံးယောက် ရောက်သောအခါ အဘိုးကြီးတစ်


www.burmeseclassic.com

www.burmeseclassic.com



ယောက်နှင့် တွေ့ကြရသည်။

အဘိုးကြီးမှာ အသက်အရွယ်ကြီးရင့်လှပြီး ဆံပင်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့ပင် ဆွတ်ဆွတ်ဖြူနေလေပြီ။ အဖြူရောင်အဝတ်အစားတို့ကိုပင် ဝတ်ဆင်ထားပြီး လက်ထဲမှာ ပုတီးတစ်ကုံးကိုင်ရင်း စိပ်နေလေသည်။

"ငါ့မြေးတို့ ရောက်လာပြီလား၊ လာကြ"

ဟု ခေါ်သဖြင့် အနီးသို့သွားကာ ရှိသေစွာကန်တော့လိုက်ကြလေသည်။

သူတို့ကန်တော့ပြီး အဘိုးအိုက ပြောသည်။

"သက်ဆိုင်ရာနေရာတွေမှာ အထက်ကပေးတဲ့ တာဝန်တွေကို ကျေပွန်အောင်ထမ်းဆောင်နေကြရပေမယ့် အခုလို အဘိုးတို့ရဲ့ ကျိုက်အံမတာဘုရားပူဇော်ပွဲရှိတဲ့အချိန်မှာ အခုလို အားလုံးစုံစုံညီညီတွေ့ရတာတော့ ဝမ်းသာစရာပဲပေါ့၊ ဘုရားပူဇော်ပြီးမှ ငါ့မြေးတို့ကို ပြောစရာရှိတာပြော၊ မှာစရာရှိတဲ့စကားတွေ မှာရဦးမယ်၊ ကဲ. . ကဲ. . . ရောက်တုန်း စေတီတော်ကို ပူဇော်ကြချေဦး"

ဟု ပြောသဖြင့် သုံးယောက်သား အဘိုးအိုကို ထပ်မံကန်တော့ပြီးနောက် ထိုနေရာမှ ထလာကြလေသည်။

အချိန်မှာ (၁၃၁၂)ခု၊ (၁၉၅၀)ခု နိုဝင်ဘာလ(၂၄)ရက် တန်ဆောင်မုန်းလပြည့်နေ့ည(သောကြာနေ့)ပင်ဖြစ်ပေရာ ကောင်းကင်ပြင်၌ လမင်းကြီးက ပေါ်ထွန်းလာစ ပြုလာချေပြီ။

နေသူရိန်ကုန်းတန်း ပေါ်ပေါက်ခဲ့သည်မှာ (၁၃၁၂)





ခုနှစ်ရောက်သောအခါ နှစ်ပေါင်း(၂၀၀)နီးပါး ကြာမြင့်ခဲ့ပေပြီ။ မှတ်မှတ်ရရ (၁၁၁၉)ခု၊ (၁၇၅၇)ဝန်းကျင်လောက်က မြို့စားကြီး ဗညားဇေယျနှင့် နောက်လိုက်နောက်ပါများတို့သည် လောင်းလှေကြီးတစ်စင်းဖြင့် စစ်ဘေးစစ်ဒဏ်တိမ်းရှောင်ရင်းနှင့် ထိုကုန်းတန်းနေရာသို့ ရောက်ခဲ့ကြခြင်းဖြစ်ပေသည်။

၎င်းတို့သည် လောင်းလှေကြီးတစ်စင်းနှင့် ဂုံညင်းတန်းမြစ်ရိုးအတိုင်း စုန်ဆင်းလာကြရာ လမ်းခရီးတွင် ခရီးထောက်ပြီး ဝင်ရောက်နားသော နေရာတိုင်းမှာ စေတီအချို့ တည်ထားခဲ့ကြလေသည်။

ဗိုလ်ကလေး(ယခုဘိုကလေး)မြို့တစ်ဝိုက်မှာ အောင်စကြာစေတီနှင့် တောင်လက်ျာစေတီတို့ တည်ထားခဲ့သည်။

(အချို့မှတ်တမ်းများမှာတော့ ထိုနေရာပတ်ဝန်းကျင်တစ်ဝိုက်မှာ နောက်ထပ်စေတီဟောင်းတစ်ဆူ ရှိသေးသည်ဟု ဖော်ပြကြသည်။ အမည်နာမတော့ မတွေ့ရပေ. . )

ထိုနေရာမှ အောက်ဖက်သို့ ဆက်လက်စုန်ဆင်းသွားကြလေသည်။

မိန်းမလှကျွန်းသို့ရောက်သောအခါ မျောက်တစ်ရာစေတီတော်ကိုတည်ပြီး နေသူရိန်ကုန်းတန်းတစ်ဝိုက်မှာတော့ ကျိုက်အမတာစေတီတော်တစ်ဆူ တည်ထားကိုးကွယ်ခဲ့ကြသည်။

ထို့ကြောင့် အောင်စကြာ၊ တောင်လက်ျာ၊ မျောက်တစ်ရာနှင့် ကျိုက်အမတာစေတီတို့မှာ နှစ်ပေါင်းနှစ်ရာကျော်ခဲ့ပြီး

www.burmeseclassic.com

ဖြစ်သော်လည်း ယခုထက်တိုင် လူအများ ဖူးမျှော်နိုင်ကြသော စေတီတော်များအဖြစ် တည်ရှိနေကြသေးသည်။

နေသူရိန်ကုန်းတန်းဟု အမည်တွင်ရခြင်းမှာ မြို့စားကြီးနှင့်အတူတကွ လိုက်ပါလာသော တပ်မှူးနေသူရိန်အမည်ကို အကြောင်းပြုပြီး ထိုအမည်တွင်ခဲ့ခြင်းဖြစ်ပေသည်။

ထိုနေရာတစ်ဝိုက်တွင် တပ်မှူးနေသူရိန်နှင့်တပ်သားများ စစ်ရေးလေ့ကျင့်ခဲ့သောနေရာကို မြင်စိုင်းကုန်းဟုပင် ယခုတိုင်အမည်တွင်နေသေးသည်။ မြင်းစီးလေ့ကျင့်ခဲ့သော မြင်းစိုင်းကုန်းတန်းတစ်လျှောက်မှာ မြက်သစ်ပင်များ လုံးဝမပေါက်သော ကုန်းတန်းကြီး ဖြစ်နေလေတော့သည်။

ထိုနေရာတစ်ဝိုက်မှာ ပိန္နဲပင်၊ သရက်ပင်၊ မရမ်းပင်ကြီးများရှိပြီး ထိုသစ်ပင်ကြီးများပေါ်မှာ ပြွတ်ကောင်းပင်များနှင့် သစ်ခွပန်းအုံများ အများအပြားရှိနေကြသည်။ အချို့နေရာများတော့ နွယ်ပင်ဘဝရောက်နေပြီဖြစ်သော ကွမ်းပင်ကြီးများရှိသည်။

အရွက်များက သာမန်ကွမ်းရွက်ထက် နှစ်ဆသုံးဆကြီးနေပြီး ရင့်ထော်နေပြီဖြစ်သောကြောင့် ဝါး၍စား၍မရတော့ပေ။

ရှေးအခါက ထိုနေရာတစ်ဝိုက်တွင် လူများနေထိုင်သွားခဲ့ကြသော အဆောက်အဦး အပြိုအပျက်များနှင့် မြေဖြင့်ပြုလုပ်ထားသော လူအသုံးအဆောင်များကို တွေ့ကြရသည်။

မြေအိုးများ၊ မြေပန်းကန်များ အထပ်လိုက်ရှိသည်။

ရှေးကလူတို့ အသုံးပြုခဲ့သော အုတ်ချပ်ကြီးများမှာ . .





အရင်းပိုင်းကား၊ အဖျားရှူးကာ တစ်တောင်ကျော်ကျော်ခန့် အလျားရှိလေသည်။

အခြား ငွေ၊ ကြေးများဖြင့် ပြုလုပ်ထားသော အသုံးအဆောင်များ၊ ဓားကျိုးလှံကျိုးများကိုပင် ယခင်က တွေ့ကြရလေသည်။

ကျိုက်အမတာစေတီတော်ရှိသော နေရာမှာ အတွင်းပိုင်း တောင်ကုန်းတစ်ခုပေါ်မှာ တည်ထားခြင်းဖြစ်သည်။

မြေစိုက်စေတီတော်ဖြစ်ပြီး အောက်ခြေမှာ ပလ္လင်ခုံခံထားပြီးမှ အပေါ်မှာကိုးတောင်ပြန့်စေတီ တည်ထားခြင်းဖြစ်သည်။

ယခင်ကတော့ ကြည်ညိုဖွယ်ရာရှိသော်လည်း . . နှစ်ပေါင်း နှစ်ရာနီးပါး ကြာခဲ့ပြီး ပြုပြင်မည့်သူ မရှိသောကြောင့် ပျက်စီးခြင်းသို့ ရောက်နေသောကြောင့် ဘုရားငုတ်တိုဘဝသို့ပင် ရောက်နေချေပြီ။

သို့သော်လည်း ယခုလို တန်ဆောင်မုန်းလပြည့်ညလိုအချိန်မှာတော့ စေတီတော်ကို ရှေးအခါက အခြေအနေအတိုင်း ပြန်လည် ဖူးမြှော်ခွင့်ရကြလေသည်။

မြနှင်းဖြူတို့သုံးယောက် ဘုရားရှိရာဘက်သို့ ရောက်သောအခါ ပတ်ဝန်းကျင်တစ်ဝိုက်မှာ လူအတော်များများ တွေ့ရသည်။

ဆည်းလည်းသံ တချွင်ချွင်ကို ကြားကြရသည်။

မီးရောင်များကို လှမ်းမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြေးစည်သံ၊ ဖားစည်သံများကို သာယာနာပျော်ဘွယ်ရာ ကြားရသည်။

သံပြိုင်ဘုရားရှိခိုး နေသည့်အသံများကိုလည်း ကြည်ညိုဖွယ်ရာ ကြားရသည်။

ဘုရားပတ်ဝန်းကျင်မှာ တွေ့ရသောသူများက သူတို့ကို မြင်သောအခါ မိတ်ဟောင်းဆွေဟောင်းများပမာ ခေါ်ပြော နှုတ်ဆက်ကြလေသည်။

သူတို့ကလည်း ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်ကြသည်။ မြနှင်းဖြူမှာ ယခုမှပင် တွေ့ရသူများ ဖြစ်သော်လည်း စိတ်ထဲမှာ နှစ်ပေါင်းများစွာကတည်းက သိကျွမ်းလာခဲ့သော မိတ်ဆွေများနှင့် ပြန်တွေ့ရသကဲ့သို့ ရှိလေသည်။

သုံးယောက်သား ဘုရားရင်ပြင်ပေါ် သို့တက်ပြီး ဘုရားပူဇော်ကန်တော့ပြီးနောက် ပြန်ဆင်းလာကြလေသည်။

အဘိုးအိုရှိရာသို့ ပြန်ရောက်သောအခါ. . သူတို့သုံးယောက်ကို ပြောပြသည်။

"တချိန်က ဒီနေရာတွေမှာ စည်းကားခဲ့တယ်၊ နောက်တော့ ငါတို့နေတဲ့ နေရာတွေကို ရန်သူတွေက ခြေရာခံမိသွားတာနဲ့ ပင်လယ်ပိုင်းဒေသတွေကို ထပ်ရွှေ့ခဲ့ကြရတယ်၊ ဒီနေရာတွေမှာ ရန်သူတပ်တွေနဲ့ တိုက်ပွဲတွေဖြစ်တော့ သေပြီးကျန်ခဲ့ကြသူတွေ အတော်များတယ်"

အဘိုးအိုက ဝမ်းနည်းကြေကွဲနေသောအသံမျိုးဖြင့်. . ပြောပြနေသည်။





"ငါတို့ပိုင်တဲ့ ရတနာတွေလည်း ဒီနေရာတစ်ဝိုက်မှာ မြှုပ်နှံထားခဲ့ရတယ်. . ၊ ဒီရတနာတွေကိုတော့ သေဆုံးသွားခဲ့တဲ့သူတွေက စောင့်ရှောက်ပေးကြရတယ်၊ မိုးမခညီနောင်ရှိတဲ့နေရာတစ်ဝိုက်မှာလည်း ငါတို့ပိုင်ဆိုင်တဲ့ ရွှေငွေရတနာတွေ ရှိတယ် အဲဒီရတနာတွေကိုတော့ မင်းတို့မောင်နှမသုံးယောက်က တာဝန်ယူ စောင့်ရှောက်ပေးနေကြရတယ်"

မောင်မြသူ၊ မြသင်းကြူနှင့် မြနှင်းဖြူတို့ သုံးယောက် မျက်လုံးအိမ်မှာ မျက်ရည်များစီးကျလာ ကြလေသည်။

၄င်းတို့၏ ဘဝအခြေအနေမှန်တို့ကို သိရသောအခါ များစွာ ဝမ်းနည်းကြေကွဲမှု ရှိကြလေသည်။

"အခုတော့ ဘဝကံကုသိုလ်ကြောင့် မြနှင်းဖြူက လူဘဝမှာ ရောက်နေရတယ်၊ ဒါပေမဲ့. . ဘဝဟောင်းကို မမေ့လေနဲ့ မောင်နှမသုံးယောက် တစ်ယောက်နဲ့တစ်ယောက် အကူအညီ ပေးကြရမယ်"

"စိတ်ချပါ အဘိုး"

"အဘိုး. . . မင်းတို့ကို မှာချင်တာကတော့ မြနှင်းဖြူ အနေနဲ့ ကိုယ်နဲ့ပဋ္ဌာန်းဆက် မပါတဲ့သူတွေနဲ့ အတူနေလို့ မရဘူး၊ နေဖို့ကြိုးစားတဲ့သူတိုင်း အသက်သေကြမှာပဲ"

ထိုစကားကြားတော့မှ သူမနှင့်လက်ထပ်ရန် ကြိုးစားသူတိုင်း တစ်ယောက်ပြီးတစ်ယောက် သေဆုံးကြရသည်ကို သဘောပေါက်လေတော့သည်။

"ကိုယ်နဲ့ ဘဝဆက်ရှိတဲ့ ဆိုရင်တော့ လက်ဆက်လို့ရပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ဒီကိစ္စတွေက ကျွန်မသဘောနဲ့လုပ်တာ မဟုတ်ပါဘူး၊ မိဘတွေစီစဉ်တဲ့အတိုင်း လုပ်ရတာပါ"

"အေးလေ. . သူတို့ကိုလည်း အပြစ်မဆိုသာပါဘူး၊ ဘာကြောင့်လည်းဆိုတော့ သူတို့က ဒီအကြောင်းတွေကို နည်းနည်းလောက်ပဲ သိကြတာကိုး"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ အဘိုး. . ."

"မင်းဟာ လွတ်လပ်သူတစ်ယောက်နဲ့ လူ့ဘဝမှာနေရင် ဒီလိုပဲ လိုချင်တဲ့သူတွေက လာကြမှာပဲ၊ ဒီတော့ ကိုယ်မှာ သက်ဆိုင်သူတစ်ယောက်တော့ ရှိထားဖို့လိုတယ်. . .

ဘာကြောင့်လည်းဆိုတော့ ဒီလိုမရှိဘူးဆိုရင် မကြာခင်မှာ ဒီလိုဒုက္ခတွေ ထပ်ရောက်လာဦးတော့မယ် "

အဘိုးအို စကားကြောင့် များစွာစိတ်ဆင်းရဲသွားမိလေသည်။ အဘိုးအိုပြောသော စကားအဓိပ္ပာယ်ကို သူသိသည်။

အခြားသူများ မနှောင့်ယှက်စေရန် အိမ်ထောင်မပြုသေးလျှင်တောင်မှ သက်ဆိုင်သောချစ်သူ ဒါမှမဟုတ် ရည်ရွယ်ထားတဲ့လူရှိရမည် သဘောမျိုးပင်ဖြစ်၏။

တစ်ခု ခက်တာက ယခုအချိန်ထိ သူမမှာ ချစ်သူမရှိသေးပေ ယခင်ကိစ္စများမှာ မိဘများ သဘောကျစီစဉ် ကြသဖြင့် လက်ခံရခြင်း ဖြစ်ပေသည်။

"တစ်ခုတော့ ရှိတယ်၊ မင်းနဲ့သက်ဆိုင် လာမဲ့သူဟာ. . ငါတို့နဲ့ ပဌာန်းဆက်ရှိရမယ်၊ စိတ်သဘောဖြူစင်တဲ့ သူမျိုးတော့ဖြစ်ရမယ်. . "

"ကျွန်မဆီကို ဘယ်လိုဒုက္ခမျိုးတွေ ရောက်လာနိုင်ပါသလဲ အဘိုး. . . "

"မကြာခင် ဒီနယ်မြေကို အနှောင့်အယှက် ပေးမဲ့သူတွေ ရောက်လာကြလိမ့်မယ်၊ သူတို့က မင်းကိုလည်း အနှောင့်အယှက် ပေးကြမှာမလဲဘူး၊ ဒီတော့ ကိုယ်ဘက်က လုံခြုံအောင်ကြိုတင်စီမံ ထားကြပါ. . . "

" ကောင်းပါပြီ ဘိုးဘိုး "

ထို့နောက်. . . မောင်နှမသုံးယောက် အဘိုးအိုကို ရှိသေစွာကန်တော့ပြီး လှေရှိရာကမ်းဘက်သို့ ပြန်ဆင်းလာကြလေသည်။

တန်ဆောင်မုန်းလပြည့်ည၊ လရောင်က တောတစ်တောလုံး ဖြန့်ကျက်ဖြာကျနေလေရာ တောထဲ၌ အလင်းရောင်များရနေလေသည်။ သို့သော်. . .

မြန္နင်းဖြူရင်ထဲမှာတော့ ဝေခွဲမရသော အတွေးများဖြင့် လေးလံထိုင်း မှိုင်းလျက်ရှိနေသည်။







www.burmeseclassic.com

www.burmeseclassic.com 





# အခန်း(၇)

# မျောက်တစ်ရာမှ မိကျောင်းဝယ်သောသူ

မျောက်တစ်ရာဘုရားရှိသောကြောင့် မျောက်တစ်ရာ ကျွန်းဟုလည်း ခေါ်ကြသော မိန်းမလှကျွန်းကြီးမှာ ရှေးအခါက သစ်တောကြီးများ ညို့မှိုင်းလျက်ရှိကာ လှပသောကျွန်းကြီးတစ်ကျွန်းပင်ဖြစ်ပေသည်။

ကျွန်းပေါ်တွင် ကျားဆင် စသည်တို့ပေါလှပြီး မြစ်နှင့် ချောင်းများ၌ မိကျောင်းအလွန်ပေါသော နေရာဒေသတစ်ခု လည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာကျော်ခန့်က စစ်ရေးရှုံးနိမ့်သဖြင့် တိမ်းရှောင်လာသော မြို့စားကြီး ဗညားဇေယျနှင့် နောက်လိုက်နောက်ပါများ ထိုဒေသတို့ရောက်လာကြပြီးနောက် သစ်တောများအတွင်းမှာ လူနေသောနေရာအချို့ ပေါ်ပေါက်လာလေသည်။

မြို့စားကြီးမရှိတော့သည့် နောက်ပိုင်းတွင် နောက်လိုက်နောက်ပါတို့သည် ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းနေထိုင်ကြရင်းမှ ပင်လယ်ကမ်းခြေနှင့် နီးသောနေရာများ၊ သစ်တောကြီးများအတွင်း၌ ရွာငယ်ကလေးများ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ကဒုံကနီ၊ ဧရာ၊ အမာ၊ ပြင်ဒရယ် စသောအမည်များမှာ ၎င်းတို့နေထိုင်သွားစဉ်က ပေးထားခဲ့သော အမည်နာမများဖြစ်ပြီး . . ယခုထက်တိုင် ဆက်လက်သုံးစွဲနေကြသည့် အမည်ဟောင်းများလည်းဖြစ်သည်။

ရှေးအခါက ကဒုံကနီမှ အနောက်မြောက်ထောင့်ဘက်သို့သွားလျှင် မရမ်းချောင်းသို့ရောက်သည်။ ထိုမရမ်းချောင်းအတွင်းမှာ ဉာဏ်တော်နှင့် အလုံးအထည် ကြီးမားမြင့်မားသော စေတီဟောင်းကြီးတစ်ဆူရှိသည်။ ရှေးလူတို့တည်ခဲ့သော အပြီးမသတ်သေးသော စေတီတစ်ဆူလည်းဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ဝန်းကျင် လောက်က ထိုစေတီတော်ကို မွမ်းမံပြင်ဆင်ပြီး ဆက်လက်တည်ကြရန် ကြိုးစားသောအခါ ရှေးခေတ်မွန်အမျိုးသား၊ အမျိုးသမီးများ လာ





ရောက်၍ ရွှေ ငွေ လက်ဝတ်ရတနာများ လာရောက် လှူဒါန်းကြပြီး၊ ကြီးမားသောမြွေကြီးများ ရောက်လာကြသည်ကို တွေ့ခဲ့ရသည်။

ချောင်းရိုးတလျှောက် ကြီးမားသော အုတ်ချပ်ကြီးများဖြင့် ပြုလုပ်ထားသော အုတ်လမ်းဟောင်းကိုလည်း တွေ့ခဲ့ရသည်။ အချို့မှာ ချောင်းထဲသို့ ပြိုကျနေလေပြီ။ ထိုနေရာတစ်ဝိုက်မှာ တွေ့ခဲ့ရသော ထူးခြားဆန်းကြယ်သော အကြောင်းများကို (၁၉၉၄)ခုနှစ်၊ ဩဂုတ်လ၌ ထုတ်ဝေသော ပါရမီမဂ္ဂဇင်းမှစတင်ပြီး 'ရှေးမွန်မြို့ဟောင်းတစ်နေရာ' အမည်ဖြင့် အခန်းဆက်ရေးသားခဲ့ပါသည်။

ဒေသခံများ ပြောပြချက်အရ ရှေးနှစ်ပေါင်း နှစ်ရာကျော်က. . ကဒုံကနီရှိသော အနောက်ဘက်မှ ပြင်ဒရယ်မြို့ဟောင်းရှိသော အရှေ့ဘက်ကမ်းသို့ ရေကျချိန်တွင် ကူးသွားနိုင်ရန် လမ်းရှိဖူးသည်ဟု ဆိုပါသည်။

ထိုကဲ့သို့ပင် မြို့စားကြီးနှင့်အတူပါလာကြသော နောက်လိုက်နောက်ပါတို့မှာ မြို့စားကြီး ကွယ်လွန်သွားသောအခါ ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းနေထိုင်ကြရင်းမှ နေရာအတော်များများ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပေသည်။

မြို့စားကြီးရှိစဉ်က မိန်းမလှကျွန်းပေါ်မှာ ဓာတ်သားဘုရားကို ဌာပနာပြီး စေတီတစ်ဆူ တည်ခဲ့သည်။

မူလဘွဲ့အမည် ဖြစ်သော်လည်း မှောက်တစ်ရာ ဘုရားဟုပင် ခေါ်ဝေါ်ကြသသည်။


www.burmeseclassic.com

www.burmeseclassic.com



မျောက်တစ်ရာဆိုသော အမည်နှင့် ပတ်သတ်ပြီး ဝိဝါဒကွဲပြားသော အချက်များလည်း ရှိသည်။

ကျွန်းပေါ်တွင် ကျောက်ဖြင့်ပြုလုပ်ထားသော (အချို့ကလည်း ကျောက်ဖြစ်နေသည်ဟု ဆိုသည်) မျောက်ရုပ်တစ်ရာ ရှိသည်။

အချို့ကလည်း မြို့စားကြီး ဘုရားမတည်မီ အချိန်ကတည်းက သဘာဝအလျောက် ရှိနေသည်ဟုဆိုသည်။

အချို့က မြို့စားကြီး စေတီတည်ပြီးနောက် ဘုရားကို အစောင့်အရှောက်အဖြစ် မျောက်ရုပ်များ ပြုလုပ်ကာ အစီအရင် ပြုလုပ်ထားသည် ဟုဆိုပါသည်။

အချို့ကလည်း ဦးရှင်ကြီးနတ်ဖြစ်နေသော မောင်ရှင်သည် လှေသူကြီးက ရေစာချကျွေးခြင်းခံရပြီး အရှင်လတ်လတ် မိန်းမလှကျွန်းပေါ် ရောက်ခဲ့ရသည်။

ထိုအခါ မိခင်နှင့် မိမိအရပ်ဒေသကို လွမ်းဆွတ်သောကြောင့် ကျွန်းပေါ်ရောက်နေသော အချိန်ကာလကို မျောက်ရုပ်များပြုလုပ်ပြီး အမှတ်အသားပြုခဲ့သည်ဟုလည်း ဆိုသည်။ မည်သည့်အချက်က အမှန်ဖြစ်သည်ကိုတော့ မသိရပေ။ သို့သော် သေချာတာတစ်ခုတော့ ရှိသည်။

ထိုမျောက်ရုပ်များမှာ သိဒ္ဓိရှိသည်။ တောပေါ်တက်သူတိုင်း ရှာမတွေ့နိုင်ပေ။ တစ်ခါတစ်ရံ မရှာဘဲနှင့် မမျှော်လင့်ဘဲ တွေ့ရသည်မျိုးလည်းရှိသည်။

အချို့ ဒုက္ခရောက်နေသူများကို အကူမညီ ပေးသွားသည်မျိုးလည်း ရှိဖူးသည်။





မျောက်ရုပ်များကိုတွေ့သဖြင့် . . ရေတွက်ကြည့်လျှင်လည်း အကောင်တစ်ရာ မပြည့်ဘဲ (၉၉)ကောင်သာ ရေတွက်၍ရသည်။

မျောက်ကွယ်နေသော မျောက်ရုပ်လက်ထဲမှာ သိဒ္ဓိရှိသောဓာတ်လုံး(အချို့က ပတ္တမြားဟုပြောသည်)ရှိသည်ဟု ပြောဆိုကြသည်။

ထူးဆန်းသောအချက်က. . . မိန်းမလှကျွန်းပေါ်မှာ ကျောက်ရုပ်များဖြစ်နေသော မျောက်ရုပ်များရှိနေသော်လည်း တွေ့လိုသဖြင့် တက်ရောက်ရှာဖွေသော်လည်း မတွေ့ရခြင်းပင်ဖြစ်သည်။

သို့သော်လည်း မိန်းမလှကျွန်းပေါ်မှာ အကောင်တစ်ရာအထိ ကျောက်ဖြစ်နေသော မျောက်ရုပ်များ. . ရှိနေကြသောကြောင့်လည်း ထိုကျွန်းပေါ်မှာရှိသော စေတီတော်ကို မျောက်တစ်ရာဘုရားဟု ခေါ်ခြင်းဖြစ်သည်။

မျောက်တစ်ရာဘုရားနှင့် မနီးမဝေးမှာ ရှိနေသောချောင်းကိုလည်း မျောက်တစ်ရာချောင်းဟုပင် အလွယ်ခေါ်ကြလေသည်။

မျောက်တစ်ရာချောင်းသည် ရှေးအခါက လူသူအရောက်အပေါက်နည်းသော ချောင်းဖြစ်ပြီး မိကျောင်းပေါ်သောနေရာလည်း ဖြစ်သည်။

သို့ကြောင့် မိကျောင်းဖမ်းသမားတို့ မျက်စိကျသော



www.burmeseclassic.com

www.burmeseclassic.com



နေရာ တစ်နေရာလည်းဖြစ်သည်။

ယခုလည်း ချောင်းဖျားဘက်ပိုင်း တစ်နေရာမှာ. . မိချောင်းဖမ်းသော ထောင်ချောက်တစ်ခု တံခါးကျနေလေပြီ။ မိကျောင်းဖမ်းသောထောင်ချောက်မှာ မိကျောင်း မထွက်နိုင်အောင် သစ်လုံးများဖြင့် လေးဖက်လေးတန် ကာရံထားပြီး ချောင်းဖက်မှာ တံခါးပေါက်တစ်ခုရှိသည်။

ထောင်ချောက်တံခါးကို အပေါ်ဆွဲတင်ထားပြီး ခလုတ်နှင့်တွဲထားသောကြိုးမှာ အသားတုံးများ ချည်ထားပေးသည်။ မိကျောင်းက အစာကိုဆွဲယူသည်နှင့် မောင်းခလုတ်ပြုတ်ပြီး တံခါးကျသွားစေရန် စီမံထားခြင်းဖြစ်သည်။ ယခုချောင်းဖျားဘက်၌ ထောင်ထားသောထောင်ချောက်မှာ ပြုတ်ပြီး တံခါးကျပြီး ပိတ်နေလေသည်။

ရေကျချိန်တွင် ထိုနေရာသို့ လှေတစ်စင်း ရောက်လာသည် လှေပေါ်မှာ လူလေးယောက်ပါလာလေသည်။

ဦးနေဒွန်း၊ နီမောင်၊ စောထီး၊ ငမဲအောင် တို့ပင်ဖြစ်သည်။ ထိုထောင်ချောက်မှာ. . ၎င်းတို့ဆင်ထားသော ထောင်ချောက်ဖြစ်သည်။

ထောင်ချောက်နားရောက်တော့ ချိတ်ထားသော အသားတွဲလည်းမရှိ၊ တံခါးလည်း ပြုတ်ကျနေပြီဖြစ်သောကြောင့် ထောင်ချောက်ထဲမှာ သတ္တဝါတစ်ကောင် မိနေပြီဟုတော့ ခန့်မှန်းမိကြသည်။

မိကျောင်းမဟုတ်ဘဲ အခြားသတ္တဝါတစ်ကောင်က





အစာကို ဝင်ဆွဲသဖြင့်လည်း တံခါးပြုတ်ကျနိုင်ပေရာ မိကျောင်းဖြစ်မည်တော့ သေသေချာချာ မသိရပေ။ ရေကျသွားတော့. . ချောင်းထဲမှာ ရေနည်းသွားပြီး ထောင်ချောက်ဆင်ထားသောနေရာမှာလည်း ရေမရှိတော့ပေ. . .။

လှေကို ထိုနေရာကပ်ပြီး အခြေအနေကို ကြည့်တော့ ထောင်ချောက်ထဲမှာ ဘာမှမတွေ့ရပေ. . . .။

အပေါ်ဘက်မှာ ကိုရိုးကြီးပိုက်တောများ ရှိနေပြီး၊ အချို့နေရာမှာတော့ နွံအိုင်အချို့ ရှိနေသည်။

သတ္တဝါက ထိုနေရာမှာ ခိုအောင်းနေနိုင်သည်။

နံနက်ပိုင်း အချိန်ဖြစ်သောကြောင့် အလင်းရောင်ရှိနေသည်ဆိုသော်လည်း သစ်ပင်များအပေါ်မှ အုပ်ဆိုင်းနေသောကြောင့် ထောင်ချောက်ထဲမှာ အမှောင်ရိပ်သမ်းနေလေသည်။

"ထောင်ချောက်ကတော့ ပုံမှန်ပဲအဘ၊ ကျွန်တော်ဆင်းကြည့်မယ်"

နီမောင်က ပြောသည်။

"မိကျောင်းမိနေရင် စလွတ်နဲ့မထိုးနဲ့၊ မားန္ဒမခုတ်ဘဲ အရှင်ရအောင်ဖမ်းမယ်၊ စလွတ်ချက်၊ မားချက်တွေပါလို့ သားရေပြားကြားမှာ အပါက်အပြဲ ရှိနေရင် ဈေးကောင်းမရဘူး"

"ဟုတ်ကဲ့"

"ဒါပေမယ့် မင်းတစ်ယောက်တည်းတော့ မဆင်းနဲ့၊ စောထီးနဲ့ ငမဲအောင်ပါ ခေါ်ပြီး သုံးယောက်ဆင်းကြ၊ နောက်ပြီး ဆင်းခင် ကြိုးကွင်းနဲ့ ဖော့လုံးတွေကို အဆင်သင့် ဆောင်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြ”

“ဟုတ်ကဲ့ပါ. . .”

ထိုနောက် ဓား၊ စလွတ်၊ ကြိုးကွင်း၊ ဖော့လုံး(ဖော့လုံး အဖြစ် ငှက်ပျောတုံး လမုဖော့လုံးများကို အသုံးပြုကြလေသည်) စသည်တို့ကိုယူပြီး သုံးယောက်သား ထောင်ချောက်ထဲသို့ ခုန်ဆင်းသွားကြသည်။

နွံက ဒူးဆစ်လောက်ရှိသည်။

သူတို့ထောင်ချောက်ထဲရောက်တော့မှ လမုပင်ကြီးများ အုပ်ဆိုင်းနေသော ဗျိုက်တောအတွင်းမှ သတ္တဝါတစ်ကောင်၏ ဦးခေါင်းထိုးထွက်လာသည်။

အတော်ကြီးသော ခေါင်ရှည်မိကျောင်းတစ်ကောင်ပင် ဖြစ်သည်။

“ဒင်းက အကြံနဲ့ ဝင်နေတာပဲ၊ တွေ့ကြရပေါ့ကွာ. . .”

မိကျောင်းကိုမြင်သည်နှင့် သုံးယောက်သား လူခွဲလိုက်သည်။ မိကျောင်းက နီမောင်ရှိရာသို့ ပြေးဆင်းလာသည်။ အနားရောက်တော့ ဘေးသို့ရှောင်ပေးရာ ပါးစပ်ဖြင့် လှည့်ကိုက်သည်။

“ဖြောင်း. . .”

နောက်တစ်ကြိမ် ပါးစပ်ကိုက်ဖြင့် ကိုက်ရန်ဟလိုက်သည်နှင့် စောထီးက ဖော့လုံးများ ပစ်သွင်းလိုက်သည်။

“ဖောင်း. .”

မိကျောင်းက ဆီးကိုလိုက်ရာ ဖော့လုံးများကို ကိုက်မိပြီး ပါးစပ်က ညပ်သွားသည်။





ထိုအခါမှ ကြိုးကွင်းဖြင့် နှုတ်သီးကို စွပ်မိအောင် ဖမ်းဆွဲလိုက်သောအခါ နှုတ်သီးကို ကြိုးကွင်းက တုပ်မိသွားသည်။

ပါးစပ်အတွက် စိတ်ချသွားသည်။

မိကျောင်းက သူ့ပါးစပ်ကို ကြိုးတုပ်မိသောအခါ နွံထဲမှာ ပတ်လူးလေသည်။

သူလူးလေလေကြိုးစများက သူ့တစ်ကိုယ်လုံးရစ်ပတ်မိလေလေဖြစ်ရာ အတန်ကြာတော့ တစ်ကိုယ်လုံးကြိုးတုပ်ပြီးသား ဖြစ်သွားသည်။

ထိုအခါ ကနစိုပျောသားတစ်ချောင်းဖြင့် နှုတ်သီးမှ အမြီးအထိ ဒမင်နွယ်ကြိုးများဖြင့် တုပ်လိုက်သော် မိကျောင်းမှာ မလှုပ်သာတော့ပေ။ ထိုအခါမှ ရေစပ်သို့ဆွဲယူလာပြီး လှေပေါ်တင်သည်။ လေးယောက်သား မိကျောင်းတစ်ကောင်ကို လှေပေါ်တင်ပြီး ပြန်ထွက်လာကြရာ မျောက်တစ်ရာစေတီရှိသော နေရာနှင့် မနီးမဝေးရောက်တော့ ကမ်းစပ်တစ်နေရာမှာ ရပ်နေသော ဘုန်းကြီးတစ်ပါး တွေ့ရသည်။

နီမောင်တို့က လူကြုံလိုက်လိုသည်ထင်သဖြင့် လှေအရှိန်လျှော့ပေးလိုက်သည်။

ဘုန်းကြီးက လက်ဟန်ခြေဟန်ဖြင့် ကမ်းသို့အကပ်ခိုင်းသဖြင့် ကမ်းစပ်သို့ဦးထိုးကပ်ပေးလိုက်သည်။

တကယ်တော့လှေပေါ်မှာ မိကျောင်းတစ်ကောင်ပါလာသောကြောင့် ဘုန်းကြီးရှိသောနေရာကို မကပ်ချင်သော်လည်း မလွဲသာသောကြောင့် ဝင်ကပ်ပေးရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ဒီနေရာရောက်လာပြီး တရားအားထုတ်နေတာ သိပ်မကြာသေးဘူး၊ ဒီသတ္တဝါကို ဘာအတွက်ဖမ်းတာလဲ"

"ရောင်းဖို့အတွက်ပါဘုရား"

"ပိုက်ဆံအတွက် ဖမ်းတာဆိုတော့၊ သူ့ကိုပြန်လွှတ်ပေးလိုက်ပါ ဒကာတို့အတွက် ပိုက်ဆံပေးပါ့မယ်"

ထိုသို့ပြောနေစဉ်မှာ တောထဲမှ ကရင်အကျီအဝတ်အစားများဝတ်ထားသော အဘိုးကြီးတစ်ယောက် ထွက်လာပြီး လှေရှိရာသို့ဆင်းလာသည်။

"ရောင်းရင် ဘယ်လောက်ရသလဲ"

လေသံခတ်ဝဲဝဲနှင့် မေးသည်။

"တစ်ရာကျော်လောက်ပဲ ရမှာပါ"

ဦးနေဒွန်းက ကြောက်ကြောက်ရွံ့ရွံ့နှင့် ပြန်ပြောလိုက်သည်။

"ခင်ဗျားတို့လေးယောက်ကို ငွေနှစ်ရာပေးလိုက်မယ် သူ့ကိုပြန်လွှတ်ပေးလိုက်ပါ"

ဟုပြောပြီး ခါးကြားမှာထိုးထားသော အထုပ်တစ်ထုပ်ကို လှမ်းပေးသဖြင့် ယူထားလိုက်သည်။

"မြစ်ဝရောက်ရင် ပြန်လွှတ်ပေးလိုက်ပါ့မယ်ခင်ဗျား၊ ပေးတဲ့ငွေကများနေပါတယ်"

"ပိုတဲ့ငွေကို နောက်တစ်ခေါက်ဒီဘက်ကမ်းရောက်ရင် ဘုန်းကြီးအတွက် လှူဖို့တန်းဖို့ ဝယ်လာပြီးလှူကြပေါ့"

ဟုပြောပြီး ပြန်တက်သွားသည်။





ထို့နောက် ဘုန်းကြီးရော ကရင်အဘိုးကြီးပါ တောထဲသို့ ပြန်ဝင်သွားကြလေတော့သည်။

နီမောင်တို့လည်း သူတို့ပေးထားခဲ့သောအထုပ်ကို ဖြေကြည့်ရာငွေဒင်္ဂါးပြား နှစ်ရာအတိရှိနေသည်ကို တွေ့ကြရလေသည်။

ထို့နောက်ချောင်းဝသို့ ထွက်လာပြီးနောက် ဖမ်းထားသောမိကျောင်းကို ကြိုးဖြေပြီးပြန်လွှတ်ပေးလိုက်ကြသည်။

ထို့နောက် ဦးနေဒွန်းက သံဝေဂစကားတစ်ခွန်း ပြောလေသည်။

"ဒါဟာ သာမန်တော့ဟုတ်မယ်မထင်ဘူး၊ မှောက်တစ်ရာဘုရားမှာ အရင်ကဘုန်းကြီးမရှိပါဘူး၊ အခုမှ ရောက်လာပြီး တိုက်တိုက်ဆိုင်ဆိုင် ငါတို့နဲ့တွေ့ရတာတော့ အတော်ကလေးဆန်းတယ်"

ဘယ်လိုသဘောမျိုးဖြစ်မလဲအဘ။

"ငါ့အထင်ပြောရရင်တော့၊ ငါတို့ကို အကုသိုလ်မကောင်းတဲ့အလုပ်တွေ မလုပ်စေချင်တော့ဘူးနဲ့ တူတယ်"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"သူတို့ပေးလိုက်တဲ့ငွေက ငါတို့ရှာရင်တောင် မရနိုင်တဲ့ငွေပဲ၊ ဒီတော့ ဒီငွေကို လေးယောက်ခွဲယူပြီး ငါတို့ ဒီအလုပ်တွေ စွန့်လိုက်ကြရင်မကောင်းဘူးလား"

"အဘမလုပ်တော့ဘူးဆိုရင် ကျွန်တော်တို့လည်း မလုပ်တော့ပါဘူး၊ တခြားအလုပ်လုပ်လည်း တစ်ဝမ်းတင်ပါတော့ စား



www.burmeseclassic.com

www.burmeseclassic.com



ရမှာပါ။ ဒါပေမယ့် ဒီငွေတွေအားလုံး ကျွန်တော်တို့ သုံးရမှာ မဟုတ်ဘူးထင်တယ်"

"ဟုတ်တယ်လေ ဟိုကရင်အဘိုးကြီး မှာလိုက်သလို ဘုန်းကြီးအတွက် လှူစရာတွေဝယ်ပြီး နောက်တစ်ခေါက်ပြန် လာရမှာပေါ့"

"ဒါပေမယ့် ကျွန်တော်တို့လာရင်ကော ဘုန်းကြီးနဲ့ တွေ့ပါ့မလား"

"စိတ်ပူမနေပါနဲ့ကွာ အခုတောင်မှ တိုက်တိုက်ဆိုင်ဆိုင် တွေ့ရသေးတာပဲ၊ ငါတို့နဲ့ရေစက်ပါရင်တော့ ထပ်တွေ့ကြရမှာ ပါ. . ."

ဟု ပြောဆိုပြီး မဟာမြိုင်ရွာဘက်ကမ်းသို့ ပြန်ကူးခဲ့ကြ လေသည်။







# အခန်း(၈)

# မိန်းမလှကျွန်းမှ ဂမ္ဘီရဆန်သော ရုပ်တုများ

နောက်တစ်ရက်မှာတော့ မဟာမြိုင်တစ်ရွာလုံး ဆန်းကြယ်သော သတင်းတစ်ခုကြောင့် များစွာစိတ်ဝင်စားနေကြလေသည်။ အခြားမဟုတ်ပေ. . .။

မျောက်တစ်ရာစေတီတော် အနီးတစ်ပိုက်တွင် အခြားမှအမိဋ္ဌာန်လာဝင်နေသော ဘုန်းကြီးတစ်ပါး ရောက်နေသည်ကို နီမောင်တို့တွေ့ခဲ့ရသည်ဆိုသော သတင်းဖြစ်သည်။ အဒို့ကလည်း သေသေချာချာသိချင်သောကြောင့် လာမေးကြသည်။

www.burmeseclassic.com



အချို့ကလည်း တဖက်ကမ်းသို့ လှေဖြင့်ကူးသွားပြီး သွားရောက်ရှာဖွေကြသည်။

မျောက်တစ်ရာဘုရားရှိရာသို့ ထိုအနီးမှာရှိသော ချောင်းထဲမှဝင်သွားပါက အလွယ်တကူရောက်နိုင်သောကြောင့် လှေဖြင့်သွားခြင်းက ပိုပြီးအဆင်ပြေသည်။

ထို့ကြောင့် အတော်များများက လှေဖြင့်သွားကြသည်။

ထိုသို့ သွားရောက်ရှာဖွေကြရာ ဖူးတွေ့ခဲ့ရသူရှိသလို မတွေ့ရဘဲ ပြန်လာရသူများလည်း ရှိသည်။

တစ်နေ့တော့ နီမောင်တို့သုံးယောက်မှာ မျောက်တစ်ရာဘက်ကမ်းသို့ ကူးရန်ပြင်နေကြသည်။

ဒီတစ်ခါတော့ မိကျောင်းဖမ်းရန်အတွက် သွားကြမည်မဟုတ်ဘဲ သူတို့တွေ့ခဲ့ရသော ဘုန်းကြီးကို သွားရောက်ရှာဖွေရန်အတွက်ဖြစ်သည်။

ထိုသို့သွားရန်တိုင်ပင်ပြီးကတည်းက သက်န်းအစရှိသောပရိက္ခရာများနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ဝယ်ယူစုဆောင်းထားကြလေသည်။

ထိုပစ္စည်းများကို စက်စုရွာအထိ သွားရောက်ဝယ်ယူကြရခြင်းဖြစ်ပေသည်။

နီမောင်က သက်န်းနှင့် အခြားအသုံးအဆောင်များဝယ်ယူထားသလို စောထီးနှင့်ငမဲအောင်တို့ကလည်း ၎င်းတို့တတ်နိုင်သမျှ လှူစရာများ ယူလာပေးကြသည်။

ဦးနေဒွန်းကတော့ ၎င်းမိသားစုများနှင့် တစ်ခေါက်သွားခဲ့ပြီးဖြစ်သလို နီမောင်တို့နှင့် မလိုက်တော့ပေ။ ၎င်းတို့သွားရန်ပြင်ဆင်နေကြစဉ် မြနှင်းဖြူ ရောက်လာလေသည်။ သူမလက်ထဲမှာ အထုပ်ကလေးများ ပါလာသည်။

"မြနှင်းဖြူ နင်ဘယ်သွားမလို့လဲ"

စောထီးက မေးလိုက်သည်။

"နင်တို့ ဟိုဘက်ကမ်းကို ကူးရင် ငါပါလိုက်ခဲ့ချင်လို့ လာတာပါ"

"လိုက်ခဲ့ပေါ့ဟာ. . ."

"ဒါထက် မျောက်တစ်ရာဘုရားမှာ ဘုန်းကြီးတစ်ပါးတွေ့ခဲ့ရတာ တကယ်ပဲလားဟင်"

"တကယ်ပေါ့ဟာ၊ ငါတို့ မိကျောင်းသွားဖမ်းရင်းနဲ့ တွေ့ခဲ့ရတာ. ၊ ဘုန်းကြီးနောက်မှာ ကရင်အဘိုးကြီးတစ်ယောက်တောင် ပါသေးတယ်"

ငမဲအောင်ကပါ ပြောပြသည်။

"နင်တို့ ကံကောင်းတာပေါ့နော်"

"ဒီတစ်ခေါက်သွားရင်တော့ တွေ့ရမလား၊ မတွေ့ရမလားမပြောနိုင်သေးဘူး"

"ကိုယ်နဲ့ထိုက်ရင်တော့ ဖူးရမှာပေါ့၊ ဒါထက်အရင်က အဲသည်ဘက်ကမ်းမှာ ဘုန်းကြီးလည်းမရှိဘူး၊ တခြားနေတဲ့လူလည်းမရှိဘူးနော်"

"ဒီလောက်တောနက်ပြီး ကျားတွေဆင်တွေပေါလှတာ ဘယ်သူနေဝံ့မှာလဲဟာ"







www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာတော့ မြနှင်းဖြူပါ ခရီးကြုံလိုက်လာလေသောကြောင့် လေးယောက်ဖြစ်သွားပြီး လှေတစ်စင်းနှင့် မိန်းမလှကျွန်းရှိရာဘက်သို့ ကူးခဲ့ကြသည်။

မဟာမြိုင်ချောင်းနှင့် မျောက်တစ်ရာစေတီရှိသော နေရာလောက်မှာ . . မျက်စောင်းထိုး အနေအထားမျိုးဖြစ်သောကြောင့် သိပ်ကြာကြာတော့ မသွားကြရပေ။ ထိုနေရာရောက်တော့ ချောင်းထဲဝင်သွားကြသည်။

"အရင်က ဒီနေရာကို လာဖူးသလား"

နီမောင်က ရှေ့မှာထိုင်နေသော မြနှင်းဖြူကိုမေးလိုက်သည်။

"ဘုရားပွဲကျင်းပတဲ့ ရက်မျိုးတော့ အဖော်တွေနဲ့ တစ်ခေါက်နှစ်ခေါက် လာဖူးတယ်၊ ကျန်တဲ့အချိန်တွေတော့ မရောက်ဖူးဘူး"

စကားတပြောပြောနှင့် လှော်ဝင်လာကြရာ တလောက ဘုန်းကြီးနှင့် တွေ့ရသောနေရာသို့ ရောက်သောအခါ လှေကို ထိုနေရာ၌ပင် ရပ်ထားခဲ့ပြီး ကမ်းပေါ်သို့ တက်ခဲ့ကြသည်။ ထိုသို့ တက်ခဲ့ကြသော်လည်း ဘုန်းကြီးက ဘယ်နေရာမှာ ရှိမှန်းမသိကြပေ။

ကမ်းစပ်နှင့် မနီးမဝေးနေရာတွင် ထူးထူးခြားခြား ကုက္ကိုပင်ကြီးတစ်ပင် ရှိနေပြီး ထိုသစ်ပင်ကြီးအောက်မှာတော့ နတ်စင်နှစ်စင်ရှိသည်။

တစ်စင်းက ဦးရှင်ကြီးနတ်စင်ဖြစ်ပြီး မနီးမဝေးမှာရှိ





သော နောက်တစ်စင်က အဘိုးနတ်ကွန်းစင် ဖြစ်သည်။

နီမောင်တို့မှာ သစ်တောနှင့် မြစ်ချောင်းများမှာ အသက်မွေးဝမ်းကျောင်း ပြုနေသူများဖြစ်သောကြောင့် ထိုနတ်စင်များမြင်သောအခါ အနီးသို့သွားရောက်ပြီး အသင့်ပါလာသော အမွှေးတိုင်၊ ဖယောင်းတိုင်များထွန်းကာ ပူဇော်ကြလေသည်။

ထိုသို့ ပူဇော်နေစဉ်မှာပင် တောစပ်မှ လူတစ်ယောက် ထွက်လာသည်။ တစ်လောက ဘုန်းကြီးနှင့်အတူ တွေ့ရသော တရင်အဖိုးကြီးက ခေါင်းညိတ်ပြကာ . . .

"ငါနောက်က လိုက်ခဲ့ကြ . . ."

ဟုပြောပြီး ခေါ်သွားရာ လေးယောက်သား နောက်မှ လိုက်သွားလေသည်။

ထိုနေရာတစ်ဝိုက်မှာ သဲကုန်းတန်းဆန်သော နေရာများဖြစ်ပြီး ကန့်ပလာပင်ကြီးများစွာတို့ ပေါက်ရောက်လျှက်ရှိသည်. ကန့်ပလာပင်မှာ အပင်ကြီးမျိုးဖြစ်ပြီး အချို့သက်တမ်းရှည်လှပြီဖြစ်သော အပင်ကြီးများမှာ လူသုံးလေးဖက်စာမျှ ကြီးမားကြသည်။

ထိုသစ်ပင်ကြီးများမှာ မျောက်မျိုးစုံတို့ ပေါလှသည်။ တောတစ်တောလုံး မျောက်အော်သံများသာ ကြားနေရသည်။ မိန်းမလှကျွန်းပေါ်မှာ ကျားနှင့်ဆင်များ ပေါလှသည်ဆိုသော်လည်း ဘုရားကုန်းတန်းတစ်ဝိုက်မှာတော့ ခြေရာကို မတွေ့ကြရပေ . . .။

တစ်နေရာရောက်တော့ ကန့်ပလာပင်ကြီး တစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာရှိသော ဘုန်းကြီးကိုတွေ့ကြရသည်။

ထိုသစ်ပင်ကြီး၌ ကြီးမားသော သစ်ခေါင်းပေါက်ဝကြီး တစ်ခုလည်း ရှိလေသည်။

သူတို့လာတာကိုမြင်တော့ ဘုန်းကြီးက သစ်ပင်ခြေရင်းမှာ ဝင်ထိုင်လေသည်။

နီမောင်တို့က ရှိသေစွာကန်တော့ပြီး ယူဆောင်လာသော သက်န်းနှင့် လှူဖွယ်ပစ္စည်းများကို လှူကြလေသည်။

"မကောင်းမှုနဲ့ အသက်မွေးလို့ ဒီဘဝမှာ ဆင်းရဲသော်လည်း နောင်ဘဝမှာ ချမ်းသာခြင်းနဲ့ တွေ့ကြရတယ်. . .

ကောင်းမှုနဲ့ အသက်မွေးသူတွေဟာ ဒီဘဝမှာ ဆင်းရဲသော်လည်း နောင်ဘဝမှာ ချမ်းသာခြင်းနဲ့ တွေ့ကြရတယ်. .

တစ်ဘဝစာအတွက်ရထားတဲ့ ခန္ဓာကိုယ်ကို အလိုမလိုက်ကြပါနဲ့၊ တစ်ဘဝအတွက် အသုံးပြုခွင့်ရတဲ့ ခန္ဓာကိုယ်ကို အသုံးချပြီး ဘဝကူးကောင်းအောင်သာ ကြိုးစားကြပေတော့"

တိုတိုတုတ်တုတ်နှင့်ပင် တရားပြပေးသည်။

"ငါ့ကို တောထဲတောင်ထဲမှာ တစ်ပါးတည်း တွေ့ရလို့ သိဒ္ဓိပေါက်နေတဲ့ပုဂ္ဂိုလ်၊ တရားထူးရနေတဲ့ပုဂ္ဂိုလ်လို့ မထင်ကြပါနဲ့၊ ငါကလည်း မကြာသေးခင်ကမှ အသိတရားရပြီး တရားအားထုတ်ဖို့ ကြိုးစားနေတဲ့ အဆင့်မှာပဲ ရှိပါသေးတယ်"

ဟုလည်း ရိုးရိုးသားသား ဝန်ခံလေသည်။

နီမောင်တို့တွေ့ခွင့်ရသော ဘုန်းတော်ကြီးမှာ နောင်တစ်ချိန်တွင် ပထမဆုံး မျောက်တစ်ရာဆရာတော်ကြီးဟု ထင်





ွားလာမည့် ဘုန်းကြီးဖြစ်လေသည်။

လူဘဝက မော်လမြိုင်ကျွန်းဘက်မှာနေခဲ့ပြီး ဌာနအုပ်အလုပ် လုပ်ခဲ့ဖူးလေသည်။

နောက်ပိုင်းမှာတော့ ဘုန်းတော်ကြီးဝတ်ပြီး မျောက်တစ်ဘက်သို့ တောထွက်လာခြင်းဖြစ်သည်။

ဆရာတော် ရောက်ကာစအချိန်က ကန့်ပလာပင် သစ်ခေါင်းကြီးကို ကျောင်းအမှတ်ဖြင့် ဝင်ရောက်သတင်းသုံးခဲ့ရပြီး တရားအားထုတ်ခဲ့လေသည်။

တရားကို စောင့်ရှောက်သူကို တရား၏တန်ခိုးတော်များက ပြန်လည်စောင့်ရှောက်ရသည်ဆိုသော နိယာမအတိုင်း တောကြမ်းလှသော ထိုနေရာမှာ. . တစ်ပါးတည်းလာရောက်သီတင်းသုံးနေသော အချိန်မှာ တောစောင့်နတ်တို့က အန္တရာယ်တို့ကို တားဆီးကာကွယ်ပေးကြခြင်း၊ လူသူမနီးသောတောထဲမှာ သစ်သီးလည်းမရနိုင်သော နေရာဖြစ်သော်လည်း ဆွမ်းကွမ်းကပ်လှူသူများ ရှိနေလေရာ အဟာရအတွက် မှုတစ္စာ ရသောကြောင့် တရားကိုပေါက်မြောက်အောင် အားထုတ်နိုင်ခဲ့လေသည်။

တစ်ခါတစ်ရံ အကောင်ရေ များပြားလှသော မျောက်များရောက်လာပြီး သစ်သီးများ လာရောက်လှူဒါန်းကြသည်။

နေ့စဉ်ဆွမ်းအတွက်တော့. . ကရင်အမျိုးသမီး သုံးယောက်က လာရောက်လှူဒါန်းကြသည်။

နောက်ပိုင်းမှာတော့ ဒကာ၊ ဒကာမများက မျောက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ရာဘုရားနှင့် မနီးမဝေးနေရာမှာ တောကျောင်းကလေး ဆောက်လုပ်ပေးကြသော်လည်း အမြဲမနေဘဲ တောထဲမှာသာ သွားရောက်နေလေသည်။

များသောအားဖြင့်ကတော့ လူသူဝေးသော ကန့်ပလာသစ်ပင်ခေါင်းကြီးထဲမှာ သွားရောက်နေထိုင်သောအချိန်တပိုများလေသည်။

နီမောင်တို့လေးယောက်မှာ ဆရာတော်အား လှူဖွယ်ဝတ္ထုများ လှူဒါန်းကြပြီးနောက် ပြန်ကာနီးတွင် နီမောင်က သိလိုသော အချက်ကို အရဲစွန့်ပြီး မေးလိုက်သည်။

"အရှင်ဘုရား. . . ဒီတောပေါ်မှာ ကျောက်ဖြစ်နေတဲ့ မျောက်ရုပ်တွေ ရှိတယ်ဆိုတာ မှန်ပါသလားဘုရား"

ဘုန်းတော်ကြီး ခေါင်းညိတ်ပြသည်။

"တပည့်တော်တို့ ကြည့်ချင်လို့ ကြည့်ပါရစေဘုရား"

"ဘုန်းတော်ကြီးနဲ့ သက်ဆိုင်တဲ့အရာတွေတော့ မဟုတ်ပါဘူး၊ သက်ဆိုင်ရာ တောပိုင်တောင်ပိုင်တွေကို ခွင့်တောင်းပြီး သွားရှာကြပေတော့၊ သူတို့ခွင့်ပြုရင်တော့ ကြည့်ခွင့်ရကြမှာပါ"

ဟုပြောပြီး တစ်နေရာသို့ လက်ညှိုးထိုးပြလေရာ နီမောင်တို့လည်း ဘုန်းတော်ကြီးကိုကန်တော့ပြီး ထိုနေရာမှ ထွက်ခဲ့ကြလေသည်။

ထိုနေရာတစ်ဝိုက်မှာတော့ တောနက်လှသည်။ ကနုပင်၊ လဗပင်၊ ကန့်ပလာပင်ကြီးများနှင့် သရောပင်များက နေရာအနှံ့ ရှိနေကြသည်။





နီမောင်က တစ်နေရာရောက်တော့ တောစောင့်နတ်များနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များအား ကျောက်ရုပ်များနှင့် တွေ့စေရန် တိုင်တည်ဆုတောင်းလိုက်သည်။

ပြီးမှ. . ဘုန်းကြီးညွှန်ပြသောဘက်သို့ ထွက်ကြသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် တစ်နေရာရောက်တော့. . တစ်နေရာမှ မျောက်များ ဆူဆူညံညံအော်သံများကို ကြားကြရသည်။

"ဟိုဘက်နားက မျောက်အော်သံတွေကြားရတယ်၊ အဲဒီဘက်မှာ ရှိနိုင်တယ်"

"ကျောက်ဖြစ်နေတဲ့ မျောက်တွေကတော့ ဒီလိုအော်နိုင်ပါ့မလား၊ ဒီလိုအော်နေမှတော့ အသက်ရှိတဲ့ မျောက်တွေပဲ ဖြစ်မှာပေါ့"

"ဘာပဲဖြစ်ဖြစ် ဘုန်းတော်ကြီး ညွှန်ပြလိုက်တဲ့ဘက်ကသည်း အဲဒီဘက်မှာဆိုတော့ သွားကြည့်တာ မမှားပါဘူး"

ဟုပြောဆိုတိုင်ပင်ပြီး မျောက်အော်သံများကြားရာဘက်သို့ လာခဲ့ကြလေသည်။

တစ်နေရာရောက်တော့ အရွယ်အစား အကြီးအသေးစုံလင်လှသော ကျောက်ရုပ်များကို တွေ့ကြရသည်။

မျောက်ရုပ်များမှာ ပုံသဏ္ဍာန်အမျိုးမျိုး ရှိကြလေသည်။ ယခင်က ဘယ်လို အရောင်အဆင်း ရှိခဲ့သည်တော့ မသိပေ၊ ယခုအခါ သစ်တောထဲမှာ နှစ်ပေါင်းများစွာ ရှိနေခဲ့ကြဟန်ဖြင့် ရေညှိရေမှော်များ တက်နေသောကြောင့် အရောင်အဆင်းပင် ပေါ်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အချို့မှာ အကောင်အရွယ်အစားသေးပြီး. . အချို့ တော့ အတော်ကြီးသည်။

နီမောင်တို့မှာ တအံ့တသြနှင့် ကြည့်နေကြစဉ် ကျောက် ရုပ်များက အသက်ဝင်နေသကဲ့သို့ စိတ်ထဲမှထင်ကြရသည်။

နီမောင်က အနီးဆုံးမှာရှိသော ကျောက်ရုပ်အနီးသို့ ကပ်သွားပြီး လက်ဖြင့်ကိုင်ကြည့်ရန် ဟန်ပြင်လိုက်စဉ်မှာပင် တစ်နေရာမှ အသံထွက်လာသည်။

"မထိနဲ့. ."

"ဟင်. . ."

ထိုအသံကြောင့် ရှေ့သို့လှမ်းနေသောလက်ပင် တွန့် သွားလေသည်။

မိမိနှင့်ပါလာသူများက အော်လိုက်သလားဟု ထင်၍ ဖြင့် လှည့်ကြည့်သောအခါ ကျန်သုံးယောက်က သိဟန်ပင်မရှိ ကြပေ။ သို့သော်လည်း ရှေ့မတိုးဝံ့တော့ပေ. .၊

စောစောက အသံကို သူတစ်ယောက်တည်း ကြားလိုက် ရဟန်ရှိပြီး ကျန်သုံးယောက်က ကြားကြဟန်မတူပေ။

သူတို့လည်း မျောက်ကျောက်ရုပ်များကို စိတ်ဝင်တစား ကြည့်နေကြသည်။ ကျောက်ရုပ်များမှာ လူတို့ပြုလုပ်ထားသည် မဟုတ်ပေ၊ သဘာဝအတိုင်းဖြစ်နေသော ကျောက်ရုပ်များ ဖြစ်ကြလေသည်။

အံ့သြစရာကောင်းသောအချက်က တစ်ကောင်နှင့် တစ်ကောင် အရွယ်အစားမတူ၊ ပုံသဏ္ဌာန်မတူ ကြသော်လည်း





သူများထုလုပ်ထားသော အရုပ်များထက် ပိုပြီးအသက်ဝင်နေ ခြင်းဖြစ်သည်။

အချို့ကျောက်ရုပ်များ၏ မျက်လုံးများမှာ သူတို့ကိုကြည့် နေသကဲ့သို့ရှိသည်။

ကျောက်ရုပ်များက ငြိမ်နေသော်လည်း မျက်လုံးများက အသက်ဝင်နေသကဲ့သို့ ရှိလေသည်။

သူတို့ကိုလိုက်ကြည့်နေသကဲ့သို့ စိတ်ထဲမှ ထင်ရလေ သည်။ စောထီးနှင့် ငမဲအောင်တို့က ထိုကျောက်ရုပ်များအား အကောင်တစ်ရာပြည့်မပြည့် ရေတွက်ကြည့်နေကြစဉ် နီမောင် နှင့် မြနှင်းဖြူတို့က ထိုပတ်ဝန်းကျင်တစ်ဝိုက်သို့ လိုက်ကြည့်နေ ကြလေသည်။

"ဆရာတော်ကြီးကို အခုလိုဖူးခွင့်ရအောင် အကူအညီ ပေးတဲ့ အစ်ကိုတို့ကို ကျေးဇူးတင်ပါသည်"

တစ်နေရာရောက်တော့ မြနှင်းဖြူကပြောသည်။

"ဒါက ကျွန်တော်တို့ ကူညီလို့တော့ မဟုတ်ပါဘူး၊ မြနှင်း ဖြူနဲ့လည်း ထိုက်လို့ ဖူးတွေ့ရတာဖြစ်မှာပါ"

"အစ်ကိုတို့နဲ့တွေ့ခဲ့ရတာ ဒီဆရာတော်ကြီးလားဟင်"

"ဟုတ်ပါတယ် ဖမ်းမိလာတဲ့မိကျောင်းကို ပြန်လွှတ်ပေး ဖို့ ပြောတာနဲ့ ပြန်လွှတ်ပေးခဲ့ရတယ်"

"ဒီလိုဆိုတော့ ပိုက်ဆံမရတော့ ဘူးပေါ့နော်"

"ရပါတယ်၊ နောက်မှလာတဲ့ ကပ္ပိယကြီးက ပေးလိုက်ပါ သယ်၊ သူပေးတဲ့ပိုက်ဆံက များတောင်နေပါသေးတယ် . ."

www.burmeseclassic.com



"အဆင်ပြေ သွားမှာပေါ့"

"ဒီထက်အဆင်ပြေတာ ရှိပါသေးတယ်"

"ဘာများလဲဟင်. . ."

"သူပေးလိုက်တဲ့ပိုက်ဆံကို အရင်းအနှီးပြုပြီး တခြား အလုပ်လုပ်ဖို့ စိတ်ကူးနေကြတယ်၊ မိကျောင်းဖမ်းတဲ့ အလုပ်မျိုး တွေ မလုပ်ကြတော့ဘူး"

"ဒါလည်းကောင်းတာပဲ အစ်ကိုရယ်. . ၊ ဘယ်အလုပ် ပဲလုပ်လုပ် ထမင်းတစ်လုပ်တော့ စားရပါတယ်၊ တကယ်လို့ အစ်ကိုမှာ အကူအညီလိုရင်လည်း ပြောပါ၊ ကျွန်မတတ်နိုင်သ လောက် အကူအညီပေးပါမယ်"

"ကျေးဇူးတင်ပါတယ် မြနှင်းဖြူရယ်၊ ကျွန်တော်နဲ့ ပတ် သက်တဲ့ အကူအညီလိုရင်လည်း ပြောပါ၊ တတ်နိုင်တာဆိုရင် အကူအညီပေးပါမယ်"

မြနှင်းဖြူက အပြုံးမျက်နှာဖြင့် ခေါင်းညိတ်ပြလေသည်

"ဒါထက် မြနှင်းဖြူ ကို မေးချင်တာတစ်ခုရှိတယ်"

"မေးလေ"

"ဟိုချောင်းဝပိုင်းမှာ နေကြတဲ့ မြသင်းကြူတို့နဲ့ ဆွေမျိုး တော်ကြတာလားဟင်"

"ဟုတ်ပါတယ်"

"သူတို့က ဘယ်နေရာမှာ နေတာလဲဟင်"

"အဲဒီမှာပဲ နေကြတာပေါ့"

"ကျွန်တော်တို့လည်း မိုးမခညီနောင် ရှိတဲ့ဘက်





ရောက်တဲ့အခါ ရောက်ကြပါတယ်၊ ဒါပေမယ့် သူတို့နေရာကို မတွေ့မိလို့"

"အစ်ကို သူတို့ဆီသွားချင်ရင်. . နောက်တော့ ကျွန်မ လိုက်ပို့ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် နောက်တော့မှ သွားကြတာပေါ့"

ဟုပြောပြီး ကျောက်ရုပ်များရှိသောနေရာသို့ ပြန်လာခဲ့ ကြသည်။ ထိုနေရာရောက်တော့ စောထီးနှင့်ငမဲအောင်တို့ နှစ် ယောက်တို့မှာ ကျောက်ရုပ်များကို ရေတွက်ကောင်းနေကြတုန်း ပင်ရှိသေးသည်။

"ဘယ်နှကောင်ရှိသလဲဟေ့"

"ဘယ်လိုပဲရေရေ ကိုးဆယ့်ကိုးကောင်ပဲရှိတယ်၊ တစ် ကောင်ပျောက်နေတယ်၊ ကိုးဆယ့်ကိုးကောင်ပဲရှိတာကို. . ဘာ ကြောင့် 'မျောက်တစ်ရာ'လို့ ခေါ်ကြတာလဲမသိဘူး"

ဟု ရေရွတ်ပြောဆိုကြသည်။

"မင်းတို့ ရှာမတွေ့တဲ့ ကျန်တဲ့တစ်ကောင်က တစ်နေရာ မှာ ရှိချင်ရှိမှာပေါ့"

ထိုသို့ပြောပြီး လေးယောက်သား လှေထားခဲ့သောနေ ရာဘက်သို့ ပြန်ဆင်းလာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၄)

# တမံကျွန်းမှ ကြောက်စရာနီဒါန်း

တစ်နေ့သ၌ မဟာမြိုင်ချောင်းအတွင်းသို့ ယူဘီတစ်စင်း ဝင်လာလေသည်။ ယူဘီမော်တော်ဘုတ်မှာ သစ်တောဌာနမှ အသုံးပြုသော သင်္ဘောတစ်စင်းဖြစ်သောကြောင့် အနည်းငယ် သေးသည်။ ၎င်းယူဘီသင်္ဘောပေါ်မှာတော့ သစ်တောဝန်ထမ်း အချို့ ပါလာကြလေသည်။

ထိုအဖွဲ့ကို ခေါင်းဆောင်လာသူမှာ ကိုသောင်းတန်ဆို

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သော လူရွယ်တစ်ဦးဖြစ်သည်။

ကိုသောင်းတန်မှာ အသားညိုညို၊ အရပ်မြင့်မြင့် ပိန်ပိန်ပါးပါးနှင့်ဖြစ်ပြီး ကွမ်းစားတတ်သူတစ်ဦးလည်းဖြစ်သည်။ ရင်းတို့အဖွဲ့ မဟာမြိုင်ချောင်းသို့လာရသော အကြောင်းရင်းမှာ တောအုပ်ကြီးဦးမင်းဟန်က စေခိုင်းလိုက်သောကြောင့်ဖြစ်သည်။

တောအုပ်ကြီးဦးမင်းဟန် ရုံးထိုင်သော သစ်တောရုံးမှာ ဘိုကလေးမြို့အထက်ပိုင်း ကမ်းနားစပ်၌ရှိသည်။

တစ်နေ့တော့ ကိုသောင်းတန်ကိုခေါ်ပြီး ဦးမင်းဟန်က ပြောသည်။

"ကျုပ်တို့ ဒီကနေအုပ်ချုပ်နေတာ အဆင်မပြေဘူး၊ တချို့နေရာတွေမှာ သစ်တောပြုန်းတီးမှုတွေ အတော်ရှိလာပြီလို့ သတင်းကြားရတယ်၊ လိုင်စင်မရှိဘဲ သစ်ခိုးခုတ်တဲ့လူတွေလည်း တိုးပွားလာတယ်၊ နောက်ပြီး လယ်သမားတွေလည်း သစ်တောတွေကို ခုတ်ထွင်ပြီး လယ်ရိုင်းတွေလုပ်နေကြတယ်"

"မှန်ပါတယ် တောအုပ်ကြီး"

"အဆိုးဆုံးကတော့ မီးသွေးဖုတ်တဲ့သူတွေပဲ၊ သူတို့ကတွေ့သမျှသစ်သားခုတ်ပြီး မီးသွေးဖုတ်ကြတာဆိုတော့ ကြာရင် သစ်တောကြီးတွေပျောက်ပြီး လယ်ကွင်းတွေဘဝ ရောက်ကြရတော့မယ်"

"ဒီတော့ ဘယ်လိုဆောင်ရွက်စေချင်ပါသလဲ တောအုပ်ကြီး"

"ကျုပ်တို့ ဒီကနေစစ်ဆေးကြည့်ရှုနေတာနဲ့စာရင် အဲဒီ





နေရာတွေမှာ သစ်တောရုံးခွဲတွေစိုက်ပြီး စောင့်ကြည့်ကြရင်ပိုကောင်းမယ်ထင်တယ်"

ဦးမင်းဟန်က ဆေးတံကိုဖွာရင်း သူ့သဘောကိုပြောပြလေသည်။ ထိုစကားကြားတော့ ကိုသောင်းတန်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ကျုပ်ပြောတဲ့အစီအစဉ် မကောင်းဘူးလား"

"ကောင်းတော့ကောင်းပါတယ်တောအုပ်ကြီး ဒါပေမယ့် အဲဒီနေရာတွေမှာ သောင်းကျန်းသူတွေက ရှိနေသေးတော့ အမြဲသွားနေလို့ရပါ့မလား"

"ဒါကို ကျုပ်လည်းစဉ်းစားမိပါတယ်၊ ရွာတစ်ရွာကို အမှီပြုမယ်ဆိုရင်တော့ ရနိုင်ပါတယ်၊ ပြင်ဒရယ်သစ်တော တစ်ခုလုံးရော အရှေ့ဘက်ကမ်းက သစ်တောတွေပါ စောင့်ကြည့်လို့ရမယ့် နေရာလည်းဖြစ်၊ ရွာနဲ့နီးပြီး သင်တဲ့နေရာတစ်ခုတော့ရှိတယ်"

"ဘယ်နေရာပါလဲ"

မဟာမြိုင်ရွာရဲ့ ချောင်းဝလောက်မှာ ရုံးစိုက်ရင်အဆင်ပြေမယ်ထင်တယ်၊ ဒီတော့ ကိုသောင်းတန် အဲဒီရွာကိုသွားပြီး ရွာခံတွေနဲ့တွေ့ကြည့်ရင် ပိုကောင်းမယ်ထင်တယ်"

"ဟုတ်ကဲ့ သွားပါမယ်"

ထိုနောက်မှာတော့ သစ်တောစခန်းမှာ အသုံးပြုသော ယူဘီသင်္ဘောနှင့် မဟာမြိုင်ရွာသို့ ဆင်းလာခဲ့ကြခြင်းဖြစ်လေသည်။

မဟာမြိုင်ချောင်းထဲရောက်တော့ သင်္ဘောကိုတဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းမောင်းဝင်သွားပြီး သူကြီးအိမ်ရှိသော တံတားထိပ်ရောက်တော့ ရပ်လိုက်ကြသည်။

ရွာလူကြီးမှာ ဦးမွန်ထော်ဖြစ်သည်။ ဦးမွန်ထော်လည်း အစိုးရဝန်ထမ်းများ ရောက်လာသောကြောင့် အနီးပတ်ဝန်းကျင်မှာရှိနေကြသော ရွာသူရွာသားအချို့ကို ချက်ချင်းခေါ်ယူကာ ချက်ပြုတ်ကျွေးမွေးရန် စီမံရလေသည်။

"ဘယ်လိုကိစ္စ ရှိလို့ပါလဲ"

"တခြားတော့ မဟုတ်ပါဘူးသူကြီးရာ. .၊ ခင်ဗျားတို့ချောင်းဝက မိုးမခပင်ကြီးတွေရှိတဲ့ နေရာမှာ ကျုပ်တို့သစ်တောရုံးခွဲတစ်ခု စိုက်မလို့၊ အခြေအနေလာကြည့်တာပါ. . ."

"ရုံးခွဲစိုက်တာတော့ ကောင်းပါတယ်၊ ဒါပေမယ့်. . ."

ဦးမွန်းထော်က ရှေ့ဆက်ပြောရမှာ အားနာဟန်ဖြင့် စကားရပ်သွားလေသည်။

"ဒါပေမယ့် ဘာဖြစ်သလဲဗျ. . ."

"မိုးမခပင်တွေရှိတဲ့နေရာမှာတော့ ရုံးဆောက်လို့ရမယ် မထင်ဘူး"

"ဘာကြောင့်လဲ. . သောင်းကျန်းသူတွေ ရှိနေလို့လား"

"သောင်းကျန်းသူတွေထက်ပိုပြီး ကြောက်စရာကောင်းတဲ့ ပရလောကသားတွေ ရှိနေကြပါတယ်၊ အဆောက်အဦးဆောက်ရင် သူတို့ အနှောင့်ယှက်ပေးကြပါလိမ့်မယ်"

ထိုစကားကြားသောအခါ တောအုပ်ကိုသောင်းတန်နှင့်၎င်းနှင့်အတူပါလာသော အဖွဲ့သားအချို့က ရယ်ကြလေသည်။





"ကျွန်တော်တို့က ဝန်ထမ်းတွေဆိုတော့ ဒါမျိုးတွေကို အယုံအကြည်မရှိပါဘူး၊ အထက်က အမိန့်ပေးလိုက်တဲ့အတိုင်း လုပ်ရမှာပါပဲ. . ."

ဟုပြောသဖြင့် ဦးမွန်ထော်က ရွာသားအချို့ကိုခေါ်ပေးလိုက်ရာ စိန်မှတ်၊ နက်ကြီး၊ ငခွေးတို့ သုံးယောက်လည်း ပါသွားကြသည်။

၎င်းတို့သုံးယောက်မှာ အလုပ်မယ်မယ်ရရ မလုပ်ကြဘဲ အရပ်တကာလှည့်ပြီး ဖဲချနေကြသူများဖြစ်ရာ ယခုကဲ့သို့ အစိုးရဝန်ထမ်းများနှင့်တွဲပြီး အလုပ်လုပ်ကြရတော့မည် ဆိုသောအခါ ဝမ်းသာသွားကြလေသည်။

စားသောက်ပြီးတော့ ချောင်းဖျားဘက်သို့ သွားကြလေသည်။ ယူဘီသင်္ဘော ဝင်မရသောကြောင့် ရွာလမ်းအတိုင်း သွားကြလေသည်။

လက်ပံပင်၊ တမံကုန်းနေရာရောက်တော့ စိန်မှတ်က ပြောပြသည်။

"ကျွန်တော်တို့ ရွာတစ်ဝိုက်မှာ သရဲခြောက်တဲ့နေရာတွေ အတော်များတယ်၊ ဒီတမံကုန်းလည်း သရဲခြောက်တာ အတော်ကြမ်းတယ်"

ထိုအခါ ကိုသောင်းတန်နှင့် အတူပါလာသော ကျော်ဦးဆိုသူက မယုံကြည်သောအသံဖြင့် မေးသည်။

"ဒီနေရာမှာခြောက်တာ သရဲထီးလား သရဲမလား"

"သရဲမဗျ၊ သေတုန်းက အသက်(၂၀)လောက်ပဲရှိသေး



www.burmeseclassic.com

www.burmeseclassic.com

တာ"

"အဲဒါဆိုရင် လင်လိုချင်လို့ဖြစ်မှာပေါ့ကွာ. . ."

"ဗုတ်. . . ."

"ဝူး. . ဖလူး. . ဖလူး"

ကျော်ကြီးမှာ စကားဆုံးအောင် မပြောလိုက်ရဘဲ ခရာဆူးခြုံထဲမှ ထွက်လာသော ရွှံ့များက ပါးစပ်လာမှန်သောကြောင့် အသံတိတ်သွားလေတော့သည်။

ထိုနေရာသို့ လှမ်းကြည့်သော်လည်း ခရာဆူးခြုံများပိတ်နေသောကြောင့် လူမပြောနှင့် ခွေးတစ်ကောင်ပင် မဝင်နိုင်ပေ။

"ဆရာတို့က ကျွန်တော်ပြောတာကို မယုံကြည်ကြတာကိုး နေ့ခင်းဘက်အချိန်တောင် ဒီလောက်လုပ်ဝံ့တာ ညဘက်ဆိုရင် ဘယ်လောက်ကြမ်းမယ်ဆိုတာ. . စဉ်းစားသာကြည့်ပေတော့. ."

ဟုပြောပြီး ချောင်းဖျားပိုင်းသို့ ဆက်လျှောက်လာရာ မြနှင်းဖြူတို့အိမ်ရှေ့ရောက်တော့ ဝင်နားကြသည်။

ဧည့်သည်များရောက်လာသောကြောင့် ဦးဘမောင် ဒေါ်မယ်လှတို့က အိမ်ရှင်ဝတ္တရားနှင့်အညီ ကွမ်းဆေး လက်ဖက် စသည်တို့ဖြင့် ဧည့်ဝတ်ပြုကြရသည်။

ခဏကြာတော့ မြနှင်းဖြူပါ နောက်ဘက်မှ ထွက်လာပြီး ဝိုင်းကူပေးသည်။

တောအုပ်သောင်းတန်မှာ မြနှင်းဖြူကို မြင်သည်နှင့် မျက်လုံးပြူးထွက်မတတ် ကြည့်နေတော့သည်။





စိန်မှတ်က ရှာခံဖြစ်သောကြောင့် တောအုပ်သောင်းတန်နှင့် မိတ်ဆက်ပေးသည်။

မြနှင်းဖြူကတော့ ဝတ်ကျေတမ်းကျေသာ ဧည့်ခံလေသည်။ ထိုနေရာမှ လှည့်ပြန်တော့ စိန်မှတ်က မေးသည်။

"ကျွန်တော်က တောအုပ်မင်းကို မြင်စေချင်လို့ ဒီနေရာကို တမင်ရောက်အောင် ခေါ်လာခဲ့တာ၊ မြနှင်းဖြူက မချောဘူးလား. . မလှဘူးလား"

"ချောပါလှပါပေတယ်. . ."

"သူကလည်း ဒီရွာမှာတော့ နာမည်ကြီးပဲ"

"အချောအလှတွေကြောင့် နာမည်ကြီးတာလား"

"အဲဒါလည်းပါတယ်၊ ဒါ့အပြင် သူနဲ့စေ့စပ်တဲ့သူ မှန်သမျှ တစ်ယောက်ပြီးတစ်ယောက် သေကြလို့ ဘယ်သူမှ မထိဝံ့တဲ့ ပန်းတစ်ပွင့်ပဲ"

ထိုစကားကြောင့် တောအုပ်သောင်းတန်မှာ ပိုပြီး စိတ်ဝင်စားသွားလေသည်။

"ဘယ်လိုကြောင့် သေတာလဲ"

"ကျွန်တော်တို့လည်းမသိဘူး၊ တိုက်တိုက်ဆိုင်ဆိုင် သူနဲ့ မင်္ဂလာဆောင်ဖို့ကြိုးစားတဲ့ သတို့သားသုံးယောက်တော့ သေသွားကြပြီ. . ."

"ငါက ဒါမျိုးတွေသိပ်မယုံဘူး၊ အဲဒီလို ခက်ခက်ခဲခဲလုပ်ရတာမျိုးတွေလည်း စိတ်ဝင်စားတယ်. . ."

"ဒါဖြင့် မြနှင်းဖြူကိုရအောင် ကြိုးစားကြည့်ပေါ့ဆရာ


www.burmeseclassic.com

www.burmeseclassic.com



ရယ်. . ၊ ဆရာလို အရည်အချင်းရှိတဲ့သူမျိုးဆိုရင်တော့ ရနိုင်မှာ ပါ. . . ”

ဟု စိန်မှတ်က ဖြေပေးသည်။

တောအုပ်သောင်းတန်စိတ်ထဲမှာလည်း ထိုရွာမှာအခြေ စိုက်ပြီးနေရသော အချိန်များတွင် မြနှင်းဖြူကိုရအောင် ကြိုးစား မည်ဟုလည်း စိတ်ထဲမှ တွေးတောမိလေသည်။

သူတို့ပြန်လာကြသောအချိန်မှာ နေဝင်ရီတရောအချိန် ဖြစ်နေချေပြီ။

လက်ပံပင် တမံကုန်း နေရာ ရောက်တော့ မှောင်စပြု နေလေပြီ။

နေ့လည်က ထိုနေရာမှ ဖြတ်သွားစဉ်က နေ့ခင်းကြောင် တောင် ရွံ့ဖြင့်အပေါက်ခံရသော အဖြစ်ကြောင့် စိန်မှတ်တို့သုံး ယောက်ကတော့ အနည်းငယ် ကြောက်နေကြသည်။

နောက်မှရောက်လာသော တောအုပ်သောင်းတန်တို့ တတွေကတော့ ထိုနေရာထိုဒေသအကြောင်းကို မသိကြသေး သောကြောင့် ကြောက်ရွံ့ခြင်း မရှိကြသေးပေ. . . ။

တမံကုန်းနှင့် မနီးမဝေး နေရာရောက်တော့ သစ်ပင် များကြောင့် အမှောင်ရိပ်သိမ်းနေပြီဖြစ်သော တမံကုန်းပေါ်မှ ရပ်နေသော အမျိုးသမီးတစ်ယောက်ကို လှမ်းမြင်ကြရသည်။

ဘေးတစ်ဖက်တစ်ချက်နေရာမှာ လမုပင်နှင့် သမှုန့် များက အုံ့ဆိုင်းနေသောကြောင့် ထိုနေရာတစ်ဝိုက်မှာ မှောင် နေသော်လည်း ထိုအမျိုးသမီး၏ပုံပန်းသဏ္ဌာန်ကိုတော့ ထော





ထွာမြင်ကြရသည်။

“ဆ. . ဆရာ. . ဟို. . ဟိုမှာ. . ”

သောင်းတန်နောက်မှပါလာသော စိန်မှတ်က ကြောက် ရွံ့နေသောအသံဖြင့် ပြောလိုက်သည်။

“မင်းပြောတဲ့ မိန်းမလား ”

“ဟုတ်. ဟုတ်တယ်. . အဲဒါ သ. သရဲမပဲ”

“ငါတို့ ယောက်ျားတွေ အများကြီးပဲကွာ သရဲမဆိုတော့ ရော ကြောက်စရာလား. . . ”

ဟုပြောပြီး ရှေ့မှ သောင်းတန်က ဦးဆောင်ပြီးလျှောက် သွားလေသည်။

သူတို့မနီးမဝေးရောက်တော့မှ တမံပေါ်မှ ရပ်နေသော မိန်းမက မျက်ထောင့်နီဖြင့် တစ်ချက်လှမ်းကြည့်ပြီး နံဘေးမှာ ရှိသော သမှုန့်ပင်ပေါ်သို့ ခြေတစ်လှမ်းတည်းနှင့်ပင် ရောက် အောင် လှမ်းတက်သွားသည်ကို အားလုံးမြင်လိုက်ကြလေရ သည်။

ထိုမြင်ကွင်းကြောင့် စောစောကမကြောက်ဖူးဟုပြော သူများပင် ကြောက်ရွံ့လာကြပြီ အတင်းပင် လူအုပ်ကြားထဲသို့ တိုးဝင်လာကြလေသည်။

“မင်းတို့ကလည်းကွာ ယောက်ျားတွေဖြစ်ပြီး ကြောက် တတ်လိုက်ကြတာ၊ ဘယ်သူမှမနေဝံ့ရင်. . ငါနောက်ဆုံးကနေ မယ်၊ ဒီတစ်ခါ ခြောက်ဝံ့ခြောက်ပစေ တမံကုန်းမှာသောင်းကျန်း နေတဲ့သရဲမတော့ ငါနဲ့အတွေ့ပဲ. . . ”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ ကျော်ကြီးက နောက်ဆုံးမှာနေလေသည်။ သူကြည့်တော့လည်း အလာတုန်းက ရွံ့စက်များပင် ရှိနေသေးသည်။

ထိုနေရာမှ ဖြတ်လျှောက်လာကြစဉ်မှာ စိတ်မချကြသောကြောင့် ဟိုကြည့်ဒီကြည့်နှင့် ကြည့်လာကြတော့လည်း လေတိုက်သဖြင့် လှုပ်နေသောသစ်ပင်များမှလွဲပြီး အခြားဘာမှ မတွေ့ရပေ။

စောစောကသစ်ပင်ပေါ်မှာလည်း ဘာမှမရှိပေ။ လူများသဖြင့် 'မကြောက်ဘူး' ပြောနေကြသော်လည်း ထိုနေရာရောက်တော့ ကြောက်သူက ကြောက်ရွံ့နေလေသည်။

ကြောက်မည်ဆိုလျှင်လည်း ကြောက်စရာပင်၊ ထိုနေရာမှ ဖြတ်လျှောက်လာစဉ် လူမမြင်ရသော်လည်း လူတိုင်းလိုလို ကြက်သီးတဖျန်းဖျန်း ထနေကြတော့သည်။ သတ္တိကောင်းပါသည်ဆိုပြီး နောက်ဆုံးမှလိုက်လာသော ကျော်ကြီးပင်လျှင်. . တမံကုန်းပေါ်ရောက်တော့ ကျောထဲမှ စိမ့်တက်လာသည်။

သူနောက်ဘက်မှ တစ်စုံတစ်ယောက် ကပ်လိုက်လာသည်ဟု စိတ်ထဲမှာထင်နေသဖြင့် မကြာခဏ လှည့်ကြည့်ရသည်။

တစ်နေရာရောက်တော့ ကျော်ကြီးမှာ နောက်ဘက် တစ်စုံတစ်ခုက လှမ်းဆွဲထားလိုက်သောကြောင့် ရှေ့သို့ဆက်သွား၍မရတော့ပေ. . .။

ကြောက်ကြောက်လန့်လန့်ဖြင့် အတင်းရုန်းတော့လည်း





အင်္ကျီစကိုဆွဲထားသဖြင့် မရတော့ပေ. .။

" လုပ်. . လုပ်ကြပါဦး၊ နောက်ကဆွဲနေပြီး. . "

မတတ်သာသည့်အဆုံး ရှေ့မှသွားနေသူများကို လှမ်းအော်ပြောရသည်၊

"ဟင်. . . "

ထိုအခါ ရှေ့ရောက်သွားသူများက ပြန်လှည့်လာကြသည်။

"ဘယ်မှာလဲ. . ဘယ်မှာလဲ"

"နောက်. . နောက်မှာ. . "

သူပြသောနေရာသို့ လှမ်းကြည့်သောအခါ အင်္ကျီက တင်းနေသည်။ သို့သော်. . .

လူဆွဲထားသည်တော့ မဟုတ်ပေ. .။

အလိုလေးနွယ်ဆူးများက အင်္ကျီတစ်ခုလုံး ချိတ်ဆွဲထားသောကြောင့် ရှေ့တိုးမရတော့ခြင်း ဖြစ်သည်။

"မင်းကလည်း ပြောတုံးကတော့ မိုးလားကဲလားနဲ့၊ ဆူးချိတ်မိနေတာတောင် ကြောက်လို့အော်လိုက်တာ"

ဟုပြောဆိုပြီး ချိတ်မိနေသော ဆူးများကိုဖြုတ်ပေးကြရသည်။

အလိုလေးဆူးများမှာ ရှေ့လှည့်၊ နောက်လှည့် ဆူးချိတ်ဆူးဖြစ်ရာ တစ်ခုဖြုတ်လျှင် တစ်ခုက ချိတ်မိနေသောကြောင့် တော်တော်နှင့် ဖြုတ်မရဘဲ ဖြစ်နေကြသည်။

အတော်လေးမှောင်တော့မှ လွတ်သွားသောကြောင့် ထို



www.burmeseclassic.com

www.burmeseclassic.com



နေရာမှ ထွက်ခဲ့ကြသည်။

တမံကုန်းမှကျော်လာပြီး စိတ်ချရသောကြောင့် နောက်သို့ပြန်လှည့်ကြည့်သောအခါ တမံကုန်းပေါ်မှာရပ်ပြီး သူတို့ရှိသောနေရာဘက်သို့ လှမ်းကြည့်နေသော. . အမျိုးသမီးတစ်ယောက်၏ပုံရိပ်ကို တွေ့ကြရသည်။

ဒီတစ်ကြိမ်မှာတော့ တစ်ယောက်မှ ကြီးကြီးကျယ်ကျယ်မပြောဝံ့ကြတော့၊ ခြေလှမ်းခတ်သွက်သွက်နှင့်သာ မိမိသဘော်ရှိရာသို့ ပြန်ခဲ့ကြရလေသည်။

တကယ်တော့. . . ၎င်းတို့တွေ့ခဲ့ရသော တမံကုန်းမှခြောက်လှန့်မှုများမှ နိဒါန်းမျှသာရှိသေးကြောင်း မသိနိုင်ကြပါချေ။







# အခန်း(၁၀)

# အများတစ်ချက် အသက်တစ်ချောင်း

နောက်ပိုင်းရက်များမှာတော့ တောအုပ်သောင်းတန်ကဘိုကလေးမြို့မှာရှိသော သစ်တောစခန်းရုံးရှိရာသို့ အကြောင်းကြားပြီးနောက် မဟာမြိုင်ချောင်းဝတစ်ဝိုက်မှာပင် သစ်တောရုံးတစ်ရုံးဆောက်ရန် စီမံလေသည်။

သူတို့မှာ သစ်တောဝန်ထမ်းများရှိကြသည့်အပြင် ရွာထဲလူအချို့ပါ ဝိုင်းဝန်းအကူအညီပေးကြသဖြင့်. . လူအင်အားတောင့်တင်းကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့သည် မိုးမခပင်ရှိသောနေရာနှင့် မနီးမဝေးမှာ ပင် အဆောက်အဦးဆောက်ရန် ပြင်ကြလေသည်။ မိုးမခပင်မှာ အရှေ့ဘက်ကမ်းမှာ တစ်ပင်ရှိပြီး၊ အနောက်ဘက်ကမ်း၌ တစ် ပင်ရှိလေသည်။

၎င်းတို့ ရွေးချယ်သောနေရာမှာ ရွာရှိသောအနောက် ဘက်ကမ်း၌ရှိသည့် မိုးမခပင်ကြီးအနီး၌ဖြစ်သည်။

တစ်နေ့သ၌ ထိုနေရာသို့သွားကာ အခြေအနေကြည့် ကြလေသည်။

သူတို့ရောက်သွားသောအချိန်မှာ နံနက်ပိုင်းအချိန်ဖြစ် ပြီး မိုးအုံ့နေသည်။

သစ်ဝါးများကိုတော့ လှေတစ်စင်းနှင့် သယ်သွားပြီး ထို နေရာရောက်တော့ ကမ်းပေါ်သို့သယ်တင်ကြလေသည်။

သူတို့ရောက်သွားသောအချိန်မှာ တူရွင်းတစ်ချောင်းနှင့် တူးဆွနေသော အဘိုးကြီးတစ်ယောက်ကို တွေ့ကြရသည်။

ခမောက်ကိုဆောင်းထားသောကြောင့် မျက်နှာကိုတော့ မမြင်ရပေ။

"အဘိုးကြီး ဘာလုပ်နေတာလဲ"

သောင်းတန်ကမေးလိုက်သည်။

"ငါးမျှားဖို့ တီစာတူးနေတာပါ၊ ဒါပေမယ့် အဆင်မပြေ ပါဘူး"

"ဘာကြောင့် အဆင်မပြေတာလဲ"

"မြေကြီးတူးလိုက်တိုင်း တီကောင်မရပဲ ဘယ်အချိန်က





တည်းက လာမြှုပ်ထားမှန်းမသိရတဲ့ အလောင်းကောင်တွေပဲ တွေ့နေရတယ်"

"ဟင်. . ဟုတ်ရဲ့လားဗျာ"

"ဟုတ်ပါတယ်မောင်ရာ၊ ကျုပ်ပြောတာမယုံရင် မောင် တို့ကိုယ်တိုင် တူးကြည့်တော့ တွေ့ရပါလိမ့်မယ်၊ ငါထက် မင်းတို့ ကလည်း ဒီမှာဘာလုပ်ကြမလို့လဲ"

"ကျုပ်တို့က သစ်တောဌာနကလူတွေပဲ ဒီနေရာမှာ သစ်တောရုံးဆောက်ကြမလို့"

"မဖြစ်ဘူးထင်တယ်"

ထိုစကားကြောင့်. . သောင်းတန်မှာ စိတ်တိုသွားလေ သည်။

"ဘာကြောင့် မဖြစ်ရမှာလဲ"

"ဒီနေရာက ပိုင်ရှင်လည်းရှိတယ်၊ နောက်ပြီး သချိုင်း ကုန်းဟောင်းကြီးလည်းရှိတယ်"

"ဘယ်သူပိုင်တာလဲ"

"ဒီနေရာမှာ ရှေးကလူတွေ အမှတ်အသားမြှုပ်နှံခဲ့တဲ့နေရာ တွေရှိတယ်၊ အဲဒါတွေကို ဖျက်ဆီးရင်တော့ ဘေးအန္တရာယ်တွေ နဲ့ တွေ့ကြရမှာပဲ၊ ငါလည်းဒီနေရာမှာ တီကောင်တူးလို့မရမယ့် အတူတူတော့ တခြားသွားတော့မယ်ဟေ့"

ဟုပြောပြီး တူရွင်းတစ်ချောင်းနှင့် ထိုနေရာမှ ထွက်သွား လေတော့သည်။

သောင်းတန်တို့လည်း အဘိုးကြီးပြောသွားသောစကား



www.burmeseclassic.com

www.burmeseclassic.com



များကို ဂရုမစိုက်ဘဲ ကမ်းစပ်နှင့် မနီးမဝေးနေရာ၌ အဆောက်အဦးဆောက်ရန် ပြင်ကြလေသည်။

"ဟိုအဘိုးကြီးပြောသွားတဲ့အတိုင်း ဒီနေရာမှာ သချိုင်းဟောင်းရှိနေတယ်ဆိုတာ အမှန်ပဲလား"

"မဟုတ်ပါဘူးဆရာရယ် သက်သက်ပြောသွားတာနေမှာပါ။ ကျွန်တော်တို့တတွေ ဒီရွာမှာနေခဲ့ကြတာ အတော်ကြာပါပြီ၊ ဒီနေရာမှာ လူသေမြှုပ်တဲ့ သချိုင်းရှိတယ်လို့တော့ တစ်ခါမှ မကြားမိပါဘူး"

ဟု စိန်မှတ်ကပြောသည်။

ထိုနောက်မှာတော့ ထွေထွေထူးထူးပြောဆိုမနေကြတော့ဘဲ တိုင်စိုက်ရန်အတွက် တိုင်ကျင်းများ တူးကြလေသည်။

"အမယ်လေး ဒီနေရာမှာ အလောင်းမြှုပ်ထားတယ်ဟ"

"ဒီနေရာမှာလည်း ရှိတယ်ဟ"

"ဟ. . . ဒီနေရာကအလောင်းက မြှုပ်ထားတာ သိပ်တောင်မကြာသေးဘူးဗျ"

ဟူသော ဆူဆူညံညံအသံများ ပေါ်ထွက်လာလေတော့သည်။

ထို့ကြောင့် သောင်းတန်က ထိုနေရာများသို့ လိုက်ကြည့်သောအခါ တိုင်ကျင်းတူးသောနေရာတိုင်းမှာ အလောင်းများရှိနေသည်ကို တွေ့ကြရသည်။

"ဟို အဘိုးကြီးပြောသွားတာ အမှန်ပါပဲလား၊ ဒီနေရာက သချိုင်းကုန်းကြီး ဖြစ်နေပါလား၊ ဘယ်လိုလုပ်ကြမလဲ"





"ဒီနေရာမှာတော့ ဆက်ဆောက်လို့ ဖြစ်မှာမဟုတ်ဘူး၊ တစ်နေရာရွှေ့မှပဲဖြစ်မယ်"

ဟုပြောဆိုကာ မိုးမခပင်ရှိသောနေရာနှင့် အတန်ငယ်ဝေးသောနေရာ ရေစပ်နှင့်မနီးမဝေးမှာ ရွှေ့ပြောင်းဆောက်လုပ်ရလေသည်။

လူအင်အားနှင့် ဆောက်သောကြောင့် တစ်ရက်နှစ်ရက်အတွင်းမှာပင် အဆောက်အဦးက ပြီးသွားလေတော့သည်။

သို့သော်လည်း ညအချိန်ရောက်သောအခါ ရေတက်ချိန်တွင်အဆောက်အဦးအောက်၌ မိကျောင်းနှစ်ကောင် သတ်ပုတ်တိုက်ခိုက်ကြသောကြောင့် အဆောက်အဦးမှာ ပြိုကျသွားတော့သည်။

နောက်တစ်နေ့မှာတော့ မိုးမခပင်နှင့်ဝေးသောနေရာမှာ ထပ်မံဆောက်ကြပြန်သည်။

ညအချိန်ရောက်တော့ သရဲသဘက်များ လာရောက်ခြောက်လှန့်ကြရာ ကောင်းစွာမနေကြရပေ။

ထိုအဖြစ်ပျက်များ ဆက်တိုက်ဖြစ်သောအခါ သောင်းတန်က ဦးမွန်ထော်ကို ခေါ်မေးသည်။

"သူကြီး ဒီနေရာတွေက အနှောင့်အယှက်တွေ တယ်များပါလား"

"ဟုတ်တယ် တောအုပ်လေးရဲ့၊ ဒီနေရာတွေက သာမန်နေရာတွေ မဟုတ်ဘူး. . နယ်မြေကြမ်းတယ်"

"ဘယ်လိုနယ်မြေကြမ်းတာလဲဗျ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာတွေက မိန်းမလှကျွန်းနဲ့ တဆက်တည်းဆိုတော့ နယ်မြေကြမ်းတယ် အမှားအယွင်းမခံဘူး"

"ဘယ်လိုဟာမျိုးတွေလည်းဗျ. . ."

"တောအုပ်ကလေးက ဒီနယ်သားမဟုတ်ဘူးနဲ့ တူတယ်၊ ဒါကြောင့် ဒီနယ် ဒီအရပ်အကြောင်းတွေ မသိတာဖြစ်မှာပါ၊ မိန်းမလှကျွန်းနဲ့ပတ်သက်ရင် ရှောင်ရမှာတွေ အများကြီးရှိတယ်. . ."

"ဘာတွေလည်းဗျ ပြောပါဦး"

"ရပ်ခလေ့ရွာခလေ့တွေဆိုတာ ပစ်ပယ်လို့မရဘူးဗျ၊ မိန်းမလှကျွန်းကို ဓာတ်ပုံရိုက်လို့မပေါ်ဘူး၊ ဒီကျွန်းပေါ်ရောက်ရင် လင်စုံမယားဖက် အတူမနေရဘူး၊ ကုလားစကား မပြောရဘူး၊ ဝက်သားမစားရဘူး၊ ညစ်ညမ်းတဲ့စကားတွေ ဆဲရေးတိုင်းထွာမှုတွေ မလုပ်ရဘူး၊ နောက်ပြီး ထမင်းဟင်းတွေကို ချက်ပြီးရင် တင်မြှောက်ပြီးမှ စားသောက်ကြရတယ်"

"ခင်ဗျားတို့ အရပ်ကလည်း စည်းကမ်းတွေ အတော်များပါလား၊ ကျွန်တော်တို့က အစိုးရဝန်ထမ်းတွေဆိုတော့ အထက်ကအမိန့်ပေးရင် ဘာမဆိုလုပ်ရမှာပဲ"

ဟု အယုံအကြည်မရှိသောစကားမျိုး ပြောလေသည်။

"လူလူချင်း ပြဿနာရှိရင် ဖြေရှင်းလို့ရနိုင်သေးတယ်၊ နတ်တွေ ပရလောကသားတွေနဲ့ ပြဿနာဖြစ်ရင် ဖြေရှင်းလို့မရဘူး၊ သူတို့လုပ်ရင် တစ်ချက်လွတ်ချည်းပဲဗျ. . ."

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"





"ဒီနေရာမှာရှိတဲ့ ပရလောကသားတွေက ဒီနေရာမှာ သစ်တောရုံးဆောက်တာကို သဘောမကျလို့ နှောင့်ယှက်နေတာဖြစ်မှာပေါ့ တောအုပ်လေးရယ်၊ ဒီတော့ သူတို့နဲ့လွတ်တဲ့ တခြားတစ်နေရာ ရွှေ့ဆောက်ရင် အန္တရာယ်ကင်းတာပေါ့"

ဟုပြောလေသည်။

"ဒါထက် ဟိုမိုးမခပင်ရှိတဲ့နေရာမှာ လူသေတွေ မြှုပ်တဲ့သင်္ချိုင်းရှိတယ်ဆိုတာ ကျွန်တော်တို့ကို ဘာဖြစ်လို့ စောစောက မပြောတာလဲ"

ထိုစကားကြောင့် ဦးမွန်းထော်မှာ အံ့သြသွားလေသည်။

"ဘယ်နေရာကိုပြောတာလဲ"

"ဟိုဘက်နားက မိုးမခပင် ရှိတဲ့နေရာကိုပြောတာ"

"အဲဒီနေရာမှာ သင်္ချိုင်း မရှိပါဘူး၊ ကျုပ်တို့က လူတွေသေရင် ဟိုအနောက်ဘက်က တောစပ်မှာပဲ သွားမြှုပ်ကြတာပါ၊ ဒီချောင်းဝမှာ လူသေမမြှုပ်ပါဘူး"

ဦးမွန်းထော်စကားကြောင့် သောင်းတန်မှာ အနည်းငယ် ဒေါသဖြစ်သွားလေသည်။

"ကျွန်တော်တို့က မျက်စိနဲ့ မြင်ခဲ့ရတာတောင်မှ ခင်ဗျားကဖုံးကွယ်ချင်နေသေးလား၊ ကဲ. . လာဗျာ ဟုတ်မဟုတ် လက်တွေ့ပြမယ်"

ဟုပြောပြီး ဦးမွန်းထော်ကိုပါခေါ်ပြီး မိုးမခပင်ရှိသောနေရာသို့ သွားကြလေသည်။

နောက်မှ အလုပ်သမားအချို့လည်း လိုက်လာကြသည်၊



www.burmeseclassic.com

www.burmeseclassic.com



တလောက တိုင်ကျင်းများတူးရာ အလောင်းများတွေ့သော နေရာသို့ရောက်သောအခါ မြေကြီးများကို ပြန်တူးကြည့်ကြသည်။

ယခင်က တူးထားသောနေရာများ ဖြစ်သောကြောင့် အလွယ်တကူပင် ပြန်တူးနိုင်ကြ၍ မြေကျင်းအတော်နက်သည်အထိ မည်သည့်အလောင်းမှမတွေ့ကြရပေ။ ထိုနေရာတွင် သစ်တုံးအဆွေးအချို့ကိုသာ တွေ့ကြရသည်။

"ဟင်. . ဟိုနေ့က ဒီနေရာမှာ အလောင်းတွေမြုပ်ထားတာ အားလုံးမြင်ကြတာပဲ၊ အခုဘယ်ရောက်ကုန်ပြီလဲ မသိဘူး"

သောင်းတန်က တအံ့တဩပြောနေသော်လည်း ဦးမွန်းထော်ကတော့ ထိုကဲ့သို့သော အဖြစ်အပျက်မျိုးမှာ သူတို့ အရပ်ဒေသတွင် မကြာခဏ တွေ့မြင်ကြားသိနေသောကြောင့် အထူးအဆန်းမဖြစ်တော့ပေ။

"တွင်းတူးတဲ့လူတွေက အရက်မူးမူးနဲ့ သစ်တုံးအဆွေးတွေကို အလောင်းတွေလို့ ထင်ကြတာလည်း ဖြစ်မှာပေါ့ဗျာ."

ဟုပြောလိုက်ရာ. . သောင်းတန်မှာ လက်တွေ့မပြနိုင်သောကြောင့် မခံချိမခံသာ ဖြစ်နေတော့သည်။

သို့သော်လည်း ဘာမှတော့ ထပ်မပြောသာတော့ပေ။

ထိုနောက်မှာတော့ မိုးမခပင်များနှင့် အတော်ဝေးသောနေရာမှာ အဆောက်အဦးကို ရွှေ့ပြောင်းဆောက်တော့မှ အခြေအနေ ငြိမ်သက်သွားလေသည်။

ထိုသစ်တောရုံးမှာ တောအုပ်သောင်းတန်ကရုံးထိုင်ပြီး အခြားတပည့်များလည်းခေါ်ထားသည်။





အရေးအကြောင်းရှိပါက အသုံးပြုနိုင်ရန်အတွက် ရှာခံများဖြစ် စိန်မှတ်တို့သုံးယောက်ပါ ခေါ်ထားလေရာ စခန်းမှာ သောင်းတန်အပါအဝင် လူခုနှစ်ယောက် ရှိသည်။

ကမ်းဆိပ်တံတားတွင် ယူဘီသဘော်ငယ်တစ်စင်းနှင့် လှေငယ်တစ်စင်း ဆိုက်ထားသည်။

သစ်တောအလုပ်သမားများ၊ ဝန်ထမ်းများက ထိုနေရာမှ အမြဲတစေ စောင့်ကြည့်ပြီး မိန်းမလှကျွန်းပေါ်မှာ လိုင်စင်မရှိဘဲ သစ်ခုတ်သော လှေသမားများကို ဖမ်းဆီးကြသည်။

တစ်ခါတစ်ရံလည်း. . ယူဘီသဘော်ကို အသုံးပြုပြီး ဖောင်ဝင်မြစ်ဝမှ စောင့်ဖမ်းကြသည်။

ပြင်ဒရယ်သစ်တောကြိုးဝိုင်းအတွင်းမှ သစ်ခုတ်ပြီးထွက်လာသော လှေနှင့်သမ္မာန်များမှာ မလွဲမသွေ ဖောင်ဝင်မြစ်မှ ဖြတ်ကူးကြရလေသည်။

ဖောင်ဝင်မြစ်ကို မကျော်ဖြတ်ဘဲနှင့် ဒီဘက်ကမ်းသို့ မရောက်နိုင်သောကြောင့် ထိုမြစ်ခွဆုံနေရာမှ စောင့်ဖမ်းခြင်းသည် အသေအချာဆုံးဖြစ်လေသည်။

သောင်းတန်တို့မှာ သစ်တောရုံးဆောက်ပြီး လာရောက်နေထိုင်ကြရာ ရက်အတန်ကြာသောအခါ အဖြစ်ဆိုးတစ်ခုနှင့် ကြုံရသေးသည်။

ထမင်းဟင်းချက်သော လူတစ်ယောက်မှာ ငါးဟင်းချက်နေစဉ် ဟင်းမြည်းသည့်အနေနှင့် ဟင်းဖတ်များကို နှိုက်စားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သူသည်ကုလားကပြားတစ်ဦးဖြစ်ပြီး အရက်အနည်းငယ် မူးနေလေသည်။

ဟင်းချက်ပြီးနောက် မြစ်ထဲသို့ ရေဆင်းချိုးနေစဉ်မှာ မိချောင်းဆွဲသွားလေတော့သည်။

အော်သံကြားသဖြင့် ကျန်လူများက ထွက်ကြည့်ကြသောအခါ ရေစင်ရှိသောနေရာနှင့် အတော်ကလေးဝေးသောနေရာမှာ ရေပွက်များ၊ သွေးကွက်များ ထနေသည်ကိုသာ လှမ်းမြင်ကြရသည်။

အားလုံးထိတ်လန့်တုန်လှုပ်စွာဖြင့် လှမ်းကြည့်နေစဉ်မှာ ရေအောက်မှအလောင်းက တဖြည်းဖြည်းနှင့် ပြန်ပေါ်လာလေတော့သည်။

"ဟိုမှာ. . ဟိုမှာ. ."

တစ်ယောက်ကအော်ပြောသဖြင့် ကြည့်လိုက်တော့ ရေပြင်ပေါ်မှာ အလောင်းက စန့်စန့်ကြီးပေါ်နေသည်။ ပြီးမှ. . တဖြည်းဖြည်းနှင့် အပေါ်သို့ကြွတက်လာလေသည်။

အလောင်းက ရေနှင့်လွတ်သွားပြီး အောက်ဘက်မှ မိကျောင်းတစ်ကောင်၏ ကိုယ်လုံးကြီးက တဖြည်းဖြည်းပေါ်လာသည်။ မိကျောင်းကျောပေါ်မှာရှိသော အလောင်းစင်ဟူ ခေါ်ကြသောနေရာမှာ သေဆုံးနေပြီဖြစ်သော လူ့အလောင်းကို အလျားလိုက်တင်ထားလေသည်။

မိကျောင်းက တစ်ကိုယ်လုံးနီးပါး ရေပေါ်ရောက်လာသည်အထိ ပေါ်ပြရာ ရေအောက်မှာ သုံးပုံတစ်ပုံခန့်သာ ကျန်





တော့သည်။

လူသေအလောင်းကို ကျောပေါ်တင်ပြီး. . မြုပ်သွားလိုက် ပေါ်လာလိုက်နှင့် သုံးကြိမ်သုံးခါ ပြုလုပ်ပြီးမှ ရေအောက်သို့ပြန်မြုပ်သွားရာ ပြန်ပေါ်မလာတော့ပေ. . .။

ရေစင်ပေါ်မှ ကြည့်နေကြသူများမှာလည်း များစွာ ကြောက်ရွံ့ကြသည်။

ထိုမျှနှင့်မပြီးသေးဘဲ ညအချိန်ရောက်သောအခါ ရေစင်ရှိရာဘက်မှ. . .။

"ငါ့ကိုမိကျောင်းဆွဲနေပြီ၊ ကယ်ကြပါ. . ကယ်ကြပါ"

ဟူသော အသံနက်ကြီးဖြင့် အော်သံကို ရေစင်ရှိသောနေရာနှင့် မနီးမဝေးဆီမှ ကြားကြရသည်။

"ကယ်ကြပါ. . ငါ့ကိုကယ်ကြပါ. . ."

ထိုအသံကြားသဖြင့် အချို့ကလည်း လက်နှိပ်ဓာတ်မီးယူကာ အရဲစွန့်ပြီး ရေစင်ထိပ်မှ ထွက်ကြည့်ကြသည်။

အသံကြားရာသို့ မီးရောင်ဖြင့် ထိုးကြည့်ကြသောအခါ မိကျောင်းပါးစပ်ထဲမှာ ကန့်လန့်ဖြတ်အနေအထား ဖြတ်ကိုက်ခံထားရသောလူက လက်ကားရား ခြေကားရားဖြင့် အော်ဟစ်အကူအညီ တောင်းနေခြင်းဖြစ်သည်။

ညဉ့်နက်ပိုင်းရောက်တော့မှ အသံများပျောက်သွားလေတော့သည်။

သို့သော်လည်း. . ထိုကဲ့သို့သော ခြောက်လှန့်မှုများက ပြီးမသွားပေ။


www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ညအချိန်ရောက်မှ နံရံများကို တဗုန်းဗုန်းနှင့် လာရောက်ထုရိုက်ပြီး အစာတောင်းသော အသံမျိုး ကြားကြရသေးသည်။

နောက်ပိုင်းရောက်မှ ပျောက်သွားလေတော့သည်။







# အခန်း(၁၁)

## မြနှင်းဖြူနှင့် ထူးဆန်းသောအလောင်းအစား

တောအုပ်သောင်းတန်တစ်ယောက် မဟာမြိုင်ရွာတွင် လာရောက်စခန်းချပြီးသောနောက် အတန်ကြာသောအခါ အလုပ်နှစ်ခု လုပ်နေရတော့သည်။

တစ်ခုက သစ်တောနှင့်ပတ်သက်သောအလုပ်များကို လုပ်ရပြီး၊ ကျန်တစ်ခုက အလုပ်အားသောအချိန်တွင် ချောင်းများဘက်မှာနေသော မြနှင်းဖြူထံသွားပြီး သူမမေတ္တာကို ရရှိ



www.burmeseclassic.com

www.burmeseclassic.com



အောင် ကြိုးစားရခြင်းပင်ဖြစ်သည်။

သူသည် ညနေပိုင်းအလုပ်နားသည်နှင့်. . လျှော့ဖြင့် ချောင်းထဲမှသွားလေသည်။ အဖော်အဖြစ် လှေလှော်ရန် လူနှစ် ယောက်ကို ခေါ်သွားတတ်လေသည်။

မြနှင်းဖြူမှာ၏ မိဘများကတော့ သမီးဖြစ်သူကို လာ ရောက်ပိုးပန်းနေသည်ဖြစ်မှန်း သိရသော်လည်း ထွေထွေထူးထူး တော့ မပြောကြပေ. . ။

အဘယ်ကြောင့်ဆိုသော်. .

မြနှင်းဖြူမှာ သမီးတစ်ယောက်ဖြစ်နေသော်လည်း အိမ် ထောင်ဘက် ရွေးချယ်ရာမှာတော့ သူတို့အနေနှင့် ဝင်ရောက် ပြောဆိုခွင့် မရှိကြပေ. . ။

သူမသဘောအတိုင်းသာ ရွေးချယ်ခွင့် ပေးထားရသည်။ ထိုသို့ရွေးချယ်ခွင့် ပေးထားရသည်မှာလည်း မြနှင်းဖြူမှာ သာ မန်မိန်းကလေးတစ်ယောက် မဟုတ်သောကြောင့်ပင်ဖြစ်၏။

မြနှင်းဖြူ အနေကတော့ ယခင်က မိဘများ သဘောကျ စီစဉ်ကြသည်ကို သမီးကောင်းတစ်ယောက်အနေနှင့် မငြင်း ဆန်ခဲ့ပေ. . . ။ သို့သော် အဆင်မပြေခဲ့ပေ. . . ။

မိဘများစီစဉ်ပေးသော သတိုးသားသုံးယောက်စလုံး သေဆုံးသွားပြီး နောက်ပိုင်းမှာတော့ လက်မခံဝံ့တော့ပေ။

ဦးဘမောင်နှင့် ဒေါ်မယ်လှတို့ အနေဖြင့်လည်း သူ့ သဘောကျ မစီစဉ်ဝံ့ကြတော့ပေ. . ။

ယခုအခါမှာတော့ တောအုပ်သောင်းတန်တစ်ယောက်





သူမအိမ်သို့ မကြာခဏ လာရောက်နေရာ စိတ်ညစ်နေမိလေ သည်။ သောင်းတန်မှာ မြို့သားလူလည်တစ်ဦးဖြစ်သောကြောင့် မိန်းကလေး တစ်ယောက်ကို မည်သို့မည်ပုံ ချဉ်းကပ်ရမည်ကို နားလည်သည်။

သို့ကြောင့် မြို့ရောက်တိုင်း အဝတ်အထည်နှင့် မိန်းက လေး အသုံးအဆောင်အချို့ကို ဝယ်ယူလာပြီး သွားရောက်ပို့ ပေးရင်း တစ်နေ့တစ်ခြား ရင်းနှီးမှုရအောင် ကြိုးစားလေသည်။

မြနှင်းဖြူအနေကလည်း မလွဲသာ၍သာ လက်ခံနေရ သော်လည်း စိတ်ထဲမှာ သောင်းတန်ကို သဘောမကျပေ။ တစ် နေ့ညမှာတော့ သူမရှိရာသို့ မြသင်းကြူရောက်လာလေသည်။

"ညီမလေး နင် ဘာလာလုပ်တာလဲ"

"မမဆီကို လူတစ်ယောက် အနှောင့်အယှက်လာပေး နေတယ် မဟုတ်လား"

"ခုထိတော့ ဘာမှမဟုတ်သေးပါဘူး"

"ဒါပေမယ့် တစ်နေ့ကျရင် ဇွတ်တိုးလာလိမ့်မယ်၊ သူက ကျွန်မတို့ကို အနှောင့်အယှက်ပေးနေတဲ့သူပဲ"

မြသင်းကြူက ဒေါသဖြင့် ပြောသည်။

"သူက မမတို့နဲ့ပတ်သတ်ပြီး ထူးထူးခြားခြားလုပ်တာ မျိုး ဘာမှမရှိသေးတော့ အခုအချိန်မှာ သူ့ကို ဘာမှလုပ်လို့မ ဖြစ်သေးဘူး"

"တစ်နေ့ကျရင်တော့ သူကမမကိုရဖို့ ကြိုးစားလာမှာပဲ၊ ဒီတော့ ကျွန်မတော့ ကျွန်မပြောတဲ့အတိုင်း ကြိုတင်ပြီး အကာ



www.burmeseclassic.com

www.burmeseclassic.com



အကွယ်တွေလုပ်ထားတာ မမှားဘူး"

"ဘယ်လိုလုပ်ရမှာလဲ"

မြသင်းကြူက ပြုလုပ်ရမည့် အစီအစဉ်များကို ပြောပြ လေရာ ထိုအစီအစဉ်ကို ကြားသောအခါ မြနှင်းဖြူပင် မျက်လုံး ပြူးသွားလေသည်။

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် အခုအချိန်မှာ မမဘက်က အကူအညီ ပေးမယ့်သူတစ်ယောက်တော့ ရှိနေသင့်တယ်. ."

"သူကရော အကူအညီ ပေးပါ့မလား"

"ကျွန်မသိရလောက်တော့ သူကစိတ်ထားဖြူစင်တဲ့သူ တစ်ယောက်ပဲ၊ အကူအညီ ပေးမှာပါ"

"တကယ်လို့ သူတစ်ခုခုဖြစ်သွားရင်ကော ဘယ်လိုလုပ် မလဲ"

"အဲ့ဒါတော့ ကျွန်မတို့မောင်နှမတာဝန်ထားပါ၊ အစ်ကို ကြီးနဲ့ကျွန်မ အကူအညီပေးရင်ရပါတယ်"

ဟုပြောသဖြင့် မြနှင်းဖြူလည်း ထိုအစီအစဉ်ကို လက်ခံ လိုက်လေသည်။

တစ်နေ့မှာတော့ နီမောင်နှင့်တွေ့ပြီး သူမအတွက်လို အပ်သော အကူအညီကိုပြောပြရာ ပထမတော့ အံ့သြနေလေ သည်။ အကျိုးအကြောင်းပြောပြသောအခါမှ အကူအညီပေးရန် သဘောတူလေသည်။

ထိုသို့သဘောတူသဖြင့်လည်း မြနှင်းဖြူစိတ်ထဲမှာ အား





ရှိသလို ကျေနပ်မှုလည်း ဖြစ်မိလေသည်။

ဘာကြောင့်ထိုကဲ့သို့ ကျေနပ်မှုဖြစ်ရသည်ကိုတော့ သူမ ကိုယ်တိုင်ပင် မသိတော့ပါချေ. . .။

နီမောင်က သူ့သဘောကိုပြောပြသည်။

"မျောက်တစ်ရာတောထဲမှာတွေ့တုန်းက ကျွန်တော် ပြောခဲ့တဲ့အတိုင်းပါပဲ၊ မြနှင်းဖြူမှာ ဘယ်လိုအခက်အခဲမျိုးပဲရှိရှိ အကူအညီပေးမှာပါ"

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်. ."

"ဒီလောက်လည်း ကျေးဇူးတင်စရာ မလိုပါဘူး၊ ကျွန် တော်က အခုလို အကူအညီပေးခွင့်ရတာကိုပဲ ဝမ်းသာနေမိ တာပါ. ."

"ဟင်. . အစ်ကိုက ဝမ်းသာနေတယ်ဟုတ်လား"

"ဟုတ်ပါတယ်. . ၊ တကယ်ချစ်သူ မဟုတ်နိုင်ပေမယ့် တန်ဆောင်တဲ့ ချစ်သူဘဝမျိုးရတာကိုပဲ ဝမ်းသာနေမိတာပါ၊ ဘာကြောင့်လည်းဆိုတော့ ဒီလိုဆုလာဒ်မျိုးဆိုတာ ဘယ်အရာ နဲ့မှ မလဲနိုင်တဲ့ အရာမျိုးပါ. . ."

"အစ်ကိုကလည်း. . ."

မြနှင်းဖြူက ရှက်သွေးဖြာသော အမူအရာဖြင့် ခေါင်းငုံ့ သွားလေသည်။

"ကျွန်တော်က မြနှင်းဖြူ အခက်ခဲတွေ့နေတဲ့အချိန်မှာ စေတနာ ဖြူဖြူစင်စင်နဲ့ အကူအညီပေးသွားမှာပါ၊ ဘယ်လိုအ ခွင့်အရေးကိုမှလည်း မမျှော်လင့်ပါဘူး၊ ကျွန်တော့်အတွက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လည်း အနှောင့်အယှက်မဖြစ်စေရပါဘူး"

ဟု ကတိပေးလေသည်။

"ကျွန်မအတွက်နဲ့ အန္တရာယ်တစ်ခုခု ကြုံတွေ့မှာ စိုးရိမ်မိလို့ပါ. . ."

"ဒီအတွက်တော့ ဘာမှမစိုးရိမ်ပါနဲ့ ဘယ်လိုအန္တရာယ်မျိုးနဲ့ပဲကြုံကြုံ ကျွန်တော်ကြိုးစားပြီး ရင်ဆိုင်သွားပါမယ်"

ဟုပြောပြီး ပြန်သွားလေသည်။

မြနှင်းဖြူကတော့ တရွေ့ရွေ့ထွက်သွားသော နီမောင်ကျောပြင်ကို ငေးကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်လေသည်။

တစ်ရက်မှာတော့. . မြို့မှဝယ်ယူလာသော အသုံးအဆောင်ပစ္စည်းများနှင့်အတူ သောင်းတန်ရောက်လာပြန်လေသည်။ သူက လက်ဆောင်ပစ္စည်းများပေးရင်းနှင့် ချစ်စကားကြိုက်စကား ပြောလေသည်။

"ဝမ်းနည်းပါတယ်ရှင် ကျွန်မမှာ လက်ထပ်ဖို့အထိ ရည်စူးထားတဲ့ ချစ်သူရှိနေလို့ လက်မခံနိုင်ပါဘူး"

ဟု မြနှင်းဖြူက ငြင်းပယ်တော့ သောင်းတန်မှာ အံ့သြသွားလေသည်။

"ကိုယ်လည်း ဒီလောက်လူကဲခတ်တာ မညံ့ပါဘူး၊ မင်းအကြောင်းတွေကိုလည်း အတော်များများ စုံစမ်းပြီးပါပြီ၊ မင်းနဲ့လက်ထပ်ဖို့ စီစဉ်တဲ့သူတိုင်း အကြောင်းတစ်ခုခုနဲ့ သေကြရပြီးတဲ့နောက်ပိုင်း မင်းကိုဘယ်သူကမှ မချစ်ဝံ့ကြတော့လို့ မင်းမှာ



ချစ်သူမရှိသေးပါဘူး"

သောင်းတန်က ပိုင်ပိုင်နိုင်နိုင်ပင်ပြောရာ မြနှင်းဖြူက တစ်ချက်ပြုံးလိုက်သည်။

"မိန်းကလေးတစ်ယောက် ချစ်သူထားတာ လူတိုင်းသိအောင်လုပ်နေရမယ့် ကိစ္စမျိုးမှမဟုတ်တာ ဘယ်သူသိဖို့ လိုသေးလို့လဲ"

"ဒါပေမယ့် ကိုယ်ကတော့မယုံဘူး၊ မင်းချစ်သူက ဘယ်သူလဲ"

"ဒီရွာကပါပဲ၊ သူ့နာမည်က ကိုနီမောင်လို့ခေါ်ပါတယ်"

"ကောင်းပြီ. . ကိုယ် သူနဲ့တွေ့ပြီး သေသေချာချာမေးကြည့်ရမယ်. ."

ဟုပြောဆိုကာ ပြန်သွားလေတော့သည်။

သူမျှော်လင့်ထားသည်က တောရွာမှာနေသော မိန်းမပျိုတစ်ယောက်က သူလိုမြို့မှာနေပြီး အစိုးရဌာနမှ ဝန်ထမ်းတစ်ဦးဖြစ်သောသူက ချစ်ရေးဆိုလျှင် အထင်ကြီးမှုဖြင့် အလွယ်တကူလက်ခံလိမ့်မည်ဟု မျှော်လင့်ထားခဲ့မိသည်။

ယခုတော့ အထင်နှင့်အမြင် တလွဲစီဖြစ်သွားခဲ့ရချေပြီ။ ထို့အတွက်. . စိတ်ထဲမှာ တနုံ့နုံ့နှင့် မကျေမနပ်လည်း ဖြစ်နေမိသည်။

နောက်တစ်နေ့မှာတော့ မဟာမြိုင်ရွာမှ နီမောင်ရှိသောနေရာသို့ မေးမြန်းပြီး သွားလေသည်။ သူရောက်တော့ နီမောင်က အိမ်ရှေ့မှာထိုင်ပြီး လေှခတ်ကွင်း ပြင်နေသည်ကို တွေ့ရ

www.burmeseclassic.com



သည်။

သောင်းတန်ဝင်သွားတော့ နီမောင်က တစ်ချက်မော့ကြည့်ပြီး လုပ်လက်စအလုပ်များကို ချထားလိုက်သည်။

"နီမောင်ဆိုတာ မင်းလား"

"ဟုတ်တယ်. . ခင်ဗျားက ဘယ်သူလဲ"

"ငါက မင်းတို့ချောင်းဝမှာရှိတဲ့ သစ်တောရုံးက တောအုပ်သောင်းတန်ပဲ"

"ဘာကိစ္စရှိလို့လဲ"

"မင်းနဲ့ စကားပြောစရာရှိလို့ လာခဲ့တာ. . ."

"ဒီလိုဆိုရင်တော့ အဲဒီကွတ်ပျစ်မှာပဲ ထိုင်ဗျာ. ."

"ပွင့်ပွင့်လင်းလင်းပဲ မေးရတော့မှာပဲ၊ မင်းက ရွာဖျားမှာနေတဲ့ မြနှင်းဖြူနဲ့ ချစ်သူဖြစ်နေကြတယ်ဆိုတာ အမှန်ပဲလား"

"ခင်ဗျားကို ဘယ်သူပြောလိုက်တာလဲ"

"သူကိုယ်တိုင် ပြောလိုက်တာပဲ"

"ဟုတ်ပါတယ်"

နီမောင် တိုတိုတုတ်တုတ်ပင် ပြန်ဖြေလိုက်သည်။

ထိုအဖြေကြားတော့ သောင်းတန်မျက်နှာမှာ တစ်ချက်တွန့်သွားလေသည်။

"အံ့သြစရာပဲ"

"ယောကျာ်းလေးနဲ့ မိန်းကလေး ချစ်သူဖြစ်တာ ဘာများအံ့သြစရာ ရှိလို့လဲဗျ. . ."

"မင်းလို အဆင့်အတန်းမျိုးကို ချစ်သူအဖြစ် ရွေးထား





တာကို အံ့သြတာပါ. . ."

"ခင်ဗျားပြောတဲ့ အဆင့်အတန်းဆိုတာ ဘာကိုပြောတာလဲ"

"မင်းမှာ ဂုဏ်လည်းမရှိ ငွေလည်းမရှိ ပညာလည်းမရှိပါဘဲနဲ့ ဒီလိုမိန်းကလေးမျိုးက ချစ်သူအဖြစ်ရွေးချယ်ထားတာကို အံ့သြတာပါ"

"ဖြူစင်တဲ့ မေတ္တာနဲ့ ချစ်သူဘဝရောက်တဲ့သူတွေမှာ ခင်ဗျားပြောတဲ့ အဆင့်အတန်းမျိုးတွေမှ မလိုတာ၊ ငွေလည်းချမ်းသာတယ်၊ ပညာလည်းတတ်ရဲ့နဲ့ စိတ်ထားမဖြူစင်တဲ့ ယုတ်မာရက်စက်တဲ့ လူမျိုးတွေကိုတော့ မိန်းကလေးအတော်များများက မနှစ်သက်ကြပါဘူး၊ ဘာကြောင့်လည်းဆိုတော့ အချစ်ဆိုတာ သူတို့ဘဝနဲ့ရင်းပြီး ရွေးကြတာဆိုတော့လည်း အသိဉာဏ်ရှိတဲ့ မိန်းကလေးတိုင်း လူတွေ့တိုင်းတော့ ချစ်သူအဖြစ် လက်ခံပေးကြမယ် မထင်ဘူး"

နီမောင်စကားကြောင့် သောင်းတန်မှာ အနာပေါ်တုတ်ကျသလိုဖြစ်ပြီး မျက်နှာနီသွားလေသည်။

"မင်းကလည်း တောထဲမှာနေလို့သာပဲ မြို့မှာသာနေရင် စာရေးဆရာ လုပ်စားမလားတောင်မသိဘူး"

"ခင်ဗျား ကျွန်တော်ဆီလာတာ ဒီအကြောင်း သိချင်ရုံပဲလား"

"ဒါအပြင် ပြောစရာလည်း ရှိသေးတယ်၊ ငါကတော့ မြနှင်းဖြူကို မရရအောင် ကြိုးစားယူမယ်လို့ ဆုံးဖြတ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ လောလောဆယ်မှာ သူကလွတ်လပ်သူ တစ်ယောက်ဘဝမှာပဲ ရှိနေသေးတာပဲ၊ ခင်ဗျားအနေနဲ့လည်း ကြိုးစားခွင့်ရှိတာပဲ. . ."

နီမောင်က စိတ်ပူပန်မှုမရှိသော လေသံဖြင့် ပြောလိုက်သည်။

"မင်းနဲ့ ငါနဲ့က ပြိုင်ဘက်တော့ ဖြစ်လာပြီ"

"ပြိုင်ဘက်ဆိုရင် ယှဉ်ပြိုင်မှုတစ်ခုခုတော့ ရှိရမှာပေါ့"

"မင်းက ဘယ်လိုပြိုင်ချင်လို့လဲ"

"ဒါကတော့ ကာယကရှင်ဖြစ်တဲ့ မြနှင်းဖြူနဲ့တွေ့ပြီး သူဆုံးဖြတ်တာ ပိုမကောင်းဘူးလား"

"အင်း. . ဒါလည်း မဆိုးပါဘူး"

ဟုပြောဆိုတိုင်ပင်ပြီး နှစ်ယောက်သား မြနှင်းဖြူရှိရာသို့ သွားကြလေသည်။

မြနှင်းဖြူက သူတို့နှစ်ယောက်ကိုမြင်တော့ ကောင်းမွန်စွာဧည့်ခံပြီး လာရင်းကိစ္စကိုမေးရာ. . နီမောင်က အကျိုးအကြောင်းပြောလိုက်သည်။

"ရှင်က ဘယ်လိုပြိုင်ချင်တာလဲ"

"မင်းအချစ်ကိုရဖို့ဆိုရင် ဘယ်လိုပြိုင်ဆိုင်မှုမျိုး ဖြစ်ဖြစ် ပြိုင်နိုင်ပါတယ်"

"ကျွန်မ အနေကတော့ ဘဝကြင်ဖော်ရွေးတဲ့နေရာမှာ တခြားအရာတွေ မလိုချင်ပါဘူး၊ အားကိုးအားထား ပြုနိုင်မယ့် သူမျိုးပဲ လိုချင်တာပါ"





"မင်းက ဘယ်လိုစမ်းသပ်ချင်တာလဲ"

"ကျွန်မတို့နေတဲ့ဒေသက နယ်မြေကြမ်းတယ်ရှင့်၊ ဒီဒေသအကြောင်း မသိတဲ့သူတွေ နေလို့မရဘူး၊ ရှင့်အနေနဲ့ ဒီဒေသမှာနေတဲ့ မိန်းကလေးတစ်ယောက်ကို ချစ်သူအဖြစ် ရွေးတော့မယ်ဆိုရင် ဒီဒေသနဲ့ပတ်သတ်တာတွေကိုတော့ ခံနိုင်ရည်ရှိရမယ်"

"ဘယ်လိုဟာမျိုးတွေလဲ"

ထိုအခါ မြနှင်းဖြူက သူမဖြစ်စေချင်သော အရာများကို ပြောပြလေသည်။

မြနှင်းဖြူတို့အိမ်မှ ပြန်လာတော့ သောင်းတန်က တအံ့တသြ ပြောပြလေသည်။

"သူပြောတဲ့အလုပ်တွေက ငါအတွက်တော့ သိပ်မခက်လှပါဘူး၊ တကယ်လို့ သူပြောတာတွေကို အောင်မြင်အောင်လုပ်နိုင်မယ်ဆိုရင်ကော မင်းအနေနဲ့ နောက်ဆုတ်ပေးမှာလား"

"ခင်ဗျားအနေနဲ့ ကြိုးစားလို့ အောင်မြင်သွားရင် ကျွန်တော့်အနေနဲ့ နောက်ဆုတ်ပေးဖို့ ဝန်မလေးပါဘူး"

ဟု ပြောလိုက်သောကြောင့် သောင်းတန်လည်း ကျေနပ်စွာဖြင့် စခန်းရှိရာသို့ ပြန်လာခဲ့လေသည်။

စခန်းပြန်ရောက်တော့ တပည့်များက စိတ်ဝင်စားစွာဖြင့် ဝိုင်းမေးကြသည်။

"ဆရာ အခြေအနေဘယ်လိုလဲ"

"သူ့မှာ ချစ်သူရှိတယ်ကွ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတဲ့လဲ. . ."

"နီမောင်လို့ ပြောတယ်"

ထိုအခါ စိန်မှတ်က ပြောသည်။

"အရင်ကတော့ မကြားမိပါဘူး၊ ဘယ်အချိန်ကများ အဆင်ပြေသွားကြတာလည်း မသိဘူး၊ ဒါကြောင့် ဆရာ ပြောတော့ လက်မခံဘူးတဲ့လား"

"ဒီလိုလည်း မဟုတ်သေးဘူး၊ ငါတို့နှစ်ယောက်ကို အခွင့်အရေးတစ်ခုတော့ ပေးတယ်"

"ဘယ်လိုတဲ့လဲ"

"သူလုပ်ခိုင်းတာ သုံးမျိုးကို လုပ်ပေးနိုင်ရင် ချစ်သူအဖြစ် ရွေးမယ်လို့တော့ပြောတယ်၊ ငါလည်း မိန်းကလေးအတော်များများနဲ့ တွေ့ဖူးကြုံဖူးပါတယ်၊ လူတစ်ယောက်ရဲ့ မေတ္တာကိုလက်ခံဖို့ ဒီလိုကြံကြံဖန်ဖန်စိတ်ကူးနဲ့ ပြိုင်ပွဲသဘောမျိုး လုပ်ခိုင်းတာမျိုးတော့ ဒီတစ်ခါပဲကြုံဖူးသေးတယ်"

သောင်းတန်က ကပ္ပိတန်စီးကရက်တစ်လိပ်ကို မီးညှိဖွာရင်းပြောလေသည်။

"ဒါမျိုးတွေက မဆန်းပါဘူးဆရာရယ်၊ မိန်းမတွေကသူတို့ကိုစိတ်ဝင်စားမှန်းသိရင် ဒီလိုပဲနည်းအမျိုးမျိုးတွေနဲ့ စမ်းသပ်ကြတာ သဘာဝပါပဲ၊ ရှေးအခါကဆိုရင် မိန်းမတစ်ယောက်ကိုရဖို့ ယောက်ျားချင်းတွေတောင် အသက်လုပွဲတွေ ဆင်နွှဲကြရသေးတာပဲ"

ကျော်ကြီးဆိုသူက ဝင်ပြောလေသည်။





"ဒါပေမယ့် ဆရာရယ်၊ နီမောင်လို ဘာပညာမှမတတ်တဲ့ တောသားတစ်ယောက်နဲ့ ယှဉ်ပြိုင်ရတာဆိုတော့. . ပညာလည်းတတ် အရည်အချင်းလည်းရှိတဲ့ ဆရာပဲအနိုင်ရမှာပါ"

ဟု အချို့က မြှောက်ပင့်ပြောသည်။

ထိုအခါ သောင်းတန်ကပြောသည်။

"လူတစ်ယောက်ကို ဒီလိုလျှော့တွက်လို့မရဘူးကွာ၊ သူကတော့ တောသားပေမယ့် ငါမလုပ်နိုင်တာတွေကို သူလုပ်နိုင်တာလည်းရှိလိမ့်မယ်၊ ဥပမာ သူကမြို့မှာရှိတဲ့ မော်တော်ကားမမောင်းတတ်ပေမယ့် ရေထဲက မိချောင်းကို ဖမ်းနိုင်တာမျိုးပေါ့၊ ငါက မြို့မှာနေလို့ ကားမောင်းတတ်ပေမယ့် လှေတစ်စင်းကို ဖြောင့်အောင်လှော်ပါဆိုရင် လှော်နိုင်မှာမဟုတ်ဘူး"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါထက်သူက ဘယ်လိုကိစ္စတွေ လုပ်ခိုင်းတာလဲ"

"စိတ်ဝင်စားစရာတော့ ကောင်းတယ်ကွ၊ မိုးမခပင်နှစ်ပင်ပေါ်မှာ သူ့နာမည်ထိုးထားတဲ့ ပဝါနှစ်ထည်ချည်ထားတာရှိတယ်လို့ပြောတယ်၊ နေ့အချိန်မှာတက်ရှာရင် မတွေ့နိုင်ဘူး၊ ညအချိန်ရောက်လို့ သစ်ပင်ပေါ်တက်သွားရင် သစ်ကိုင်းမှာ ချည်ထားတဲ့ ပဝါနှစ်ထည်စလုံးကို ယူလာပေးရမယ်တဲ့"

"အဆန်းပါလား၊ နောက်တစ်မျိုးကရော"

"တမံကုန်းမှာရှိတဲ့ လက်ပံပင်ကြီးပေါ်မှာ သူ့အမည်ထိုးထားတဲ့ ပဝါတစ်ထည်ချည်ထားတယ်တဲ့၊ အဲဒီပဝါကလည်း နေ့ဘက်သွားရင် မတွေ့ရဘူး၊ ညအချိန်မှ တွေ့ရမယ်တဲ့၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ပဝါကိုယူပေးရမယ်”

ထိုစကားကြားသောအခါ သောင်းတန်နှင့် ပါလာသူများက မသိသာသော်လည်း ထိုအကြောင်းများကိုသိသော ရွာခံများဖြစ်သည့် စိန်မှတ်တို့သုံးယောက်မှာတော့ မျက်စိမျက်နှာပျက်နေကြလေပြီ။

“ဒါပဲလား ဆရာ”

“နောက်တစ်ခုက နေသူရိန်ကုန်းတန်းမှာ လောင်းလှေပျက်ကြီးတစ်စင်း ရှိတယ်လို့ပြောတယ်၊ အဲဒီလောင်းလှေဦးမှာ ကပ်ထားတဲ့ကြေးပြားတံဆိပ်တော်ကို ယူလာပေးရမယ်တဲ့”

“ထူးထူးဆန်းဆန်းတွေချည်းပါလား၊ ဆရာလိုလူမျိုးကဒီလိုတောက မိန်းကလေးတစ်ယောက်ကို ရဖို့ဒီလောက်ခက်ခဲနေရသလား၊ သူ့ကိုမေ့ထားလိုက်ပါတော့ ဆရာရယ်”

“မဟုတ်ဘူးကွ. . လောကမှာလွယ်လွယ်နဲ့ ရတာတွေထက် ခက်ခက်ခဲခဲရတာတွေက ပိုပြီးတန်ဖိုးရှိကြတယ်၊ ငါ့ထလည်း လွယ်တာဆိုရင် သိပ်သဘောမကျဘူး၊ အဲဒီလို ခက်ခက်ခဲခဲယှဉ်ပြိုင်ပြီး ယူရတာမျိုးကို ပိုပြီးသဘောကျတယ်၊ သူပြောတာတွေကို ဖြစ်အောင်လုပ်ပြီး သူ့ကိုရအောင်ယူမှ ကျေနပ်မယ်”

ဟု ပြောပြီး တိုနေပြီဖြစ်သော စီးကရက်ကို ပစ်ချလိုက်လေတော့သည်။

၎င်းက ရှေ့တိုးပြီးလုပ်မည်ဟု ပြောသောအခါ အချို့တပည့်များကတော့ မျက်ခုံးလှုပ်နေကြလေသည်။

အဘယ်ကြောင့်ဆိုသော်. . . ၊ သူပြုလုပ်ရမည့် အချက်များမှာ ပရလောကသားများနှင့် ပတ်သက်နေသောကြောင့်ဖြစ်သည်။

တကယ်တော့ ပရလောကသားများနှင့် အလောင်းအစားပြုလုပ်မိခြင်း၊ ပရလောကသားများကို မထေမဲ့မြင်ပြုလုပ်မိခြင်းများကြောင့် ဒုက္ခရောက်ရခြင်း၊ အသက်ဆုံးရှုံးရခြင်းအချို့ရှိပေသည်။







www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၂)

# ပရလောကကမ္ဘာရှိ ကမ္ဘာ့ဆွယ်စုံကျမ်းမှ မှတ်တမ်းများ

မြန်မာနိုင်ငံမှာသာမက ကမ္ဘာနေရာအနှံ့အပြားတွင် ပရ ာကသားဟုခေါ်သော ဝိညာဉ်လောကသားများနှင့် ပတ် ်သည့် ထူးဆန်းအံ့ဩဖွယ်ရာများစွာတို့ ရှိခဲ့ကြလေသည်။

အချို့က ပရလောကသားများရှိနေကြသည်ကိုပင် မယုံ ည်ကြပေ။ သို့ကြောင့် နည်းအမျိုးမျိုးနှင့် လက်တွေ့စမ်းသပ် ည့်ကြသည်။ တစ္ဆေများနှင့်တွေ့နိုင်အောင် ကြိုးစားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေခြောက်သောနေရာများတွင် တစ်ယောက်တည်း
နေကြည့်ကြသည်။

သချိုင်းကုန်းများ၊ ပုဏ္ဏကတိုက် အိမ်များမှာ ညအိပ်
တစ္ဆေများနှင့်တွေ့အောင် ကြိုးစားခဲ့ကြသည်။ အတော်များများ
မှာ အသက်အန္တရာယ်များနှင့်တွေ့ကြုံကာ သေဆုံးခဲ့ကြရသည်။

ထိုသို့သေဆုံးရသည်ကိုပင် တစ္ဆေသရဲများ၏လက်ချက်
မဟုတ်ဘဲ အခြားပယောဂတစ်ခုခုကြောင့် သေဆုံးရသည်
ယူဆသူက ယူဆကြသည်။

ကမ္ဘာနေရာအနှံ့အပြားတွင် ပရလောကသားများ
ပတ်သက်သည့် ထူးဆန်းသောအကြောင်းအရာမျိုးစုံတို့ရှိကြ
သည်။ ထို့အတူ မြန်မာနိုင်ငံမှာလည်း အများအပြားရှိခဲ့သည်။

ထိုမှတ်တမ်းများကို စုစည်းပြီး 'တစ္ဆေသွန့်ပေါင်းတဲ့
အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ကြသည်။

ကမ္ဘာအရပ်ရပ်မှ ဆန်းကြယ်သော အကြောင်းအရာ
ချို့ကိုလည်း ဖော်ပြပေးလိုပါသည်။

ကမ္ဘာအရပ်ရပ်တွင် ထိတ်လန့်ကြောက်ရွံ့ဖွယ်ကော
သော တစ္ဆေခြောက်သည့်ဖြစ်ရပ်မှန် ဇာတ်လမ်းများစွာရှိ
သည်။ အဆိုပါဖြစ်ရပ်မှန် ဇာတ်လမ်းများမှ အချို့ကိုကော
နှုတ်ဖော်ပြပါသည်။

➢ **အသက်နှင့်ရင်းရသော အလောင်းအစား**

ထိုညသည် တိတ်ဆိတ်ငြိမ်သက်လွန်းသော ညတစ်
ဖြစ်သည်။ နေရာမှာ မြို့ပြ၏အစွန်အဖျားရှိ မှောင်မဲနေသော



သချိုင်းဖြစ်သည်။

လူငယ်လေးနှစ်ဦး၏ အလောင်းအစားပြုလုပ်မှုကြောင့်
ထိုမျှတိတ်ဆိတ်ငြိမ်သက် မှောင်မိုက်သည့်ညတွင် လူငယ်တစ်
ဦးသည် မှောင်မဲနေသော သချိုင်းအတွင်း ရောက်ရှိနေခြင်းဖြစ်
သည်။

လူငယ်နှစ်ဦးမှာ အလွန်ဆုံးရှိလှ အသက်(၁၅)နှစ်အ
ရွယ်ခန့်မျှသာ၊ လူပျိုဖော်ဝင်စအရွယ်၊ စွန့်စားလိုသည့်အရွယ်။

အထူးအဆန်းကို စူးစမ်းလိုသည့် စိတ်ဝင်စအရွယ်မို့
ဘာမဆိုရင်ဆိုင်မည်ဆိုသည့်စိတ်က ရှိပြီးသား။

အပြိုင်အဆိုင်ဆိုပါက ကိုယ်သာလျှင်အနိုင်ယူလိုစိတ်
ဖြင့် ကြောက်မွေ့ပါလျှင် ဇာဂနာနှင့်နှုတ်ပစ်လိုက်လိုသည့် လူငယ်
စိတ်က ထိုစွန့်စားမှု၏အခြေခံဖြစ်သည်။

သို့ဖြင့် သူငယ်ချင်းနှစ်ဦး ထိုအလောင်းအစားကို လူကြီး
မိဘများမသိအောင် တိတ်တခိုးဆောင်ရွက်ခဲ့ကြသည်။

သူငယ်ချင်းနှစ်ဦးမှာ ပီတာနှင့်သောမတ်(စ)ဟု ခေါ်ကြ
ပါစို့။ ပီတာသည် ညသန်းခေါင်၊ မှောင်မှောင်မဲမဲအချိန်တွင်
သချိုင်းတွင်းသို့ တစ်ဦးတည်းဝင်လာခဲ့ခြင်းဖြစ်သည်။

ပီတာတစ်ဦးတည်း မကြောက်မရွံ့နောက်မတွန့်ဘဲ ထို
တဲ့သို့ စွန့်စွန့်စားစားဆောင်ရွက်ခြင်းမှာ. . သူငယ်ချင်းသော
မတ်(စ)နှင့် သတ္တိပြိုင်ကြခြင်းကြောင့် သဘောတူပြုလုပ်ထား
သည့်အလောင်းအစားကို အနိုင်ရလိုစိတ်ပေါ်တွင် အရင်းခံ
သည်။ အလောင်းအစားက လူငယ်လေးများ၏ သတ္တိကိုစိန်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။

-မှောင်မိုက်ည၏ သန်ကောင်ယံအချိန်ဖြစ်ရမည်။

-သတ္တိပိုရှိသည့်လူငယ်က သင်္ချိုင်းသို့တစ်ဦးတည်း သွားရမည်။

-သင်္ချိုင်းကုန်းအလယ်သို့ ရောက်လျှင်. . သူရောက်ကြောင်း သက်သေပြရန် မြေကြီးပေါ်တွင် ဓားတစ်လက် စိုက်ထားရမည်။

-သတ္တိစမ်းသည့် အလောင်းအစားတွင် လောင်းကြေးငွေက လူငယ်တို့ မက်မောလောက်အောင် များသည်။

-နောက်တစ်နေ့ မနက်တွင်. . ထိုသူငယ်ချင်းနှစ်ဦး သင်္ချိုင်းတွင်း ဝင်ကြည့်ကြပြီး မြေကြီးတွင် စိုက်ထားသည့်ဓားကို တွေ့ပါက အလောင်းအစားတွင် အနိုင်ရမည်။

တက်ကြွစွန့်စားရဲသော လူငယ်တစ်ဦးအတွက် အလောင်းအစားပါ အချက်များမှာ ခက်ခဲလွန်းသည်မဟုတ်ဟု ပီတာယူဆသည်။

သို့ဖြစ်၍ သူပထမဦးစွာ သင်္ချိုင်းသို့သွားမည်ဆိုကာ ယခုလိုသင်္ချိုင်းတွင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ပီတာက သင်္ချိုင်းအတွင်း အမှောင်ထဲသို့ တစ်ချက်ငေး ကြည့်လိုက်သည်။ သင်္ချိုင်းတွင် သူမှလွဲ၍ မည်သူမျှမရှိ။

လရောင်ကြယ်ရောင်မျှပင် မရှိ. . မီးမှောင်နေသော သင်္ချိုင်းအတွင်းတွင် အုတ်ဂူဖြူဖြူများသာ တန်းစီနေသည်။

ထိုအချိန်တွင် လေတိုးမှုကြောင့် သစ်ပင်ရှည်ရှည်များ





သိမ်းနွဲ့နေကြသည်။

"လှုပ်နေကြတာ သစ်ပင်တွေလား တစ္ဆေလက်တံတွေလား"

သင်္ချိုင်းထဲသို့ ညသန်းကောင်တွင် တစ်ခါမှမရောက်ဘူးသော ပီတာ၏ရင်ထဲတွင် စိမ့်ခနဲဖြစ်သွားသည်။

ဆောင်းတွင်းမို့ လေအေးများ တိုက်ခတ်ခြင်းကြောင့် အသီဥတုသည် အေးစိမ့်လျက်။

"ဖောက်. . . ဖောက်. . . ဖောက်"

"ရှီး. . . ရှီး. . . ရှီး. . . . "

"ရှဲ. . . . ရှဲ. . . ရှဲ. . . "

သင်္ချိုင်းအလယ်ရှိ အုတ်ဂူတစ်ခုရှေ့တွင် ရပ်နေသည့် ပီတာ၏ ရင်ထဲတွင် တစ်ဒိုင်းဒိုင်းခုန်လာသည်။

"နှင်းကျတာ၊ လေတိုးတာ၊ သစ်ကိုင်းချင်းထိခိုက်မိတဲ့ အသံတွေပါ၊ ငါ့အလုပ်ငါလုပ်မှ. . ငါယောက်ျားပဲကွာ"

ပီတာပြန်လည်အားတင်းလိုက်သည်။

သို့သော် ကြောက်စိတ်ကြောင့် သူ့ဒူးများက မခိုင်ချင်သော၊ အလိုလို ဒူးညွှတ်ကျသွားသည်။

"ကဲ. . ဒီနေရာမှာ ခပ်မြန်မြန်ဓားစိုက်ထားခဲ့ပြီး၊ အမြန်ပြန်ထွက်မယ်"

အမြန်ပြီးစေရန် ဓားကိုအားနှင့်ခွန်နှင့် မြေကြီးထဲသို့ စိုက်သွင်းလိုက်သည်။

"ဟုတ်ပြီ. . ဒီလောက်ဆိုရင်ဒီဓားက မနက်ထိ ဒီနေရာ



www.burmeseclassic.com

www.burmeseclassic.com



မှာ စိုက်နေမှာပါ၊ ငါနိုင်ပြီ. . ပြန်မယ်”

အလောင်းအစားတွင် “နိုင်ပြီ”ဟူသော အသိဖြင့် တင်းကြွစွာ ပြန်ရပ်လိုက်သည်။

“ဘုန်း. . .”

ပီတာ မတ်တပ်ရပ်၍မရ။

“ဘုန်း”ခနဲ မြေကြီးပေါ်သို့ ပြန်ကျသွားသည်။

“ဘာဖြစ်တာလဲ၊ ငါ့ကိုတစ္ဆေတွေ ဆွဲထားပြီထင်တယ် တကယ်ကွာ. .”

ပီတာပြန်ထကြည့်ပြန်သည်။

“ဘုန်း. . .”

ဤတစ်ကြိမ်တွင်လည်း ပီတာမတ်တပ်ရပ်၍ ကြည့်ပြန်သည်။

“ဝှီး. . . ဝှီး. . . ဝှီး. . .”

“ရှဲ. . . ရှဲ. . . ရှဲ. . .”

“ဖောက်. . . ဖောက်. . . ဖောက်”

နှင်းထုက သိပ်သည်းစွာကျလာသည်။

လေတစ်ချက် ခပ်ပြင်းပြင်း ဝှေ့ယမ်းတိုက်ခတ်လိုက်လျှင် ဝတ်ထားသည့် အနွေးထည်အရှည်ကြီးကို ဖောက်ထွင်း၍ အသဲခိုက်အောင်အေးသည့်ဒဏ်ကို ပီတာခံစားနေရသည်။

“ဒေါက်. . . .”

“အမလေးဗျ. . အား. . .”

ပီတာ၏ခေါင်းပေါ်သို့ လေအရှိန်ဖြင့် လွင့်ပါလာသော





ကျောက်ခဲတစ်လုံးက လာမှန်သည်။

“ဖြောင်း. .”

“အား. . .”

လေတိုက်၍ ကျိုးကျလာသည့် သစ်ကိုင်းကျိုးက ပီတာခေါင်းပေါ်သို့ တည့်တည့်ကျသည်။

ပီတာဒူးထောက်ထိုင်နေရာမှ ပြန်၍မတ်တပ်မရပ်နိုင်တော့ဘဲ ခေါင်းစိုက်ကျသွားသည်။

နှင်းထုက ထူထဲသိပ်သည်းလှသည်။

သချိုင်းအတွင်းတွင် တိတ်ဆိတ်မှုကလွှမ်းမိုးသွားသည်။

ပီတာအကြောက်လွန်ခြင်းနှင့် နှင်းထု၏အေးစက်ခြင်းတို့ကြောင့် နှလုံးသွေးရပ်သွားပေပြီ။

ပီတာသည် အုတ်ဂူဖြူဖြူလေးတစ်ခုအနီးတွင် ထာဝရလဲလျောင်းလျက်ရှိသည်။ နောက်နေ့မနက်တွင် ပီတာ၏မိဘများနှင့် သောမတ်(စ)တို့က ပီတာကိုလိုက်ရှာကြသည်။

သောမတ်(စ)၏ ဖွင့်ဟဝန်ခံချက်ကြောင့် ပီတာသွားသည့်သချိုင်းသို့ သွားရောက်ရှာဖွေကြသည်။

မြေကြီးပေါ်တွင် စိုက်ထားသည့် ဓားတစ်ချောင်း၏ရှေ့တွင် ဒူးထောက်ကျကာ သေဆုံးနေသည့်ပီတာကို စိတ်မကောင်းဖွယ် တွေ့ကြရသည်။

အသက်ကင်းမဲ့နေသည့် ပီတာကို သောမတ်(စ)က ပြေးပွေ့လိုက်သည်။

ဤတွင်မှ ပီတာသိမသွားလိုက်သည့် ဖြစ်ရပ်ဆန်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို သောမတ်(စ)အသေအချာ တွေ့မြင်လိုက်မိသည်။

ပီတာမြေကြီးပေါ်သို့ ထိုးစိုက်လိုက်သည့်ဓားသည် လေတိုက်၍လွင့်နေသော ပီတာ၏ဝတ်ရုံရှည်၏ အစွန်းအသားစကို ဖောက်၍ မြေကြီးထဲသို့ စိုက်ဝင်နေခြင်းဖြစ်သည်။

သို့ဖြစ်၍ ပီတာပြန်ထ၍ မရခြင်းဖြစ်ပေလိမ့်မည်။

"နှလုံးရောဂါရှိတဲ့ သားလေး၊ ညကြီးအချိန်မတော်မှာ သင်္ချိုင်းထဲကို တစ်ယောက်ထဲလာရတယ်လို့ကွယ်၊ ဘုရားရေ. . မားတစ်ချောင်းတောင် ယူသွားတာပါလား"

သောမတ်(စ)ဆွဲ နှုတ်လိုက်သည့်ဓားကို ကြည့်ပြီး ပီတာ၏မိခင်က ဝမ်းနည်းစွာပြောသည်။

ပီတာ၏အသုဘကို ဂူသွင်းသင်္ဂြိုလ်ပြီးသည့်နောက်တွင် သောမတ်(စ)သည် သူငယ်ချင်း၏အုတ်ဂူသို့ မကြာခဏရောက်ဖြစ်သည်။

"ငါ့အပြစ်ပါ သူငယ်ချင်းရယ်၊ အသက်နဲ့ရင်းပြီး. . အလောင်းအစားလုပ်သလို ဖြစ်သွားတယ်ကွာ၊ မင်းမှာနှလုံးရောဂါရှိမှန်းသိရင် ဒီလိုအလောင်းအစားမျိုး မလုပ်ခဲ့ပါဘူး၊ ငါ့ကို ခွင့်လွှတ်ပါ"

ပီတာ၏အုတ်ဂူသို့ရောက်တိုင်း ထိုစကားကို အကြိမ်ကြိမ်ပြောလေ့ရှိသော သောမတ်(စ)သည် နောင်နှစ်စဲ့ ဆောင်းတွင်းညတစ်ညတွင် ပီတာ၏အုတ်ဂူအနီးတွင် သေဆုံးနေသည်ကို တွေ့ကြရသည်။

မိဘများက သူငယ်ချင်းနှစ်ယောက် မခွဲခွာရအောင် သောမတ်(စ)အုတ်ဂူကို ပီတာ၏အုတ်ဂူနှင့်ယှဉ်၍ ထားပေးလိုက်ကြသည်။

အရွယ်ရောက်စ သူငယ်ချင်းနှစ်ဦး၏ အသက်နှင့်ရင်းရသော အလောင်းအစားဖြစ်ပေသည်။

ဆက်လက်တင်ပြမည့် အကြောင်းရပ်မှာ ရေမြေရပ်ခြားမှ လူငယ်လေးများ၏ စူးစမ်းလေ့လာမှုတစ်ရပ်ဖြစ်သည်။

## ➤ ဆန်းဆန်းပြားပြား တွေ့လေ့လာချမှုများ

ကျွန်တော့်နာမည် အဲ(လ)ဘတ်ဖြစ်ပါတယ်။ ကျွန်တော်တို့သူငယ်ချင်းတစ်စု နွေရာသီစခန်းထွက်ပြီး စုစုဝေးဝေး ပျော်ပျော်ပါးပါး အလည်သွားခဲ့ကြတုန်းက ကြုံတွေ့ခဲ့ရတဲ့ ကိုယ်တွေ့ဖြစ်ရပ်ပါ။ နှစ်ကာလတွေကြာပေမဲ့ ကျွန်တော်တို့ဘယ်တော့မှ မမေ့နိုင်ကြတဲ့ ဖြစ်ရပ်ပေါ့။

"အသွားမတော် တစ်လှမ်း" ဆိုတဲ့စကားကို ကိုယ်တွေ့ကြုံလို့ ကျွန်တော်တို့ ယုံရပါပြီ။

ကျွန်တော်တို့ စခန်းချတဲ့နေရာက အဆောက်အဦးတွေ အသစ်အတိုင်းဖြစ်နေပေမဲ့ လူငယ်တွေရဲ့ မိဘတော်တော်များများက သူတို့ရဲ့သားတွေကို အဲဒီနေရာ မသွားစေချင်ကြပါဘူး။

အကြောင်းရင်းက အဲဒီစခန်းနဲ့ (၁)ကီလိုမီတာတောင် ကွာဝေးလှတဲ့နေရာမှာ အကြီးဆုံးသင်္ချိုင်းကြီးတစ်ခု ရှိနေလို့ပါ။

ခြေရှည်တတ်တဲ့၊ စပ်စုတတ်တဲ့၊ အရဲကိုးတတ်တဲ့ သားတွေရဲ့အကြောင်းကို သိထားကြတဲ့မိဘများက အဲဒီစခန်းမှာ နွေရာသီစခန်းမချဖို့ တားမြစ်တတ်ကြတာ မမှတာပါ။





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မိဘတွေကို ကတိအမျိုးမျိုးပေးပြီး ကိုယ်လိုချင်တာကိုမရမက ပူဆာတတ်တဲ့သားတွေထဲမှာပါတဲ့ ကျွန်တော်တို့ သူငယ်ချင်း(၆)ယောက် စုစည်းပြီး သချိုင်းကြီးနဲ့နီးတဲ့ နွေရာသီ စခန်းကို စခန်းချဖို့ ထွက်လာခဲ့ကြပါတယ်။

ကျွန်တော်တို့ စခန်းကိုစရောက်ရောက်ချင်းမှာ. . ပါလာတဲ့ကျောပိုးအိတ်တွေ နေရာချပြီး. . စခန်းပတ်ဝန်းကျင်ကို လျှောက်ကြည့်ကြပါတယ်။

"မင်းတို့တွေ ဒီစခန်းထဲမှာပဲ နားနားနေနေ နေကြနော်။ နေ့ရောညပါ ငါ့ကိုအသိမပေးဘဲနဲ့ ဘယ်ကိုမှ မထွက်ကြနဲ့"

စခန်းတာဝန်ခံတစ်ဦးက ကျွန်တော်တို့အဖွဲ့ကို မှာပါတယ်။ လက်ထောက်စခန်းတာဝန်ခံတွေက ညနေဖက်ရောက်တော့ စခန်းရဲ့ ဝင်းတံခါးသော့တွေ ခတ်ထားတာကို သေချာအောင်ပြန်စစ်ပါတယ်။

ကျွန်တော်တို့က ကွင်းလယ်မှာ မီးဖိုကြပါတယ်။ မီးပုံဝွဲ သဘောမျိုး ဝိုင်းဖွဲ့ပြီး ပျော်ပျော်ရွှင်ရွှင် နေလိုက်ကြတာ ည(၁၀)နာရီထိုးသွားပါတယ်။

"အိပ်ချိန်ရောက်ပြီ. . မီးဖိုကမီးတွေကို သေသေချာချာငြိမ်းခဲ့ကြနော်၊ တစ်နေကုန်ပင်ပန်းတော့ အနားယူပြီး ကောင်းကောင်းအိပ်ကြပေါ့. . မင်္ဂလာရှိသောညပါ"

စခန်းတာဝန်ခံများက သူတို့အိပ်ခန်းထဲဝင်သွားပြီး မကြာခင်မှာ အခန်းမီးမှိတ်တာ တွေ့ရပါတယ်။

"ဟော့. . လူကြီးတွေအိပ်ကုန်ပြီ၊ တို့တွေလဲ အိပ်ကြမယ်





ကွာ"

ကျွန်တော်တို့ သူငယ်ချင်းတွေထဲမှာ လူကြီးနည်းနည်းဆန်တဲ့ ဂျော့(ချ)က ပြောပြောဆိုဆို အိပ်ရာဝင်သွားပါတယ်။

"အေးကွာ. . အိပ်ကြတာပေါ့၊ မင်္ဂလာညချမ်းပါ"

မီးဖိုကို မီးငြိမ်းသတ်ပြီးမှ အခန်းထဲဝင်လာတဲ့ စတီဗင်တို့က နှုတ်ဆက်ပြီး အခန်းမီးပိတ်လိုက်ပါတယ်။

အဲဒီညက လမသာ. . မီးရောင်မရှိနဲ့ မှောင်မိုက်နေပါတယ်။ ကောင်းကင်မှာ ဖြိုးဖြိုးဖျတ်ဖျတ် လင်းလက်နေတဲ့ ကြယ်ရောင်ကိုမှ မမြင်ရပါဘူး။

ပြတင်းပေါက်တစ်ပေါက် ဖွင့်ထားတာမို့ လေအေးကတိုက်ခတ်လာပါတယ်။

ချက်ချင်းအိပ်မပျော်သေးတဲ့ကျွန်တော်က အိပ်ရာပေါ်မှာ လှဲမအိပ်သေးပဲ ထိုင်နေမိပါတယ်။

"ဟော့. . အဲ(လ)ဘတ် မင်းမအိပ်ချင်သေးဘူးလား၊ မင်းရဲ့ဟိုဘက်ဘေးက ကက်နက်လဲ မအိပ်ချင်သေးဘူးထင်တယ်၊ တို့တွေ ဒီညသချိုင်းထဲကို သွားကြည့်ကြမလား"

လေသံဖြင့်မေးလာသည့် ရစ်ချတ်၏စကား ဖြစ်ပါသည်။ အိပ်ရာများမှာ ကျွန်တော်၊ ရစ်ချတ်နှင့် ကက်နက်တို့က နံရံတစ်ဖက်မှာ ကပ်၍ တန်းစီပြီး အိပ်ကြသည်။ ကျွန်တော်တို့ အိပ်ရာဘေးနားတွင် ပြတင်းပေါက်ရှိသည်။

ကျန်သူငယ်ချင်းသုံးဦးဖြစ်သည့် ဂျော့(ချ)၊ စတီဗင်နှင့် ရောဘတ်တို့က အခြားနံရံတစ်ဖက်မှာဖြစ်၍ ကျွန်တော်တို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



ကပ်လျက်မအိပ်ကြပေ။

သို့ဖြစ်၍ ကျွန်တော်တို့ လေသံဖြင့် စကားပြောလျှင် ကျော့(ချ)တို့ဖက်မှ သဲကွဲစွာကြားနိုင်မည် မထင်ပါ။

"အေး. . ငါတော့သွားချင်တယ်၊ ကက်နက်လိုက်မယ် မဟုတ်လား"

ကျွန်တော်က ဘေးချင်းကပ်လျက်မှ သူငယ်ချင်းကို အဖော်စပ်လိုက်သည်။

"မင်းတို့သွားရင် ငါပါလိုက်မှာပေါ့"

"အေး. . ဒါဆို အိပ်ရာကိုတို့တွေ အိပ်နေသလိုမျိုးထင်ရအောင် ပြင်ထားကြမယ်"

ကျွန်တော်တို့ရဲ့ ခေါင်းအုံးတွေကို စောင်အောက်မှာ ကန့်လန့်ထားပြီး လူအိပ်နေတာနဲ့တူအောင် ပြင်ဆင်လိုက်ကြပါတယ်။

"တို့တွေ ဒီပြတင်းပေါက်က အသံမမြည်အောင် ခုန်ချကြမယ်"

ရစ်ချတ်ပြောစကားအတိုင်း ကျွန်တော်တို့ အသံမမြည်အောင် ခုန်ချလိုက်ကြသည်။

"ဒီညတော့ တို့တွေရဲ့ အခုန်အပျံစွမ်းရည်တွေ ပြကြတာပေါ့၊ ဒီခြံစည်းရိုးကို ခုန်ကျော်လိုက်ရင် တောအုပ်ထဲကို ရောက်ပြီ၊ ကဲ. . ခုန်မယ်၊ ရယ်ဒီ. . ဝမ်း. . တူး. . သရီး. . "

ကျွန်တော်တို့က ကျောင်းမှာ ပြေးခုန်ပစ်လေ့ကျင့်နေကျမို့ ဒီခြံစည်းရိုးကို မခဲယဉ်းဘဲ ခုန်ကျော်လိုက်နိုင်ပါတယ်။





"မှောင်မဲနေတာပဲကွာ၊ မင်းမှာ ဓာတ်မီးပါလား"

ကျွန်တော်က မှောင်မဲနေသော သစ်တောအုပ်အောက်မှာ လမ်းလျှောက်ရင်း ရစ်ချက်ကို မေးလိုက်သည်။

"ဓာတ်မီးရော၊ သံလိုက်အိမ်မြှောင်ရော ငါ့မှာပါတယ်၊ ဒါပေမဲ့ မီးရောင်ထိုးလို့မဖြစ်ဘူး၊ တို့တစ်ယောက်လက် တစ်ယောက်တွဲပြီး အမြန်လျှောက်ကြမယ်"

တခဏအတွင်းမှာ ကျွန်တော်တို့ သစ်တောကိုဖြတ်လျှောက်ပြီး သချိုင်းတံခါးဝကို ရောက်လာပါတယ်။

"သချိုင်းစောင့်မသိအောင် နံရံကို ကျော်ဝင်ရမှာနော်၊ မင်းတို့ကျော်နိုင်မလား"

"အိုကေ. . ကျော်မယ်ဆို အတူတူကျော်ကြတာပေါ့"

ထိုသို့ဖြင့် ကျော်လွှားကာ ကျွန်တော်တို့သုံးယောက် သချိုင်းဝင်းထဲကို ဝင်ရောက်နိုင်ခဲ့ကြပါတယ်။

တိတ်ဆိတ်ငြိမ်သက်နေတဲ့ ညလယ်မှာ မှောင်မိုက်လှတဲ့ သချိုင်းဝင်းအတွင်းကို ဂုဏ်ယူဝင့်ကြွားစွာနဲ့ ကျွန်တော်တို့ လှည့်လည်ကြည့်ရှုခဲ့ကြပါတယ်။

"မနက်မိုးလင်းရင် ကျန်ခဲ့တဲ့အကောင်တွေကို အပြတ်ကြွားရမယ်"

ကက်နက်က ကျွန်တော့်နားကပ်ပြီး တိုးတိုးလေးလှမ်းပြောလိုက်ပါသည်။

"အေးပေါ့. . "

ကက်နက်ကိုပြန်ပြောရင်းနဲ့ ကျွန်တော်ခြေလှမ်းသွက်



www.burmeseclassic.com

www.burmeseclassic.com



သွက် လှမ်းလိုက်ပါတယ်။

ဒီလို စိတ်ချောက်ချားဖွယ်ကောင်းလှတဲ့ ဝန်းကျင်အခြေအနေမျိုးမှာ ကျွန်တော့ ခြေလှမ်းနောက်ကျနေလို့မဖြစ်ပါဘူး။

"ကြောက်ဖို့ကောင်းလိုက်တာ"

ဆိုတဲ့စကားကို ကျွန်တော်တို့ နှုတ်ကဖွင့်မပြောဖြစ်ပေမဲ့ ရင်ထဲမှာ ထိတ်လန့်မှုကြောင့် နှလုံးခုန်နှုန်းမြန်နေတာ အမှန်ပါ။

"ဟော. . ဟိုမှာ လူတစ်ယောက်"

ရစ်ချတ်ရဲ့စကားကြောင့် ကျွန်တော်တို့ ထိတ်လန့်သွားရပြန်ပါတယ်။

ကျွန်တော်တို့နဲ့ မျက်နှာချင်းဆိုင်က လမ်းလျှောက်လာနေတဲ့ အရပ်မြင့်မြင့်နဲ့လူတစ်ယောက်။

ရှပ်အင်္ကျီအဖြူဝတ်ထားပေမဲ့ ခြေထောက်မှာ ဖိနပ်စီးမထားပါဘူး၊ ဘောင်းဘီကိုလဲ ဝိုးတဝါးပဲမြင်ရပါတယ်။

မတိုင်ပင်ပဲနဲ့ အစွမ်းကုန်ပြေးဖို့ ခြေလှမ်းပြင်ပြီးသားဖြစ်သွားပါတယ်။

"သချိုင်းစောင့်ကြီးကွ. . ပြေးကြစို့"

ရစ်ချတ်က လေသံနဲ့ပြောလိုက်တာနဲ့ ကျွန်တော်တို့ ခြေလှမ်းကြွလိုက်ပြီးသား ဖြစ်နေပါပြီ။

"မင်းတို့ကောင်တွေ တယ်ဆိုးကြပါလား ဒီအချိန်ကြီးမှာ ငါ့ကို အိပ်ရေးပျက်အောင်လုပ်တာကိုး"

ကျွန်တော်တို့နဲ့ မျက်နှာချင်းဆိုင်အနီးကပ်ရောက်လာတဲ့ ထိုလူရဲ့ပြောစကားကြောင့် ကျွန်တော်မော့ကြည့်လိုက်မိ





ပါတယ်။

"အား. . ."

ကျွန်တော်လန့်ပြီး အော်လိုက်မိပါတယ်။

"လာကြဟေ့. . ပြေးစို့. ."

ရစ်ချတ်က ကျွန်တော့်ကိုလှမ်းခေါ်လိုက်ပြီး. . သုံးယောက်သား အဲဒီလူကိုဖြတ်ကာ မနားတမ်း ပြေးထွက်ခဲ့ကြပါတယ်။

အထိတ်တလန့်ပြေးခဲ့ကြရတာမို့ ကျွန်တော်တို့တွေ သချိုင်းအုတ်နံရံကို ကျော်တက်၊ သစ်တောအုပ်ကိုဖြတ်ပြေး၊ စခန်းခြံစည်းရိုးကို ကျော်ဝင်ပြီးမှ ကျွန်တော်တို့စခန်းထဲကို ပြေးလွှားအော်ဟစ်ပြီး ပြန်ရောက်လာကြပါတယ်။

အဲဒီအချိန်မှာ စခန်းစောင့်တွေနိုးလာပြီး ကျွန်တော်တို့ သုံးဦးကို စခန်းအုပ်ချုပ်သူများထံ လိုက်ပို့ပေးကြပါတယ်။

"မင်းတို့ စခန်းထဲမှာ ပျော်ပျော်နေကြလို့ရတယ်၊ ဘာဖြစ်လို့ ဒီအချိန်မှာ အန္တရာယ်များတဲ့ သချိုင်းကိုသွားကြရတာလဲ၊ စခန်းမှာနေရင် စခန်းကချထားတဲ့ စည်းကမ်းကို လိုက်နာကြရမယ်"

"ကျွန်တော်တို့ မှားသွားပါတယ်ခင်ဗျား၊ ကျွန်တော်တို့ကိုခွင့်လွှတ်ပါ၊ နောက်မဖြစ်စေရပါဘူး"

ကျွန်တော်တို့ စခန်းအုပ်ချုပ်သူတွေကို တောင်းပန်ပြီး ချိန်မှာ အိပ်နေကြတဲ့ ဂျော့(ချ်)၊ စတီဗင်နဲ့ ရောဘတ်တို့ အိပ်ရာမှနိုးလာကြပြီး ကျွန်တော်တို့ဆီ လာတွေ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမောတကော ပြေးလာကြရလို့ အမောဆို့နေကြတဲ့ ကျွန်တော်တို့ သုံးဦးကိုကြည့်ပြီး သူတို့ကအားပါးတရ ရယ်မော ကြပါတယ်။

"ရယ်ရတယ်ကွာ၊ ငါတို့ပါ ခေါ်တာမဟုတ်ဘူး၊ မာရသွန် ပြေးပွဲ အတူတူနွှဲရတာပေါ့"

"တော်ပါပြီကွာ၊ နောက်ဆို မသွားရလို့တားထားတဲ့နေ ရာဆို ခြေတစ်လှမ်းတောင်မလှမ်းတော့ဘူး"

"အဲဒါအကောင်းဆုံးပဲ၊ လာကြ အမောပြေ ရေသောက် ပြီး အိပ်ကြမယ်"

ကျွန်တော်တို့အားလုံး အခန်းမှာပြန်ပြီး အနားယူအိပ် စက်ခဲ့ကြပါတယ်။

နောက်တစ်နေ့မနက်မှာ စခန်းအုပ်ချုပ်ရေး တာဝန်ခံ တစ်ဦးနဲ့ဆုံမိတော့ သူက ကျွန်တော့်ကို ပြောပြပါတယ်။

"ဒီမနက်စောစောမှာ ငါတို့ အဲဒီသချိုင်းကုန်းကို ရောက် ခဲ့ပြီးပြီ၊ မင်းတို့နဲ့တွေ့ခဲ့တာ သချိုင်းကုန်းအစောင့်ကြီးကွ၊ ဒါပေမဲ့ သူကသေဆုံးသွားတာ (၂)နှစ်ရှိပြီ၊ အခုက ယာယီတာဝန်ခံထားတဲ့ တယ်"

"ဘုရားရေ၊ ဒါကြောင့် ကျွန်တော်သူ့မျက်နှာကို ကြည့် လိုက်တော့ မျက်နှာက ပြောင်တလင်းကြီး ဖြစ်နေတာကိုး"

"တွေ့မဲ့တွေ့တော့၊ တစ္ဆေနဲ့ မျက်နှာချင်းဆိုင်ပါလား"

ဆက်ပြီး ဖော်ပြမဲ့အကြောင်းအရာကလည်း ပြည်ပမှာ ဖြစ်ရပ်မှန် တစ္ဆေဇာတ်လမ်းတစ်ခုပါ။





## ➤ ခရီးကြုံလိုက်သော တစ္ဆေ

ပြီးခဲ့တဲ့နွေရာသီက ကျွန်တော်နှစ်စဉ်သွားနေကျ ကျွန်တော့ဖိုးဖိုးရဲ့ ဇာတိရွာလေးကို အလည်သွားခဲ့ပါတယ်။

တူရကီနိုင်ငံမှာရှိတဲ့ ရွာလေးတစ်ရွာပါ။ ကျွန်တော့်နာမည် "တော်မီ"ပါခင်ဗျား။

အဲဒီရွာမှာ ကျွန်တော်ကို အဖော်လုပ်ပြီး လည်ပတ်သွားလာတဲ့သူက "ကိုအော်ကင်"လို့ခေါ်ပါတယ်။ ယဉ်ကျေးပျူငှာဖော်ရွေတဲ့ လူရွယ်တစ်ဦးပါ။

သူက အသက်လေးဆယ်နီးပေမဲ့၊ တစ်ကိုယ်တည်း လူပျိုကြီးဖြစ်ပြီး အဲဒီရွာလယ်မှာ စားသောက်ဆိုင် ဖွင့်ထားပါတယ်။

ကျွန်တော်ဖွားဖွားက သူ့ဆိုင်က အစားအသောက်တွေကို ခံတွင်းတွေ့တာမို့ အမြဲဝယ်ယူအားပေးနေကြဖြစ်ပါတယ်။

ကိုအာကင်က သူစိုက်ပျိုးထားတဲ့ပျိုးခင်က ဂျုံတွေကို ရိတ်သိမ်းဖို့ ရိုးစက်ရှိရာကို မနက်စောစော(၃း၀၀)နာရီလောက်မှာ သွားဖို့ ရှိပါတယ်။

ဂျုံစက်က ပြန်လာရင်. . အမဲပစ်သေနတ်တစ်လက်နဲ့ ကိုအာကင် အမဲလိုက်ထွက်တတ်ပါတယ်။

"ကိုအာကင် ခင်ဗျားအမဲလိုက်ပစ်သွားရင် ကျွန်တော် လိုက်ချင်တယ်ဗျာ"

ကျေးလက်နဲ့ တောတောင်ဒေသရဲ့ အတွေ့အကြုံရချင်လို့ ကျွန်တော်အမဲလိုက်ထွက်တဲ့ခရီးကို လိုက်ဖို့စိတ်ကူးမိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုအာကင်က ထုံးစံအတိုင်းအပြုံးလေးနဲ့ စကားဆို
တယ်။

"ကိုမြို့သား တောပစ်လိုက်တော့၊ အပွေ့အကြုံရ
ပေါ့၊ မနက်ဖြန်လိုက်ခဲ့ပေါ့"

သို့ဖြင့် မနက်စောစောမှာ ကိုအင်ကင်ရဲ့ မြည်းပေါ်
ဂျုံအိတ်တင်ပြီး ကျွန်တော်တို့နှစ်ယောက် မြည်းစီးပြီး ဂျုံစ
ရာကို ထွက်လာခဲ့ကြပါတယ်။

လမ်းတစ်ဝက်လောက်ရောက်တော့ ကလေးငယ်
ဦးရဲ့ ငိုသံလိုလိုကြားရပါတယ်။

"တိုတွေ ဂျုံခင်းထဲမှာ ရှာကြည့်ရအောင်"

လမ်းဘေးမှာ ငိုနေတဲ့ကလေးကို မတွေ့ရတာကြော
ဂျုံခင်းထဲမှာ ရှာကြည့်ကြပါတယ်။

"ဟော. . တွေ့ပြီဟေ့၊ ဒီမှာကောင်လေးတစ်ယော
ထိုင်ငိုနေတာကိုး"

ကိုအာကင်လှမ်းပြောတာကြောင့် ကျွန်တော်မြည်း
ကြိုးကို ကိုင်ထားရာက လှမ်းကြည့်လိုက်မိပါတယ်။

"ဟေ့. . ကလေး၊ ဒီဂျုံခင်းထဲမှာထိုင်ပြီး ဘာဖြစ်
နေရတာလဲ"

ကိုအာကင်က ကြင်နာတဲ့အပြုံးလေးနဲ့ ကလေးင
လှမ်းမေးလိုက်သံ ကြားရပါတယ်။

"ကျွန်တော့်မေမေက ကျွန်တော့်ကို ဒီဂျုံခင်းထဲမှာ
ပစ်ထားပြီး ထွက်သွားပြီ"





ပြောပြောဆိုဆို ကလေးငယ်က မျက်ရည်တွေစီးကျပြီး
ငြိုနိပါတယ်။

"ဒီတော့ မင်းဘာလုပ်ချင်လဲ"

"ကျွန်တော် ခင်ဗျားတို့နဲ့ လိုက်ခဲ့ပါရစေ"

"အေးလေ ဒါဆိုလဲ ခရီးကြုံလိုက်ခဲ့ပေါ့"

ကိုအာကင်က ထိုကလေးကိုခေါ်လာတာမို့ ကိုအာကင်
အဲဒီကလေးကို မြည်းစီးစေပြီး ကျွန်တော်က ခြေလျင်လျှောက်
ခရီးဆက်ခဲ့ကြပါတယ်။

ကလေးငယ်က ကိုအာကင်ရဲ့ လည်ပင်းကို သူ့လက်နှစ်
ဘက်နဲ့ဖက်ပြီး မြည်းစီးလိုက်လာပါတယ်၊ ကျွန်တော်က မြည်းရဲ့
က ခပ်သွက်သွက်လျှောက်ပါတယ်။

အတော်လေး ခရီးရောက်တဲ့အခါ လမ်းလျှောက်ရင်းနဲ့
ကျွန်တော် ကိုအာကင်ရဲ့စကားတစ်ခွန်းကို ကြားလိုက်မိပါတယ်။

"ဟေ့. . ကလေး ငါ့လည်ပင်းကို ဖက်ထားတဲ့ မင်းလက်
တွေကို လျှော့ပါဦး၊ ငါလည်ပင်းအစ်ပြီး အသက်ရှူကြပ်နေပြီ"

"ကျွန်တော်က အဲဒီလိုကြောက်အောင် ခြောက်လှန့်
တော်တယ်ဗျ"

အဲဒီစကားက မြည်းပေါ်မှာလိုက်လာတဲ့ ကောင်လေးရဲ့
စကားပါ။

ခဏအကြာမှာတော့ မြည်းပေါ်က ကိုအာကင်ရဲ့ နာ
လွှန်းလို့ ထိတ်လန့်တကြား အော်လိုက်သံကို ရုတ်တရက်
လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြည်းပေါ်မှာလိုက်ပါလာတဲ့ ကောင်လေးရဲ့ လက်သည်းတွေက မဲနက်ပြီး ရှည်ရှည်ချွန်ချွန်ကြီးတွေ ဖြစ်နေတာကို မြင်လိုက်ရပါတယ်။ ကျွန်တော် ရုပ်ပုံတွေမှာတွေ့ဖူးတဲ့ တစ္ဆေလက်သည်းကြီးတွေလိုမျိုးပေါ့။

အဲဒီကောင်လေးရဲ့ တစ္ဆေလက်သည်းချွန်ကြီးတွေကကိုအာကင်ရဲ့လည်ပင်းကို ထိုးဖောက်နေသလိုမျိုး ဖြစ်နေပြီ ကျွန်တော် အရမ်းအံ့ဩသွားမိပါတယ်။

"လည်ချောင်းသွေးကို ဖောက်ယူနေတာများလား"

ကျွန်တော်အတွေးမဆုံးခင်မှာဘဲ လည်ပင်းခြစ်ပြီးအော်လိုက်တဲ့ စကားတစ်ခွန်းထွက်လာပါတယ်။

"တော်မီရေ မြန်မြန်ပြေးတော့၊ မကောင်းဆိုးဝါး မင်းနောက်ကို လိုက်လာလိမ့်မယ်"

အဲဒီစကားလေးတစ်ခွန်းပဲ ပြောနိုင်လိုက်ပါတယ်။

ကိုအာကင်ရဲ့ လည်ချောင်းပေါက်က သွေးတွေထွက်လာပါပြီ။ ကျွန်တော် သုတ်ခြေတင်ပြီး ပြေးရပါတော့တယ်။

ကျွန်တော်နောက်က တဘုတ်ဘုတ်နဲ့ ပြေးလိုက်လာတဲ့ ခြေသံကြားရတိုင်း အသက်မရှူမိအောင် ပြေးမိပါတယ်။

ပြေးရလွန်းလို့ အမောဆို့ပြီး လဲတော့မတတ်ဖြစ်နေတဲ့ ကျွန်တော့်ကို အချိန်မီကယ်တင်ပေးလိုက်တာက ရွာထဲက ကြက်ဖတွေပါခင်ဗျာ။

ရောင်နီပျိုးစအချိန်မှာ. . .

"အောက်. . အီးအီး. . အွတ်" လို့ တွန်လိုက်တဲ့ ကြက်





တွန်သံနဲ့အတူ ရွာသူရွာသားတွေ နိုးထလှုပ်ရှားလာကြပါပြီ။

အဲဒီအချိန်မှာ ကျွန်တော်ရွာအဝင်လမ်းထိပ်ကို ရောက်နေပါပြီ။

ဟပ်ထိုးလဲတော့မဲ့ ခန္ဓာကိုယ်ကို စိတ်တင်းပြီး ပြန်မတ်လိုက်ရပါတယ်။

ကျွန်တော်နောက်က တစ်ဘုတ်ဘုတ်နဲ့ ပြေးလိုက်လာတဲ့ မကောင်းဆိုးဝါးရဲ့ခြေသံက ရွာလမ်းအဝင်ဝမှာ အသံပျောက်သွားတာ ကျွန်တော်သတိထားလိုက်မိပါတယ်။

"ကိုအာကင်ကတော့ တစ္ဆေသတ်လို့ သေသွားပြီခင်ဗျ၊ အဲဒီတစ္ဆေက ကျွန်တော်တို့နဲ့ ခရီးကြုံလိုက်တဲ့ ကောင်လေးပါ၊ ကိုအာကင်နဲ့အတူ မြည်းစီးပြီး လိုက်လာပြီးမှ ကိုအာကင်ကို သတ်ပစ်လိုက်တာ၊ ကျွန်တော်ပြေးလာတာ မြန်ပေလို့ပေါ့၊ ကျွန်တော့်နောက်က အဲဒီမကောင်းဆိုးဝါးက ပြေးလိုက်လာသေးတာ. . "

ကျွန်တော်က ဇာတ်လမ်းစုံကို အမောတကော ပြောပြသေးမဲ့ ရွာသူရွာသားတွေက ယုံကြည့်ပုံမရပါဘူး။

ကျွန်တော်စိတ်မောလူမောနဲ့ မြေပြင်ပေါ်မှာ ထိုင်ချလိုက်တဲ့အချိန်မှာ ကျွန်တော်တို့စီးသွားတဲ့ အာကင်ရဲ့မြည်း ရွာထဲကို ပြန်ဝင်လာပါတယ်။

"ဟာ. . ဒါ ကိုအာကင်ရဲ့မြည်းပဲ၊ အလို ဒီမှာသွေးနဲ့ စာရေးထားပါလား"

ကျွန်တော်ထိုင်ရာက ထရပ်လိုက်မိပါတယ်၊ ရွာသား



www.burmeseclassic.com

www.burmeseclassic.com

တွေနဲ့အတူ စာကိုဖတ်လိုက်မိပါတယ်။

"ကြက်ဖတွေကို ကျေးဇူးတင်လိုက်ပါ"

မြည်းရဲ့ကျောနံဘေးမှာ သွေးနဲ့ရေးထားတဲ့ စာပါခင်ဗျာ။

အထက်ဖော်ပြပါ၊ အဖြစ်အပျက်များမှာ တစ္ဆေသရဲများနှင့်ပတ်သက်ပြီး သုတေသနပြု မှတ်တမ်းတင်ထားသော "ပရလောကဂမ္ဘီရ ကမ္ဘာ့စွယ်စုံကျမ်း" စာအုပ်၌ ရေးသားဖော်ပြထားသော မှတ်တမ်းအချို့ကို ကောက်နှုတ်ဖော်ပြပေးခြင်း ဖြစ်ပေသည်။







# အခန်း(၁၃)

# မိုးမခပင်ပေါ်မှ အန္တရာယ်

သောင်းတန်အဖို့ ရှေ့တိုးရအခက်၊ နောက်ပြန်ဆုတ်ရအခက် အဖြစ်မျိုးနှင့် ကြုံတွေ့နေရသည်။ ရှေ့တိုးပြီးလုပ်ပြန်လျှင်လည်း မုချအန္တရာယ်နှင့် တိုးတော့မည်ကို စိတ်ထဲမှ သိနေသည်။ ထိုသို့သိနေခြင်းမှာ ရွာခံများက ပြောပြသောကြောင့် ပင်ဖြစ်လေသည်။

"ဆရာက ဒီနယ်ကို အခုမှရောက်လာတော့ ဒီနယ်မြေအကြောင်းတွေကို သိပ်ပြီးမသိသေးလို့ သူပြောတာတွေကို


www.burmeseclassic.com

www.burmeseclassic.com

သုံးမယ်လို့ ပြောနေတာပါ၊ တကယ်တော့ ဆရာ့မေတ္တာကို ထုတ်မခံချင်လို့ ဥပါယ်တံမျဉ်နဲ့ သေတွင်းထဲရောက်အောင် ပို့ပေးလိုက်တာပါ"

ရှာခံဖြစ်သော စိန်မှတ်စကားကြားတော့ သောင်းတန်က စိတ်ဝင်စားသွားလေသည်။

"ငါသဘောပေါက်အောင် ပြည့်ပြည့်စုံစုံ ပြောပြစမ်းပါကွာ"

"ဒီနေရာမှာ နာမည်ကြီးတဲ့နေရာတွေရှိတယ်၊ မလုပ်ရတဲ့အရာတွေရှိတယ်"

"နာမည်ကြီးတာတွေက ဘာလဲ"

"မိုးမခပင် ညီနောင်ရှိတဲ့ နေရာမှာ ညအချိန်မတော် တစ်ယောက်တည်း မနေရဘူး၊ နေရင်သေတာပဲ၊ လက်ပံပင် တမံကုန်းကို ညအချိန်မတော် တစ်ယောက်တည်း မသွားရဘူး သွားရင်သေတာပဲ"

စိန်မှတ်က အသုဘကိုအဖော်လုပ်ပြီး ပြန်လာကြရာမှ တမံကုန်းမှ သရဲမငွေရီနှင့်တွေ့ပြီး ဒုက္ခရောက်ကြရပုံများကို ပြန်ပြောပြသည်။

"နောက်တစ်မျိုးက ဘာလဲ"

"နောက်တစ်မျိုးကတော့၊ နေသူရိန်ကုန်းတန်းက ရွှေယောင်းပစ္စည်းတွေကို ဘာမှယူလာလို့မရဘူး၊ တကယ်လို့ မသိပဲ ယူလာရင် အန္တရာယ်နဲ့တွေ့ပြီး သေကြရတာပဲ"

"မသွားရတဲ့အရာတွေအပြင် မလုပ်ရတာကဘာလဲ"





"မြနှင်းဖြူကို လက်ထပ်ဖို့ကြိုးစားတဲ့သူတိုင်း လက်ထပ်ကာနီးရောက်တာနဲ့ သေတာပါပဲ၊ ဒါကြောင့် မြနှင်းဖြူက ချောပေမယ့် ဘယ်သူမှ အနားမကပ်ဝံ့ကြဘူး"

"မင်းတို့က အတွေးခေါင်လိုက်တာ၊ ဒီလိုသေတယ်ဆိုရင်အခု ချစ်သူဘဝရောက်နေတဲ့ နီမောင်ကျတော့လည်း ဘာမှမဖြစ်သေးပါလား"

"ကျွန်တော်တို့လည်း အဲဒါကိုပဲ အံ့သြနေကြတာပေါ့ နီမောင်နဲ့ မြနှင်းဖြူက ငယ်ပေါင်းကြီးဖက်တွေ မဟုတ်ကြဘူး၊ နီမောင်တို့ကလည်း ဒီနယ်သားတွေ မဟုတ်ကြဘူး"

ထိုစကားကို သောင်းတန်က စိတ်ဝင်စားလေသည်။

"ပြောပါဦးကွ"

"နီမောင်တို့က မော်ကျွန်းနယ်ဘက်က ပြောင်းလာတာလို့ သတင်းကြားမိတယ်၊ ဒီကိုရောက်လာတာလည်း တစ်နှစ်တောင် မပြည့်သေးပါဘူး"

"ဟုတ်ရဲ့လားကွာ"

"ဟုတ်ပါတယ်ဆရာရဲ့၊ ကျွန်တော်တို့က ရှာခံတွေပဲ မသိဘဲရှိပါ့မလား၊ ဒါကြောင့် သူတို့နှစ်ယောက် ရင်းရင်းနှီးနှီးသိတာတောင် သိပ်မကြာသေးဘူးလို့ ပြောတာပေ့ါ၊ ဘယ်အချိန်က ဘယ်လိုများ ချစ်သူဘဝ ရောက်သွားကြတယ် မသိတော့ပါဘူး"

ထိုအခါ နက်ကြီးက ဝင်ပြောလေသည်၊

"မင်းမသိလိုက်လို့ ဖြစ်မှာပါ၊ ဟို မျောက်တစ်ဖက်တမ်းမှာ ဘုန်းကြီးတစ်ပါးတွေ့တယ်ဆိုပြီး သွားကြတုန်းက မြနှင်း



www.burmeseclassic.com

www.burmeseclassic.com



[illegible] [illegible]ောင်တို့လှေနဲ့လိုက်သွားတာ မမြင်လိုက်ရဘူးလား၊ [illegible]တတည်းက ဖြစ်နေကြတာ နေမှာပေါ့"

ဟုဝင်ပြောရာ စိတ်မှတ်လည်း ဘာမှမပြောတော့ပေ။

"မင်းတို့ပြောတာတွေကို ငါလက်မခံပါဘူး၊ ဒါတွေနဲ့ ပတ်သက်ပြီး ထူးခြားတဲ့အကြောင်းတွေတော့ ရှိမှာသေချာတယ်၊ လက်တွေ့လုပ်ကြည့်ရင်တော့ သိလာရမယ်ထင်ပါတယ်"

"မလုပ်ပါနဲ့ဆရာရယ်၊ ဒီမိန်းမတစ်ယောက်မရလို့လည်း ဆရာ့လိုလူမျိုးက ဘာမှမဖြစ်ပါဘူး၊ နောက်ဆုတ်ပေးလိုက်ပါ တော့"

"ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲကွ၊ ငါ့ကိုသူရဲဘောကြောင် တဲ့လူတစ်ယောက်လို့ အထင်ခံရမှာတော့ ဘယ်နည်းနဲ့မှ အဖြစ် မခံနိုင်ပါဘူး၊ သူကိုရတာ မရတာထက် လုပ်မယ်လို့ ပြောခဲ့ပြီး သားအလုပ်တစ်ခုကိုတော့ မဖြစ်ဖြစ်အောင် လုပ်ရမှာပဲ"

ထိုစကားကြားသောအခါ အနီးမှာရှိသော တပည့်များ က စိတ်မသက်မသာနှင့် သက်ပြင်းချလိုက်ကြသည်။

"ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ဒီအကြောင်းတွေကို မင်းတို့ကလွဲပြီး ဘယ်သူမှမသိစေနဲ့၊ မိန်းမတစ်ယောက်အတွက် နဲ့ ငါလိုလူတစ်ယောက်က လူကြားရင်တောင် ရယ်စရာကောင်း တဲ့အလုပ်မျိုးတွေ လုပ်နေတယ်ဆိုတာ သိသွားရင် အထင်သေး စရာဖြစ်သွားလိမ့်မယ်"

"စိတ်ချပါ မသိစေရပါဘူး"

"ဒီညမှာပဲ ငါတို့လုပ်ငန်းစကြမယ်၊ ဒီနေရာက မိုးမခ





ပင်တွေနဲ့နီးတော့ ညအချိန်ရောက်ရင် သူပြောလိုက်တဲ့အတိုင်း မိုးမခပင်ပေါ်မှာ သူနာမည်ပါတဲ့ ပုဝါရှိမရှိ တက်ကြည့်ရမယ်"

"ဆရာကိုယ်တိုင် တက်ကြည့်မှာလား"

"ငါမှ သစ်ပင်မတက်တတ်တာ ဘယ်လိုတက်မလဲ၊ မင်း တို့အထဲက သစ်ပင်တက်ကျွမ်းကျင်တဲ့ လူတစ်ယောက် သစ်ပင် ပေါ်တက်ရမှာပေါ့၊ ငါတို့က အောက်ကစောင့်ပေးမယ်"

ထိုသို့ပြောသောအခါ သစ်ပင်ပေါ်မတက်ဝံ့ကြသော ကြောင့် သူ့ကြည့်ငါကြည့်နှင့် ဖြစ်နေကြသည်၊

သောင်းတန်နှင့်အတူ တပည့်များဖြစ်သော ကျော်ကြီး ငွေမောင်နှင့် ထွန်းခတို့သုံးယောက်အပြင် ရွာခံများဖြစ်သော စိန်မှတ်၊ နက်ကြီး၊ ခခွေးတို့သုံးယောက်ပါ ရှိနေကြသည်။

သို့သော်လည်း သောင်းတန်ကပြောသောအခါ မည်သူ မှ မလှုပ်ဝံ့ကြပေ။

"မင်းတို့ကြည့်ရတာ အတော်ကြောက်လန့်နေပုံရတယ် ငါတပည့်တွေလုပ်နေပြီး ဒီလောက်သတ္တိနည်း မနေစမ်းပါနဲ့ကွာ ငါကမင်းတို့ကို ဒီအတိုင်းမခိုင်းပါဘူး ဆုပေးပြီးခိုင်းမှာပါ"

"ဘယ်လိုဆုမျိုးလည်း ဆရာ"

"သစ်ပင်ပေါ်က ပြန်ဆင်းလာတာနဲ့ ငွေတစ်ရာရမယ်၊ သစ်တောစခန်းရုံးရောက်တာနဲ့ ပုဆိုးအကျီတစ်စုံနဲ့ အရက် ကောင်းကောင်းတစ်ပုလင်းပေးမယ်"

"ဒီလိုဆိုရင်တော့ သေကာမှသေရော. . တက်မှာပေါ့ ဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အားတက်သရော ပြောကြလေသည်။

ညဦးပိုင်းအချိန်ရောက်တော့ စခန်းမှာ အစောင့်သုံးယောက်ထားခဲ့ပြီး သောင်းတန်အပါအဝင် လူလေးယောက်က မိုးမခပင်ရှိရာသို့ သွားကြလေသည်။

သောင်းတန်နောက်မှာတော့ ကျော်ကြီး၊ စိန်မှတ်နှင့် နက်ကြီးတို့သုံးယောက် ပါသွားကြသည်။

ညဦးပိုင်းအချိန် မိုးလေကင်းနေသည့်အပြင် ကောင်းကင်ပေါ်မှာ လရောင်အချို့ရှိနေသောကြောင့် အလင်းရောင်အချို့ရှိနေသည်။

ပတ်ဝန်းကျင်ကို ဝိုးတဝါးမြင်ရလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာတော့ အမှောင်ရိပ်အချို့က ဖုံးလွှမ်းနေပြီး တိတ်ဆိတ်ငြိမ်သက်နေသည်။

သူတို့ သစ်တောစခန်းဆောက်ထားသောနေရာနှင့် အနောက်ဘက်ကမ်းမှာရှိသော မိုးမခပင်က သိပ်မဝေးလှပေ။

လှမ်းကြည့်လျှင်ပင် ဝိုးတဝါးမြင်နိုင်လေသည်။

ထိုနေရာနှင့် မနီးမဝေးနေရာရောက်တော့ သူတို့လေးယောက်နှင့် မနီးမဝေးနေရာမှ ခတ်သုတ်သုတ်လျှောက်သွားသော လူတစ်ယောက်ကို လှမ်းမြင်ရသည်။

အမှောင်ရိပ်သမ်းနေသောကြောင့် သဲသဲကွဲကွဲတော့ မဖြစ်ကြရပေ။

"ဟိုရှေ့မှာ လူတစ်ယောက်ပါလား"

"နီမောင် ဖြစ်မယ်ထင်တယ် သူကဆရာထက်အရင်ဦးအောင် မိုးမခပင်ရှိတဲ့နေရာ သွားနေတာဖြစ်မယ်"

"သူသွားရင်လည်း သစ်ပင်အောက်ရောက်တော့ တွေ့ကြရမှာပဲ"

ဟု ပြောပြီး ခြေလှမ်းခတ်သွက်သွက်နှင့် လိုက်သွားကြလေသည်။ မိုးမခပင်ကြီးရှိသောနေရာမှာ မဟာမြိုင်ချောင်းဝ အနောက်ဘက်ကမ်း၌ဖြစ်ပြီး အရှေ့ဘက်ကမ်းမှာလည်း တစ်ပင်ရှိသေးသည်။

ထိုနေရာတစ်ဝိုက်မှာ အခြားသစ်ပင်များ မပေါက်ကြဘဲ ကမ်းစပ်နှင့်နီးသော နေရာတစ်ဝိုက်မှာတော့ ခနိတောများရှိသည်။

လေးယောက်သား ခြေလှမ်းခတ်သွက်သွက်ဖြင့် လိုက်သွားကြရာ မိုးမခပင်အောက်ရောက်သောအခါ လူတစ်ယောက်မှမတွေ့ရပေ။

"စောစောက ငါတို့ရှေ့ကလျှောက်သွားတဲ့လူ ဘယ်ရောက်သွားပြီလဲ"

"တစ်နေရာဆက်လျှောက်သွားလို့ ဖြစ်မှာပေါ့"

အနီးတစ်ဝိုက်သို့ လက်နှိပ်မီးရောင်ဖြင့် လိုက်ထိုးကြည့်သော်လည်း မတွေ့ရပေ။

ထို့နောက် သစ်ပင်အောက်သို့ပြန်လာပြီး အပင်ပေါ်သို့ လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။

"ဟော. . ဟိုမှာ"

အရှေ့ဘက်ထွက်နေသော သစ်ကိုင်းတစ်ခုပေါ်တွင် ပတ်







www.burmeseclassic.com

www.burmeseclassic.com



ချည်ထားသော အဖြူရောင်ပဝါတစ်ထည်ကို လှမ်းမြင်ကြရ သည်။ ပဝါက သစ်ကိုင်းမှာ ပတ်ထားသော်လည်း ရှည်လျား သောအစပိုင်းက လေတိုက်သဖြင့် တလူလူလွင့်နေသည်၊

"သူပြောတဲ့အတိုင်း သစ်ပင်ပေါ်မှာ ပဝါတစ်ထည် နေတာပဲ ဘယ်သူတက်ယူမလဲ"

ထိုအခါ အရက်သောက်ထားသောနက်ကြီးက သူတ ယူမည်ဟုပြောပြီး ပြင်ဆင်သည်။

သူသည် ဘောင်းဘီတိုဝတ်ပြီး ပုဆိုးဟောင်းကို လ ကိုင်ကွင်းလုပ်သည်။ မိုးမခပင်မှာ လုံးပတ်ကြီးသောကြော လက်ဖြင့်ပတ်၍ မမီဘဲ ပုဆိုးကွင်းနှင့်ပတ်မှ မီလေသည်။

နက်ကြီးက မားတစ်ချောင်းကို ခါးမှာထိုးလျက် သစ် ပေါ်တက်သွားလေသည်။ ပဝါချည်ထားသော သစ်ကိုင်းမှာ အောက်ဆုံးမှာရှိပြီး သိပ်မမြင့်လှပေ၊ သူတက်သွားသော အ မှာ သစ်ပင်ပေါ်မှာ ဘာမှမတွေ့ရပေ။ အပေါ်ရောက်သွား မှ သစ်ပင်ခွကြားမှာထိုင်နေသော မည်းမည်းသဏ္ဍာန်ကို ရလေသည်။ ထိုမည်းမည်းသဏ္ဍာန်က ပဝါချည်ထားသော ကိုင်းပေါ်မှာ ဆောင့်ကြောင့်ထိုင်နေခြင်းဖြစ်သည်၊

"သစ်ပင်ပေါ် ဘာကြောင့်တက်လာတာလဲ"

"ဟို. . ဟို. . ပဝါကို. . ယူ. . ယူမလို့"

"ယူချင်တိုင်း ယူလို့ရမတဲ့လား"

"ကျုပ်သဘောနဲ့ လုပ်တာမဟုတ်ပါဘူးဗျာ၊ ကျုပ် ကိုကြောက်လို့ တက်ယူရတာပါ"





ဟု ကြောက်ကြောက်လန့်လန့် ပြောသည်၊

"ယူရင်သေမှာပဲ ယူချင်လည်းယူပေါ့"

ဟုပြောပြီး သစ်ကိုင်းပေါ်မှ ဖျပ်ခနဲပျောက်သွားလေ တော့သည်။

နက်ကြီးမှာ သတ္တိနည်းသူတော့မဟုတ်ပေ။ သို့သော် သည်း ယခုကဲ့သို့ ကိုယ်တွေ့ကြုံနေရသောအခါ ကြောက်ဒူး နေလေသည်။ သူနှင့် မနီးမဝေးမှာရှိသော သစ်ကိုင်းမှာ တ်ထားသော ပဝါဖြူက လေတိုက်လိုက်တိုင်း တလူလူလွင့်နေ သည်။ သူသည် ပဝါကိုကြည့်ပြီး စိတ်ထဲမှာ ချည်တုံချတုံဖြစ် နေလေသည်။

ထိုအခိုက်မှာပင် အောက်မှာစောင့်နေသော သောင်း န်က လှမ်းအော်ပြောသည်၊

"နက်ကြီး ပဝါကိုယူပြီး ဆင်းခဲ့တော့လေကွာ၊ ကြာလိုက် "

ထိုအသံကြားတော့မှ ဖြစ်ချင်ရာဖြစ်သဘောဖြင့် ရှေ့သို့ သွားပြီး သစ်ကိုင်းမှာပတ်ထားသော ပဝါကို လှမ်းယူလိုက် သည်။

သူယူလိုက်သောအချိန်မှာ ပဝါမဟုတ်တော့ပေ။ သစ် မှာပတ်နေသော မြွေတစ်ကောင်ဖြစ်နေပြီး လက်ကို ပေါက် လိုက်သည်။

"အား"

နက်ကြီးမှာ အလန့်တကြားဖြစ်သွားပြီး ခုန်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ပေါ်မှ ပြုတ်ကျသွားလေတော့သည်။

"ဘုန်း"

နက်ကြီးသစ်ပင်ပေါ်မှ ပြုတ်ကျလာသည်ကို မြင်တော့ ကျန်သုံးယောက်က ကဗျာကရာပြေးသွားလေသည်။ သစ်ပင်အမြင့်မှာအတော်ရှိသဖြင့် ထိုအမြင့်လောက်မှ ပြုတ်ကျလျှင်တော့ သက်သာမည်မဟုတ်ပေ၊ သစ်ပင်အောက်တစ်ဝိုက်မှာလည်း ငုတ်များကရှိသောကြောင့် အသက်မသေလျှင်သော်မှ ခြေကျိုးလက်ကျိုးတော့ ဖြစ်လောက်သည်။

သူတို့ရောက်သွားတော့ နက်ကြီးက မြေပေါ်မှပြန်ထလာသည်။

"နက်ကြီး မင်းဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ပါဘူးဗျာ"

ဟုပြောပြီး သူ့ကိုယ်ပေါ်မှ ကပ်နေသော အမှိုက်သရိုက်များကို လက်ဖြင့်ဖယ်ချနေသည်။

"မင်း ဘယ်လိုဖြစ်ပြီး ပြုတ်ကျလာတာလဲ"

"မြွေကိုက်လိုက်လို့ဗျ"

"ဟင်"

နက်ကြီးက အရေးမကြီးသလို အမူအရာဖြင့် ပြောသော်လည်း ကျန်သုံးယောက်က မျက်လုံးပြူးသွားကြသည်။

"မြွေကိုက်တာတောင် မင်းဘာမှမဖြစ်ဘူးလား"

"ကျုပ်က မြွေဆေးထိုးထားတာရှိတယ်၊ ဒါကြောင့် ဘာမှမဖြစ်တာ"





"ထားပါတော့. . . ဒါပေမယ့် ဒီလောက်သစ်ပင် အမြင့်ကြီးက ပြုတ်ကျတာတောင် ဘာမှမဖြစ်တာကတော့ အံ့ဩစရာပါပဲ"

"ဟီးဟီး. . ဟီး. . "

နက်ကြီးက ဘာမှထွေထွေထူးထူး ပြန်မပြောဘဲ ရယ်နေလေသည်။

"ဒါထက် သစ်ပင်ပေါ်က ပဝါရောရခဲ့လား"

"မရှိတော့ဘူး၊ စောစောက သစ်ကိုင်းမှာပတ်နေတာ ပဝါမဟုတ်ဘူး၊ မြွေဟောက်တစ်ကောင်ပါ"

"ဟင်"

သောင်းတန်က. . နက်ကြီးပြောတာ မယုံကြည်သောကြောင့် လက်နှိပ်ဓာတ်မီးနှင့် သစ်ပင်ပေါ်သို့ လှမ်းထိုးကြည့်လိုက်သောအခါ စောစောကပုဝါကို မတွေ့ရတော့ပေ။

အခြားနေရာများ လွင့်ပါသွားသလားဟု လိုက်ကြည့်သော့လည်း အစအနမျှပင် မတွေ့ရပေ။ သောင်းတန်မှာ စိတ်ထဲမှ မကျေနပ်သော်လည်း ဘယ်လိုမှမတတ်နိုင်တော့ဘဲ စခန်းသို့ ပြန်လာကြသည်။

ညဥ့်နက်ပိုင်းရောက်တော့ မောမောပန်းပန်းနှင့် အိပ်ကြစဉ်. . သန်းခေါင်ကျော်အချိန်လောက်တွင် မီးဖိုဆောင်ထဲမှ အိုးသံ၊ ပန်းကန်သံအချို့ ကြားရသဖြင့် ကျော်ကြီးက ထပြီး ထကြည့်သည်။ မီးဖိုထဲမှာ ဆောင့်ကြောင့်ကြီးထိုင်ပြီး ပန်းကန်များ လှန်လှောရှာဖွေနေသော လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့ရသည်။ အသေအချာကြည့်တော့မှ နက်ကြီးဖြစ်မှန်း သိလိုက်ရသည်၊

"နက်ကြီး"

ကျော်ကြီးကခေါ်တော့ နောက်လှည့်ကြည့်ကာ ရယ်ပြသည်။ သူရယ်ပုံမှာ ရယ်နေသည်နှင့်မတူပဲ သွားဖြဲပြနေသကဲ့သို့ ရှိလေသည်။

"ဗိုက်ဆာလို့ပါကွာ"

"ဗိုက်ဆာလည်း ဒီအချိန်မှတော့ ဘာမှမကျန်တော့ဘူး"

"ငါ ဘာမှမစားရသေးလို့ တစ်ခုခုကျွေးပါကွာ၊ သစ်ပင်ပေါ်က လိမ့်ကျပြီး ဗိုက်ဆာနေလို့ပါ"

"ဆာရင်လည်း ချက်ပြီးစားတော့ ဘာမှမရှိတော့ဘူး ဟို ကျပ်စင်ပေါ်မှာတော့ ငါးခြောက်တွေရှိတယ် မင်းကြိုက်သလို လုပ်စားပေတော့"

ဟုပြောပြီး ကျော်ကြီးက သူ့အိပ်ရာသို့ ပြန်သွားပြီး ပြန်အိပ်သွားလေသည်၊

သို့သော် စိတ်မဖြောင့်လှပေ။ နက်ကြီးကြည့်ရတာ တစ်မျိုးဖြစ်နေသည်ဟုတော့ ထင်မိသည်။

"ဒီကောင် ဘာဖြစ်နေတာလည်း မသိဘူး"

သို့သော်လည်း ကြာရှည်စဉ်းစားမနေတော့ဘဲ ပြန်အိပ်သွားလေသည်။

မကြာခင်မှာပင် နားထဲမှာ အသံကြားရသောကြောင့် ပြန်နိုးလာပြီး သွားကြည့်လိုက်တော့ မီးဖိုဆောင်ထဲမှာ နက်ကြီး





ကို တွေ့ရပြန်လေသည်။

"ဂျွပ် . . ဂျွပ် . . ဂျွပ်"

အသံပါကြားနေရသောကြောင့် နေရာမှထသွားသည်။ ထိုနေရာရောက်တော့ နက်ကြီးမှာ ငါးခြောက်အစိမ်းများကို တကြွပ်ကြွပ်နှင့် ထိုင်စားနေသည်ကို တွေ့ရသဖြင့် မျက်လုံးပြူးသွားသည်။

ဒီတစ်ခါတော့ မပြောတော့ဘဲ သောင်းတန်တို့ကို သွားနိုးပြီး အကျိုးအကြောင်း ပြောပြရသည်။ သူတို့တတွေ ထလာတော့ စောစောကနေရာမှာ နက်ကြီးမရှိတော့ပေ။

"ဘယ်မှာလဲ နက်ကြီး"

"စောစောက ဒီနေရာမှာ ငခြောက်တွေထိုင်စားနေတာ တွေ့ရတယ် . . ၊ ကျတ်စင်ပေါ်မှာ ငခြောက်တွေ မရှိတော့ဘူး ဆရာ"

ကျော်ကြီးပြောသည့်အတိုင်းပင် ကျတ်စင်ပေါ်မှာ တင်ထားသော ငါးခြောက်အတော်များများ မရှိတော့ပေ။ သို့ကြောင့် သောက်သဖြင့် နက်ကြီးအိပ်သောနေရာသို့ သွားကြည့်သောအခါ ဒူးနှစ်လုံးကြားမှာ လက်သွင်းပြီးအိပ်နေသော နက်ကြီးကို တွေ့ရလေသည်။

"နက်ကြီးက ဒီမှာအိပ်နေတာပဲ"

"စောစောက ဟိုနေရာမှာ ငခြောက်တွေ ထိုင်စားနေတာတွေ့ရသေးတယ်"

"မင်းကြည့်ရတာ ညဥ့်ဦးပိုင်းက အရက်သောက်တာ



www.burmeseclassic.com

www.burmeseclassic.com



များပြီး ကယောင်ချောက်ချား ဖြစ်နေပုံရတယ်၊ အိပ်ရေးပျက် ပါတယ်ကွာ"

ဟုပြောပြီး အခြားသူများက မိမိတို့နေရာ ပြန်သွားပြီး အိပ်ကြလေသည်။

ကျော်ကြီးသာ မကျေမနပ်နှင့် အိပ်နေသောနက်ကြီးကို ကြည့်နေပြီးမှ သူ့နေရာသို့ ပြန်သွားလေသည်။

အနားမှာ ဘယ်သူမျှမရှိတော့မှ နက်ကြီးက မျက်လုံး ပြန်ပွင့်လာသည်။ ပြီးမှ ပါးစပ်ထဲမှာ ငုံထားသော ငါးခြောက် များကို ဝါးနေသည်။ ဒူးနှစ်လုံးကြားမှာ ထည့်ထားသော လက် နှစ်ဖက်ထဲမှာလည်း ငါးခြောက်များရှိနေသည်ကိုတော့ အခြား သူများက မမြင်ခဲ့ကြပေ။







# အခန်း(၁၄)

# ပရလောကသား ဘဝတူများ

သောင်းတန်က မြို့မှာနေမြို့မှာကြီးသူတစ်ယောက် ဖြစ်သောကြောင့် ကျေးလက်တောရွာများနှင့် ပတ်သက်သော ဓလေ့စရိုက်များအကြောင်းကို မသိပေ. . ။ မိုးမခညီနောင်အ ကြောင်းကို မသိသောကြောင့်သာ စွန့်စွန့်စားစား အလောင်း အစားပြုလုပ်ခဲ့ခြင်းဖြစ်ပေသည်။

ထို့ပြင် . . . လက်ပံပင်တမံကုန်းက ထိုနေရာထိုပင် ခြောက်စရာကောင်းသည်ကိုလည်း သူမသိပေ။ နောက်တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



နံနက်လင်းတော့ သူတို့နှင့်မနီးမဝေးမှာရှိသော မိုးမခပင်ရှိရာသို့ တစ်ခေါက်သွားကြည့်တော့ ပဝါဖြူကို မတွေ့ရတော့ပေ။ ညက သစ်ပင်ပေါ်မှာ လိမ့်ကျခဲ့သော နက်ကြီးကတော့ အိပ်ရာမှ မထနိုင်တော့ပေ။

စောင်ခေါင်းမြီးခြုံပြီးသာ အိပ်နေတော့သည်။ အပေါင်းအဖော်များက သွားမေးသည့်အခါ. . .

"ညကသစ်ပင်ပေါ်က လိမ့်ကျထားတာ ကိုယ်လက်တွေ နာနေလို့ပါ"

ဟုသာပြောပြီး ခေါင်းမဖော်တော့ပေ။ ညနေစောင်း ရောက်တော့ စိန်မှတ်ကမေးသည်။

"ဆရာလက်လျှော့လိုက်ပြီလား၊ ဘယ်လိုလုပ်မှာလဲ"

"ဒီလောက်နဲ့တော့ ဘယ်အလျှော့ပေးမလဲကွာ၊ သူ့ ရတာမရတာ အသာထား၊ ဘာမှမလုပ်ရသေးခင်မှာ အရှုံး ရတယ်ဆိုတာတော့ ဘယ်တော့မှ အဖြစ်မခံနိုင်ဘူး၊ ဒီညထပ် သွားကြမယ်"

ဟုပြောရာ စိန်မှတ်တို့မှာ အတော်ပင် စိတ်မသက် သာ ဖြစ်သွားကြလေသည်။ သို့သော်လည်း မတတ်နိုင်တော့ပေ ညဉ့်ဦးပိုင်းအချိန်ရောက်တော့ သောင်းတန်က အဖော်သုံး ယောက်ကိုခေါ်ပြီး သွားပြန်လေသည်။ သူနှင့်အတူ စိန်မှတ် ကျော်ကြီး၊ ငွေမောင်တို့သုံးယောက် ပါသွားကြသည်။

ညဉ့်ဦးပိုင်းအချိန်မှာပင် အနောက်ဘက်ကမ်းမှာရှိသော မိုးမခပင်ရှိရာသို့ ရောက်သွားကြသည်။ ထိုသစ်ပင်အောက်





ရောက်ပြီး သစ်ပင်ပေါ်သို့ လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်သော အခါ ပဝါကိုမတွေ့ရပေ။

"ဒီအပင်မှာ ပဝါမရှိဘူး"

"ဟိုဘက်ကမ်းကအပင်မှာ ရှိနိုင်တယ် သွားကြည့်ကြ မယ်"

ဟုပြောပြီး လှေဖြင့်တစ်ဖက်ကမ်းသို့ ကူးသည်။ ချောင်းမှာ သိပ်မကျယ်လှပေ။ အရှေ့ဘက်ရောက်သောအခါ အမှောင်ရိပ်သမ်းနေချေပြီ။ လေးယောက်သား ဓနိတောအတွင်းမှ ဖြတ်တက်သွားသောအခါ သူတို့ရှေ့မှလျှောက်သွားသော ခြေသံနှင့် ဓနိတောအတွင်းမှ တိုးသွားသောအသံကို အတိုင်းသားကြားရသဖြင့် လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်တော့လည်း ဓနိကိုင်းများ လှုပ်သွားသည်ကိုသာ တွေ့လိုက်ရပြီး အခြားဘာမှတော့ မတွေ့ကြရပေ။

အတန်ကြာတော့ အရှေ့ဘက်ကမ်းမှာရှိသော မိုးမခပင်ရှိရာသို့ ရောက်သွားကြသည်။ အရှေ့ဘက်ကမ်းတစ်ပင်၊ အနောက်ဘက်ကမ်း တစ်ပင်ဟုသာဆိုရသော်လည်း သစ်ပင်နှစ်ပင်က တစ်ရွယ်တည်းတစ်ဆိုက်တည်း ဖြစ်ကြလေသည်။

ထိုသစ်ပင်အောက်ရောက်ပြီး အပင်ပေါ်သို့ မီးရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ သစ်ကိုင်းတစ်ကိုင်းမှာ ပတ်ထားသော ပဝါတစ်ထည်ကို တွေ့ကြရသည်။

"ဟိုမှာ တွေ့ပြီ"

"ဘယ်လိုလုပ်မလဲဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"တက်ယူရမှာပေ့ါ၊ အဲဒီပဝါကို ရအောင်တက်ယူပေး နိုင်တဲ့သူကို ငွေငါးရာပေးမယ်"

ငွေငါးရာဆိုသော စကားကြားသည်နှင့်. . ကျန်သုံး ယောက်မှာ လှုပ်လှုပ်ရှားရှားဖြစ်လာကြသည်။ ထိုခေတ်အခါ ငွေငါးရာဆိုသည်မှာ ကျေးလက်မှာနေသူတို့အဖို့ ကိုင်ဖူးဘို့ နေနေသာသာ အသံပင် တစ်ခါတစ်ရံမှသာ ကြားရသည်။

လယ်ကေများစွာလုပ်ကြသော လယ်သမားကြီးများပင် စပါးပေါ်ချိန်ရောက်မှ ထိုငွေလောက်ကို တစ်နှစ်တစ်ခါ မြင်ဖူး ကြသည်။

ရွှေတစ်ကျပ်သားဝယ်လျှင် ငွေတစ်ရာထက် ပိုမပေးရ သောကာလတွင် ငွေငါးရာဆိုသည်မှာ လူတစ်ယောက်၊ မိသားစု တစ်စုအတွက် အပြောင်းအလဲဖြစ်သွားစေနိုင်သော ပမာဏ ဖြစ်သည်။

"ကျွန်တော် တက်ယူပေးမယ်"

ငွေမောင်က အားတက်သရောပြောသည်။

"မင်းအသာနေပါ၊ ငါ့ဆရာအတွက် ငါပဲတက်ယူပေး လိုက်မယ်"

ဟုပြောပြီး ကျော်ကြီးက ဘောင်းဘီတိုတိုပြင်ပြီး သစ် ပင်ပေါ် တက်ရန်ပြင်သည်။ ထိုအခါ. . ငွေမောင်လည်း ထပ်မ ပြောတော့ပေ။ ကျော်ကြီးမှာ သစ်ပင်တက်ကျွမ်းသူမို့ ခဏနှင့်ပင် သစ်ပင်ခွကြား ရောက်သွားသည်။

သူရောက်နေသောနေရာနှင့် မနီးမဝေးမှာတော့ သစ်



ကိုင်းမှာပတ်ထားသော ပဝါကရှိနေသည်။ သို့သော်လည်း ထို နေရာသို့မသွားခင် နက်ကြီးလို မဖြစ်ရလေအောင် လက်နှိပ်မီး ဖြင့် ထိုးကြည့်သည်။ ပဝါရှိသောနေရာမှာ အခြားဘာမှမရှိပေ။

သေချာတော့မှ သစ်ကိုင်းပေါ်မှ ဖြေးဖြေးချင်သွားပြီး ပတ်ထားသော ပဝါကိုဖြုတ်ယူလိုက်သည်။

ပဝါက လက်ထဲမှာ အလွယ်တကူပင်ပါလာလေသည်။

ထို့ကြောင့်ဝမ်းသာအားရနှင့် အောက်သို့ပြန်ဆင်းလာပြီး သောင်းတန်ကိုပေးသည်။

သောင်းတန်ကလည်း ဝမ်းသာသွားသည်။

ထိုပုဝါကို မီးရောင်ဖြင့်ထိုးကြည့်သောအခါ ဇာသားပေါ် မှာ ချည်ဖြင့်ထိုးထားသော 'မြနှင်းဖြူ'ဆိုသော စာလုံးကို တွေ့ရ သည်။

"ဟန်ကျပြီ တစ်ခုတော့ရပြီ၊ လက်ပံပင်ပေါ်က ပုဝါသွား ယူရမယ်၊ အခုညပဲ သွားကြတာပေ့ါ" ဟုပြောပြီး လေးယောက် သားလှေနှင့်ပင် တမံကုန်းရှိရာဘက်သို့ လှော်တက်ခဲ့ကြသည်၊

ပထမညက ကြိုးစားမှုမအောင်မြင်သဖြင့် စိတ်ပျက် နေကြရာ ယခုကဲ့သို့ အလွယ်တကူရလာသောအခါ ဝမ်းသာ ကျေနပ်နေကြလေသည်။

တမံကုန်းရောက်တော့ ညဉ့်ဦးပိုင်းအချိန် ကျော်နေလေ ပြီ။ ထိုနေရာရောက်တော့ လှေကိုရပ်ထားခဲ့ပြီး တမံကုန်းရှိရာ သို့ တက်သွားကြသည်။

လရောင်က မှုံဝါးဝါးရှိနေသောကြောင့် ပတ်ဝန်းကျင်ကို

www.burmeseclassic.com

www.burmeseclassic.com



အတန်အသင့် မြင်နိုင်လေသည်။ တမံကန်းပေါ်ရောက်သော အခါ သူတို့ရှိရာဘက်သို့ ကျောပေးထိုင်နေသော အမျိုးသမီး တစ်ယောက်ကို တွေ့ရသည်။

ဆံပင်ဖားလျားချထားသောကြောင့် မည်သူမည်ဝါမှန်း တော့ မသိရပေ။

"အဲဒါ သရဲမ ငွေရီဖြစ်မယ်"

စိန်မှတ်က တိုးတိုးကပ်ပြောသည်။

"ငါတို့က ယောကျ်ားလေးယောက်တောင် လာတာပဲ ဘာကြောက်စရာရှိသလဲ"

ဟုပြောပြီး သောင်းတန်က လက်နှိပ်မီးဖြင့် လှမ်းထိုး လိုက်သည်။

မီးရောင်ထိလျှင် ပျောက်သွားမည်ထင်သော်လည်း . . မပျောက်ပဲ ထိုင်မြဲထိုင်နေသည်။ တအံ့တဩဖြင့် အနားရောက် သည်အထိ လျှောက်သွားကြရာ ထိုအခါမှ အမျိုးသမီးကထိုင် နေရာမှ ထကာသူတို့ဘက်သို့ မျက်နှာလှည့်လာသည်။

စိန်မှတ်စိတ်ထဲမှတော့ သရဲမငွေရီ၏ ကြောက်စရာ ကောင်းသော မျက်နှာပုံပန်းသဏ္ဌာန်ကို မြင်ရမည်ဟု ထင်လိုက် သည်။ သို့သော် သူထင်သလိုတော့ မဟုတ်ပေ။

မီးရောင်အောက်မှာ မြင်ရသောအမျိုးသမီးက သရဲမ ငွေရီမဟုတ်ပေ၊ မြနှင်းဖြူပင် ဖြစ်ပေတော့သည်။

"ဟင် . . မြနှင်းဖြူပါလား"

ထိုအခါ မြနှင်းဖြူကပြောသည်၊





"ရှင်က ကျွန်မထင်ထားတာထက်တောင် ပိုပြီးသတ္တိ ကောင်းနေပါလား၊ မြို့သားတစ်ယောက်က ဒီလိုအလုပ်မျိုးတွေ မလုပ်နိုင်လောက်ဘူးလို့ ထင်ထားတာ အခုတော့ မှားသွားပြီ"

"အခုမှတော့ နောင်တရမနေပါနဲ့တော့ မြနှင်းဖြူရယ်၊ မင်းက ကိုယ့်မေတ္တာကို အထင်သေးတာကိုး၊ မင်းကိုပိုင်ဆိုင်ခွင့် ရမယ်ဆိုရင် ဘယ်အလုပ်မျိုးမဆို လုပ်နိုင်ပါတယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်ရှင်၊ ကျွန်မက လည်း ဒီလိုလုပ်မိလို့ နောင်တမရပါဘူး၊ ပေးထားတဲ့ကတိအ တိုင်းပါပဲ၊ ကျွန်မပြောတာတွေကို အောင်မြင်အောင် လုပ်နိုင် မယ်ဆိုရင် ရှင့်မေတ္တာကို လက်ခံပြီး ရှင့်ကိုပဲလက်ထပ်မှာပါ"

"ကောင်းပါပြီ မင်းပေးထားတဲ့ ကတိသာတည်ပါစေ၊ အခု လက်ပံပင်ပေါ်က ပဝါယူဖို့ လာကြတာပဲ၊ အပင်ပေါ်မှာ ပဝါရော တကယ်ရှိရဲ့လား"

မြနှင်းဖြူက ဘာမှမပြောဘဲ မလှမ်းမကမ်းမှာရှိသော လက်ပံပင်ရှိရာသို့ လက်ညှိုးထိုးပြသည်။

မှုံဝါးသော လရောင်ဖြင့် သစ်ကိုင်းတစ်ခုပေါ်မှာတလူ လူလွင့်နေသော ပဝါတစ်ထည်ကို မြင်ရသည်။

သောင်းတန်က ပထမယူလာသော ပဝါကို လှမ်းပေး လိုက်တော့ မြနှင်းဖြူက လှမ်းယူရင်းပြောသည်။

"ပထမအဆင့် အောင်မြင်သွားပြီဆိုတော့ ရှင် ကျွန်မကို သုံးပုံတစ်ပုံ ပိုင်ဆိုင်ခွင့်ရသွားပြီ၊ ဒီအပင်ပေါ်က ပဝါကိုယူလာပြီး ပေးမယ်ဆိုရင်တော့ သုံးပုံနှစ်ပုံ အောင်မြင်ပြီလို့ ပြောလို့ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်ပေါ့ကွာ"

"အောင်မြင်ပါစေရှင် လက်ပံပင်ပေါ်မှာရှိနေတဲ့ ပဝါနဲ့ ကြေးပြားတံဆိပ်တော်ကိုပါ ယူလာမယ်ဆိုရင်တော့ ကျွန်မကို ပိုင်ဆိုင်ခွင့်ရတော့မှာပါ"

"မင်းချစ်သူ နီမောင်အတွက်တော့ စိတ်မကောင်းပါဘူးကွာ"

"ဘယ်တတ်နိုင်ပါတော့မလဲ. . ကျွန်မက ချစ်သူနှစ်ယောက်ကို တပြိုင်နက်တည်း ရွေးလို့မှမရတာ၊ သူ့ကိုတော့ စိတ်မကောင်းစွာနဲ့ဘဲ ဖယ်ရတော့မှာပေါ့လေ၊ ကဲ. . ကျွန်မပြန်တော့မယ်"

ဟုပြောကာ မြနှင်းဖြူက ပဝါလေးကိုကိုင်ပြီး ရွာဖျားဘက်သို့ ပြန်သွားလေတော့သည်။

"ဒီလိုအချိန်မျိုးမှာ တမံကုန်းကို အဖော်မပါပဲ တစ်ယောက်တည်းလာဝံ့တဲ့ သတ္တိကတော့ မနည်းလှဘူး"

စိန်မှတ်ကပြောလိုက်သည်။

"မြနှင်းဖြူက တောမှာနေတယ်ဆိုပေမယ့် သာမန်မိန်းကလေးမျိုးမှ မဟုတ်တာကိုးကွ"

သောင်းတန်ကပြောရင်း မြနှင်းဖြူထွက်သွားရာဘက်သို့ လှမ်းကြည့်လိုက်တော့ မတွေ့ရတော့ပေ။

ထို့နောက် လက်ပံပင်ရှိရာသို့သွားကာ သစ်ပင်ပေါ် တက်ရန်ဖြစ်လေသည်။

"ဒီတစ်ခါ ဘယ်သူတက်မှာလဲ"





"ကျွန်တော်ပဲတက်မှာ ပုဝါရလာရင် ဆရာကဘယ်လို ဆုမျိုးပေးမှာလဲ"

"သစ်ပင်ပေါ်ကပုဝါ ငါ့လက်ထဲရောက်အောင်ယူပေးနိုင်ရင် နောက်ထပ် ငါးရာထပ်ပေးမယ်"

"ဟန်ကျပြီပေါ့၊ ပုဝါနှစ်ထည် တက်ယူပေးရုံနဲ့ ငွေတစ်ထောင်တောင်ရမှာဆိုတော့ ဒီငွေနဲ့ ဘိုကလေးမြို့မှာတောင် တက်နေလို့ရပြီ"

ဟုပြောကာ ကျော်ကြီးက သစ်ပင်ပေါ်တက်သွားလေတော့သည်။

ထိုမြင်ကွင်းကိုကြည့်ပြီး ရွာခံဖြစ်သော စိန်မှတ်မှာ အံ့ဩနေလေသည်။

သူတို့ဒေသမှာ တမံကုန်းမှာ သရဲခြောက်သည်ဟု နာမည်ကြီးသောနေရာဖြစ်သည်။

ယခုမှ သရဲမငွေရီကို မတွေ့ရဘဲ ငြိမ်သက်နေသည်ကို ကြည့်ပြီး စိတ်ထဲမှာ သင်္ကာမကင်း ဖြစ်နေလေသည်။

ထိုအချိန်မှာ သစ်ပင်ပေါ် တက်သွားသော ကျော်ကြီးက အစ်ဝက်လောက်ရောက်သွားလေပြီ။ ထိုအခြေအနေအထိတော့ ဘာမှအနှောင့်အယှက်မတွေ့ရသေးပေ။

သို့သော်လည်း သူတို့ထင်သလိုတော့ မဟုတ်ပါချေ။

ကျော်ကြီးတစ်ယောက် စိတ်အားထက်သန်စွာဖြင့် သစ်ပင်ပေါ်သို့ တက်သွားရာ ခွဆံနေရာရောက်တော့မှ မမျှော်လင့်သူတစ်ယောက်ကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စောစောက သစ်ပင်အောက်မှာ တွေ့လိုက်ရသော မြနှင်းဖြူပင်ဖြစ်သည်။

မှောင်နေသဖြင့် မျက်နှာကို မမြင်ရသော်လည်း အဝတ်အစားနှင့် ပုံပန်းသဏ္ဌာန်ကတော့ လွဲစရာမရှိပေ။

ထို့ပြင် သူမလက်ထဲမှာလည်း စောစောကယူသွားသော ပုဝါကိုကိုင်ထားသေးသည်။

"နင်က ဘယ်အချိန်က ဒီသစ်ပင်ပေါ်ရောက်နေတာလဲ"

"တအံ့တသြဖြင့် မေးလိုက်သည်"

"ဒီလိုပဲ တက်လာတာပေါ့"

"နင် မြနှင်းဖြူမဟုတ်လား"

"ဟုတ် မဟုတ်သိချင်ရင် ငါ့မျက်နှာကိုကြည့်လေ"

ဟုပြောပြီး လူမလှည့်ဘဲနဲ့ ဦးခေါင်းကို နောက်ဘက်သို့ လှည့်ပြသည်။ ထိုအခါမှ ကျော်ကြီးမှာ မျက်လုံးပြူးသွားလေတော့သည်။

တစ်ခါမှ မမြင်ဖူးသော အမျိုးသမီးတစ်ယောက်ပင်ဖြစ်လေသည်။

"ဟင်. . မြနှင်းဖြူလည်းမဟုတ်ပါလား နင်ဘယ်သူလဲ"

"ငါ့နာမည်က ငွေရီလို့ခေါ်တယ်၊ ဒီတစ်ရွာလုံးက ငါ့ကို မသိတဲ့သူမရှိဘူး၊ ငါက ဒီလက်ပံပင်မှာ နေတာကြာလှပြီ"

"ဟင်. . ဒါ. . ဒါဖြင့် နင်ကသရဲမပေါ့"

"ဟီးဟီး. . . ဟုတ်တယ်"





ထိုသို့ပြောပြီး ပါးစပ်ဖြဲပြသည်။

ထိုအခါမှ မျက်နှာတစ်ခုလုံး ကျောဘက်လှည့်ထားသည်ကို သတိပြုမိသွားသည်။

ထိုအချိန်ရောက်မှတော့ ခုန်ချ၍လည်းမဖြစ်၊ သစ်ပင်ပေါ်မှ ဆင်းပြေး၍လည်း မရတော့ပေ။

"နင် ငါနဲ့နေမလား"

"မ. . မလုပ်ပါနဲ့ဟာ နင်ကဘဝခြားနေပါပြီ"

ကျော်ကြီးက ကြောက်ကြောက်ရွံ့ရွံ့နှင့် ပြန်ပြောသည်။

"ဘဝခြားနေလို့ အတူနေလို့ မရရင်၊ ငါနဲ့ဘဝတူသွားအောင်လုပ်ရမှာပေါ့"

"ဟင်. . ဘယ်. . ဘယ်လိုလုပ်မှာလဲဟင်"

"လွယ်ပါတယ် ဒီလိုလုပ်လိုက်ရင် ပြီးတာပဲ"

ဟုပြောပြီး သူမထံမှ လက်တစ်ဖက်ထွက်လာပြီး ကျော်ကြီးကို တွန်းချလိုက်ရာ သစ်ပင်အောက်သို့ ပြုတ်ကျသွားလေတော့သည်။

"အား"

ထိုအော်သံကို အောက်မှစောင့်နေကြသူများ ကြားလိုက်ကြလေသည်။ မှောင်နေသောကြောင့်သာ ဘယ်နေရာ ကျသွားမှန်း မမြင်လိုက်ကြရခြင်းဖြစ်သည်။

ထိုနေရာတစ်ဝိုက်မှာလည်း ချုံနွယ်များ၊ ခနိတောများ ရှိနေသောကြောင့် ရုတ်တရက်မမြင်နိုင်ပေ။

ထိုအသံကြားရသဖြင့် သောင်းတန်က လက်နှိပ်မီးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ပေါ်သို့ လှမ်းထိုးကြည့်သည်။

သစ်ပင်ပေါ်မှာ ဧကျော်ကြီးမရှိတော့ပေ။

ထိုအခါမှ အသံကြားရသော နေရာတစ်ဝိုက်သို့ လိုက်လံရှာဖွေကြည့်ကြသည်။

သို့သော် အစတခုမျှပင် မမြင်တော့ပေ။

သစ်ပင်ပတ်ဝန်းကျင်တစ်ဝိုက်သို့ သေသေချာချာနှင့်စပ်စပ်ရှာဖွေကြသော်လည်း မတွေ့ရသဖြင့် အံ့ဩနေကြသည်။

"ကျော်ကြီး ဘယ်ရောက်သွားပြီလဲ"

"စောစောက အောက်ပြုတ်ကျလာတဲ့အသံ ကြားလိုက်ရတယ် ဒီနေရာတစ်ဝိုက်မှာပဲရှိမှာပေါ့"

"အခုရှာကြည့်တော့လည်း နှံ့နေပြီ၊ ဘယ်နေရာမှာမှမတွေ့ရဘူး"

ဟုပြောပြီး ထိုနေရာတစ်ဝိုက်သို့ ထပ်မံရှာကြည့်ပြန်တော့လည်း မတွေ့ရပေ။

"မှောင်နေလို့ မတွေ့ရတာဖြစ်မယ်၊ မနက်လင်းတော့မှတစ်ခေါက်ရှာကြည့်ရင် ကောင်းမယ်"

ဟု ပြောဆိုတိုင်ပင်ပြီး သုံးယောက်သား လှေဖြင့် စခန်းသို့ပြန်ခဲ့လေသည်။

စခန်းပြန်ရောက်တော့ အခြားသူများ အိပ်နေပြီး နတ်ကြီးတစ်ယောက်သာ တဲပေါက်ဝမှာထိုင်ပြီး တစ်စုံတစ်ခုစားနေသည်ကို မြင်ရသည်။

"ဆရာတို့ ပြန်လာကြပြီလား၊ ကျော်ကြီးမပါဘူးလား"





ဟု နတ်ကြီးကလှမ်းမေးသဖြင့် စိန်မှန်က အကျိုးအကြောင်း ပြောပြလိုက်သည်။

ထိုအခါ နတ်ကြီးက ထိုင်နေရာမှ ပြောသည်။

"ဒီအတိုင်းထားခဲ့ရင် သေသွားမှာပေါ့၊ ငါသွားရှာပြီးခေါ်လာခဲ့မယ်"

ဟုပြောပြီး လှေရှိသော ကမ်းဆိပ်ဘက်သို့ တစ်ယောက်တည်းဆင်းသွားလေရာ ဘယ်သူမှ မတားလိုက်ကြပေ။

တမံကုန်းရောက်တော့ ငွေရီနှင့်အရင်တွေ့ရသည်။

"ငါ ကျော်ကြီးကို ပြန်ခေါ်သွားချင်တယ်"

"နင်တို့ ငါတို့က ဘဝတူတွေဖြစ်နေကြပြီ၊ သူ့ကို ဘာကြောင့်ခေါ်သွားချင်တာလဲ"

"ကျန်တဲ့လူတွေကို ငါတို့နဲ့ ဘဝတူတွေဖြစ်အောင်လုပ်ဖို့ သူ့ကိုပါ ခေါ်သွားရမယ်"

"အေး. . ကောင်းသားပဲ၊ ခေါ်ချင်လည်းခေါ်သွားပေါ့ တိုခနိတောထဲမှာ သူရှိတယ်"

ဟုပြောလိုက်ရာ နတ်ကြီးလည်း ခနိတော ပြုံးရှိရာဘက်သို့ လျှောက်သွားလာလေသည်။

ထိုနေရာရောက်တော့ လှမ်းခေါ်လိုက်သည်။

"ကျော်ကြီးရေ. . ကျော်ကြီးရေ"

ထိုကဲ့သို့ နှစ်ကြိမ်သုံးကြိမ်ခေါ်လိုက်သောအခါ မနီးမဝေးမှ ခနိပင်များလှုပ်လာပြီး ခနိတောအတွင်းမှ ဒယိမ်းဒယိုင်နှင့် ကျော်ကြီးထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ မင်းကိုလာခေါ်တာ၊ ငါ့နောက်ကလိုက်ခဲ့ပေတော့"

ဟုပြောပြီး နက်ကြီးက ရှေ့မှသွားရာ ကျော်ကြီးလည်း နောက်မှ လိုက်သွားလေတော့သည်။







# အခန်း(၁၅)

# မာယာများသော ဝိညာဉ်ဘဝများ

သောင်းတန်အဖြစ်မှ ယခုမှ ရှေ့တိုးရအခက် နောက်တ်ရအခက်နှင့် ဘေးကျပ်နံကျပ် အခြေအနေမျိုး ရောက်နေတော့သည်။ ယခုအခြေအနေထိတော့ မြနှင်းဖြူပြောထားသော လုပ်များကို အောင်မြင်အောင်မလုပ်ပေးနိုင်သေးပေ။

ထို့အပြင် သူမသိသောအချက်မှာ နက်ကြီးနှင့်ကျော်ကြီး နှစ်ယောက် စခန်းသို့ပြန်ရောက်လာပြီးကတည်းက ထမင်းနှင့် ဟင်း အခြားအစားအသောက်များမှာ မကြာခဏ ပျောက်နေ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုနှစ်ယောက်လည်း နေ့ဘက်တွင် နေမကောင်းဟု အကြောင်းပြကာ တစ်နေကုန်အိပ်နေကြပြီး ညအချိန်ရောက်တော့မှ ထလေ့ရှိကြသည်။

အများအားဖြင့်တော့ အခြားသူများ အိပ်ပျော်နေချိန်ရောက်တော့မှ ထလာပြီး အစားအသောက်များကို ရှာဖွေစားသောက်ကြလေသည်။ အခြားဘာမှ စားစရာမကျန်တော့လျှင် အိပ်ပျော်နေသူများကို ဆောင့်ကြောင့်ထိုင်ကာ ကြည့်နေတတ်သည်။

ထိုအကြောင်းကို မြို့မှလာသော သောင်းတန်တို့က မရိပ်မိကြသော်လည်း ရွာခံများဖြစ်သော စိန်မှတ်နှင့် ငခွေးတို့ကတော့ ရိပ်မိကြသဖြင့် နှစ်ယောက်သား တိုးတိုးတိတ်တိတ်တိုင်ပင်ကြရလေသည်။

"ငခွေး အခြေအနေကတော့ သိပ်မဟန်တော့ဘူး၊ မင်းနက်ကြီးနဲ့ ကျော်ကြီးတို့နှစ်ယောက် အခြေအနေကို သတိပြုမိတယ်မဟုတ်လား"

"သတိပြုမိတယ် နှစ်ယောက်စလုံး သစ်ပင်ပေါ်ကပြုတ်ကျပြီးကတည်းက သေပြီးတော့ ဖုတ်ဝင်နေကြတာ မဟုတ်လား"

"ဟုတ်တယ်. . အဲဒါကို ဟိုလူတွေက မရိပ်မိကြဘူး ကြာရင်တော့ အန္တရယ်တွေ ဝင်လာတော့မှာပဲ"

"ဘယ်လိုလုပ်ကြမလဲ၊ ဟိုလူကလည်း မြနှင်းဖြူကို ရအောင်လုပ်မယ်လို့ချည်း ပြောနေတယ်၊ မြနှင်းဖြူက သူနဲ့အ

ဆက် မရှိရင် ယူလို့မှမရတာ. . ."

ငခွေးကပြောသည်။

"အဲဒါတွေက ငါတို့အတွက် အရေးမကြီးဘူး၊ အရေးကြီးတာက ငါတို့အန္တရယ်မဖြစ်အောင်နေဖို့ အရေးကြီးတယ် ငခွေးရ. . ."

"နက်ကြီးက ငါတို့သူငယ်ချင်းပဲ၊ သူကတော့ ငါတို့ကို အန္တရယ်ပေးမယ် မထင်ပါဘူး"

"ဘယ်ပြောနိုင်မလဲ၊ လူဆိုရင်တော့ ဟုတ်တာပေါ့၊ အခုသူကဖုတ်ဝင်နေတာဆိုတော့ ငါတို့ တစ်နေရာကို ရှောင်သွားတာပိုကောင်းမယ်"

ဟုပြောဆိုတိုင်ပင်ကြလေသည်။

သောင်းတန်ကတော့ ထိုအခြေများကို မရိပ်မိပေ။ သစ်တောအတွင်းသို့ လိုင်စင်မရှိပဲ ဝင်ရောက်ခုတ်သူများကို ဖမ်းဆီးရန်အတွက် ၎င်း၏လက်ထောက် ထွန်းခကို လွှဲထားပြီး သူကတော့ မြနှင်းဖြူနှင့်လောင်းကြေးထပ်သော ကိစ္စများကို ကြိုးစားပမ်းစား ဆောင်ရွက်နေလေသည်။

တစ်နေ့သ၌ အလုပ်အားသောအချိန်တွင် တပည့်များတိုပါခေါ်ပြီး ချောင်းဖျားဘက်သို့ တက်သွားကြသည်။ သူတို့ရည်ရွယ်ချက်က နေသူရိန်ကုန်းတန်း ဘက်သို့သွားကာ ကြေးတံဆိပ်တော်ကို ယူရန်အတွက် ဖြစ်သည်။

မြနှင်းဖြူတို့နေအိမ်ရောက်တော့ လှေဆိုက်ပြီး သောင်းတန်က အပေါ်တက်သွားသည်။

☺ ဆောင်မြင်စာပေ ☺



www.burmeseclassic.com

www.burmeseclassic.com



"ဟိုညက ပုဝါတစ်ထည် ပေးလိုက်ပြီးပြီဆိုတော့ ကြေးပြားတံဆိပ်ယူလာရင် ကိုယ့်တာဝန်ပြီးပြီနော်၊ မင်းကတိအတိုင်းသာ အဆင်သင့်ဖြစ်အောင် လုပ်ထားပါ"

ဟုမြနှင်းဖြူနှင့်တွေ့တော့ ပြောသည်။

"စိတ်ချပါရှင်. . ရှင့်ဘက်က ကျွန်မပြောတာတွေကို ဆောင်ရွက်နိုင်မယ်ဆိုရင် ကျွန်မဘက်ကလည်း ကတိမပျက်စေရပါဘူး"

ဟုပြန်ပြောလေသည်။

ထို နောက်မှာတော့ ချောင်းဖျားဘက်သို့ တက်ခဲ့ကြလေသည်။

ထိုနေရာသို့ စိန်မှတ်တို့က သွားဖူးလာဖူးသောကြောင့် ၎င်းတို့ကပင် လမ်းပြပြီးခေါ်သွားကြလေသည်။ ချောင်းဖျားဘက်သို့ရောက်တော့ နေ့လည်ပိုင်းအချိန် ရောက်နေလေပြီ. . .။

ထိုနေ့က မိုးအုံ့နေသောကြောင့် တောထဲမှာ အမှောင်ရိပ်အချို့တော့ ရှိနေကြသည်။ သောင်းတန်နှင့်အတူ နက်ကြီးနှင့် ကျော်ကြီးတို့နှစ်ယောက်လည်း လိုက်လာကြသည်။

ယခင်နေ့များက နေမကောင်းဟု အကြောင်းပြကာ စောင်ခြုံခြုံပြီး အိပ်နေသူများက ယနေ့မှ တက်တက်ကြွကြွနှင့် ထလိုက်လာကြသဖြင့် ကျန်သူများက အံ့ဩနေကြလေသည်။

ချောင်းဖျားဘက်ရောက်တော့ လှေကို တစ်နေရာမှာ ထားခဲ့ပြီး ခြေလျှင်သွားကြလေသည်။





ထိုနေရာရောက်တော့ စိန်မှတ်တို့က ရှေ့မှဦးဆောင်သွားကြလေသည်။

သစ်တောများအတွင်းမှ ဖြတ်သွားကြစဉ်ကတော့ မည်သည့် အန္တရာယ်နှင့်မှ မတွေ့ကြရပေ။

ဤသို့ဖြင့် အတန်ကြာအောင် သွားမိသောအခါ နေသူရိန်ကုန်းတန်းသို့ ရောက်သွားကြသည်။

ထိုနေရာရောက်တော့ လောင်းလှေကြီးရှိသော ချောင်းခွဲရာဘက်သို့ ရောက်သွားကြလေသည်။

ထိုချောင်းမှာ ရှေးယခင် ကြီးမားလှသော လှေကြီးတစ်စင်းဝင်နိုင်လောက်အောင်ကျယ်ဝန်းခဲ့ဟန်ရှိသော်လည်း ယခုအခါမှာတော့ ကောနေပြီဖြစ်၏။

လောင်းလှေကြီးပင် သဲနုံးများအောက်သို့ ရောက်နေချေပြီ။ မြေသားအပေါ်သို့ တစွန်းတစ ပေါ်နေသော လှေဦးပိုင်းကြီးမှာ လူလေးငါးယောက် ဝိုင်းထိုင်၍ ရလောက်အောင် ကျယ်ပြန့်ပြီး လှေဦးတုံးကြီးကလည်း ကြီးမားရှည်လျားလေသည်။

လှေဦးထိပ်မှာတော့ ကြေးပြားတံဆိပ်တော် ကပ်ထားလေသည်။ နှစ်ပေါင်းများစွာကြာပြီဖြစ်သောကြောင့် ရေညှိများတက်နေရာ အရောင်အဆင်းပင် မပေါ်တော့ပေ။

သောင်းတန်တို့သည် ထိုနေရာရောက်သောအခါ ကြေးပြားတံဆိပ်တော်ကို ခွာယူရန် ပြင်ကြလေသည်။

ထိုအချိန်ရောက်မှ တောထဲမှ အဘိုးကြီးတစ်ယောက်ထွက်လာပြီး လာမေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်နေကြတာလဲ"

"ကြေးပြားတံဆိပ်ကို ယူမလို့ပါ"

"ဒီလိုယူချင်တိုင်းယူလို့မှမရတာ၊ ဒါတွေက ပိုင်ရှင်ဟောင်းတွေရှိတယ် ဘာအတွက်ကြောင့်ယူတာလဲ"

ထိုသို့မေးတော့ သောင်းတန်မှာ ဘာပြန်ပြောရမှန်းမသိပဲရှိနေပြီး အတန်ကြာမှ. . .

"အလောင်းအစားလုပ်ထားလို့ပါ"

ဟု ပြန်ပြောလိုက်သည်။

"ဘယ်လိုအလောင်းအစားမျိုးလဲကွယ့်"

"အမျိုးသမီးတစ်ယောက်ကို ယူဖို့အတွက်ပါ"

"ဒါထက်မေးပါရစေဦး၊ မင်းတို့အသက်နဲ့ မိန်းမတစ်ယောက်နဲ့ ဘယ်ဟာက ပိုပြီးတန်ဖိုးရှိသလဲ"

သောင်းတန်တ ဘာပြန်ပြောရမှန်း မသိတော့ပေ။

"ငါပြောမယ် ဒါတွေ့က ရှေးလူတွေပိုင်တဲ့ ရှေးဟောင်းပစ္စည်းတွေပဲ၊ ဘာမှယူလို့မရဘူး၊ တကယ်လို့ယူရင်လည်း မင်းလူတွေသေသလို မင်းလည်းအသေဆိုးနဲ့ သေရမှာပဲ"

ထိုစကားကြားတော့ ဇဝေဇဝါဖြစ်သွားသည်။

"မင်းက ဒီနယ်မြေတွေရဲ့ အကြောင်းတွေ၊ ဓလေ့ထုံးစံတွေ ပရလောကသားတွေရဲ့ လှည့်စားမှုအကြောင်းတွေကို ဘာမှမသိဘဲနဲ့. . လုပ်ချင်တာတွေ လုပ်နေတာကိုးကွယ့် တခြားအန္တရာယ်တွေ အသာထားဦးတော့၊ ကိုယ်နဲ့အတူတူရှိနေတဲ့ မကောင်းဆိုးဝါးကိုတောင် မသိပဲနဲ့၊ ဒီနေရာမျိုးကို လာခဲ့သော





တယ်"

"ဘယ်. . ဘယ်သူတွေလဲ"

"ဟိုနှစ်ယောက်လေ၊ သူတို့ကသေပြီးခဲ့တာပဲ အတော်ကြာနေမှပဲ"

ဟု နက်ကြီးနှင့် ကျော်ကြီးတို့နှစ်ယောက်ကို လက်ညှိုးထိုးပြလိုက်သည်။

အဘိုးကြီးက ထိုကဲ့သို့ လက်ညှိုးထိုးပြလိုက်သည်နှင့် နောက်ဘက်မှာရပ်နေကြသည့် နက်ကြီးနှင့် ကျော်ကြီးတို့ နှစ်ယောက်စလုံးမှာ မြေပေါ်သို့ ဗိုင်းခနဲ လဲကျသွားလေတော့သည်။

ကြည့်ရင်းနှင့်ပင် စောစောကပုံပန်းသဏ္ဍာန်မျိုးမဟုတ်တော့ပဲ သေဆုံးခဲ့တာ ရက်အတန်ကြာခဲ့ပြီးဖြစ်သောကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော. . အလောင်းကောင်ဘဝသို့ ပြောင်းသွားလေသည်။

ထိုအခါမှ သောင်းတန်တို့တစ်ဖွဲ့လုံး မျက်လုံးပြူးသွားကြလေတော့သည်။

"မင်းရည်ရွယ်ထားတဲ့ မိန်းကလေးက သာမန်မဟုတ်ဘူး၊ သူမှာ ဘဝဟောင်းက အဆက်အနွယ်တွေ ရှိတယ်၊ သူတို့သာ ခွင့်မပြုရင် ဘယ်သူနဲ့မှ ယူလို့မရဘူး၊ ဒီတော့ ဒီနေရာကနေပြန်ပေတော့၊ ဒါကိုမှ ဆက်ပြီးမိုက်မဲဦးမယ်ဆိုရင်တော့ မင်းတို့နှစ်ယောက်လည်း ဟိုနှစ်ယောက်လိုဘဝမျိုး ရောက်ရမှာပဲ"

ဟုပြောပြီး ထိုအဘိုးကြီး တောထဲသို့ ပြန်ဝင်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သောင်းတန်မှာ နက်ကြီးနှင့် ကျော်ကြီးတို့ အလောင်းများကြည့်ပြီး ဘယ်လို ဆက်လုပ်ရမှန်း မသိတော့ပေ. . .။

စိန်မှတ်နှင့် ငခွေးတို့ နှစ်ယောက်ကတော့ ထိုနေရာမှ ပြန်ဆင်းပြေးချင်နေကြပြီ. . .။

ထွန်းခနှင့် ငွေမောင်က စခန်းမှာကျန်နေခဲ့သဖြင့် အကယ်၍သာ စိန်မှတ်တို့နှစ်ယောက်ထွက်ပြေးလျှင် အခက်ပဲဟု သောင်းတန်စိတ်ထဲမှ တွေးနေမိစဉ် တောထဲမှ တောကောင်ကြီး တစ်ကောင် တိုးထွက်လာသည်။

သောင်းတန်က ကြောက်ကြောက်လန့်လန့်နှင့် သေနတ်ဖြင့် ထိုးချိန်လိုက်သည်။ သူသေနတ်ဖြင့် ချိန်သော်လည်း တောကောင်ကြီးက ဂရုပင်မစိုက်ဘဲ ပါးစပ်ဖြဲပြလိုက်သေးသည်။

ပြီးမှ ခါးကြီးတန့်နွဲ့နှင့် နက်ကြီးအလောင်းရှိရာသို့သွားကာ လည်ကုပ်မှကိုက်ချီပြီး တောထဲသို့ ဝင်သွားလေသည်။

"ငါကို ကျားစွဲနေပြီ ကယ်ကြပါဦး. . ကယ်ကြပါဦး"

ဟူသောအသံကို ထိုနေရာမှ ထွက်လာလေသည်။

ရှေးမနှောင်းမှာပင် နောက်တစ်နေရာမှ အခြားတောကောင်တစ်ကောင်ထွက်လာပြီး ကျော်ကြီးအလောင်းကို ဆွဲသွားပြန်သည်။

"ငါကို ကျားဆွဲနေပြီ ကယ်ကြပါဦး. . ကယ်ကြပါဦး"

ဟူသော အသံနက်ကြီးဖြင့် အော်သံကြားရပြန်လေသည်။ အတန်ကြာမှ အော်သံများ ပျောက်သွားလေတော့သည်။

နောက်မှပါလာသော စိန်မှတ်နှင့် ငခွေးတို့က ထိုနေရာ





မှ အမြန်ဆုံး ပြန်ပြေးချင်နေသော်လည်း သောင်းတန်ကတော့ ဘာလုပ်ရမှန်း မသိတော့ဘဲ ထိုနေရာမှာ ကြောင်တောင်တောင်နှင့် ရပ်နေလေသည်။

"ဆရာသွားကြရအောင်. . ."

ထိုသို့ သတိပေးသော်လည်း ဘာတစ်ခွန်းမှ ပြန်မပြောပေ။ သူစိတ်ထဲမှာတော့ စောစောက ကျော်ကြီးနှင့် နက်ကြီးတို့ နှစ်ယောက်အခြေအနေကို မြင်ရကတည်းက သွေးပျက်နေလေပြီ. . .။

ထိုအခိုက်မှာပင် သူတို့ရပ်နေသော ပတ်ဝန်းကျင်မှ ကျားဟိန်းသံများ ပေါ်ထွက်လာလေသည်။ ကျားဟိန်းသံမှာ တစ်နေရာတည်းမှမဟုတ်ဘဲ နေရာအနှံ့အပြားမှ ကြားလာရခြင်း ဖြစ်သည်။

"ဝေါင်း. . ဝေါင်း. . ဝေါင်း"

"ဆရာ တောကောင်ကြီးတွေရောက်လာပြီ သွားကြရအောင်"

ထိုသို့ပြောနေစဉ်မှာပင် တောထဲမှ ခေါ်သံများ ကြားကြရလေသည်။

"စိန်မှတ်ရေ. . ငခွေးရေ. ."

"စိန်မှတ်ရေ. . ငခွေးရေ. ."

"ငါတို့ဒီမှာ ရှိတယ်ဟေ့ မင်းတို့လာခဲ့ကြမလား. . ."

"မင်းတို့ မလာရင် ငါတို့လာခဲ့တော့မယ်ဟေ့"

ထိုသို့ကြားရသောအခါ စိန်မှတ်နှင့် ငခွေးတို့က ကြောင်



www.burmeseclassic.com

www.burmeseclassic.com



တက်တက်နှင့်ရပ်နေသော သောင်းတန်ကို လက်ဆွဲပြီး လှေဆိပ်သို့ရောက်အောင် ပြေးကြရလေတော့သည်။

ထိုသို့ပြေးနေစဉ်မှာပင် နောက်မှပြေးလိုက်လာသော ခြေသံများ၊ အော်သံခေါ်သံများကိုပါ ကြားကြရလေသည်။ ထိုအချိန်မှာ တောထဲမှာ မှောင်မည်းလာလေသည်။ မိုးကရွာတော့မလို ဖြစ်လာချေသည်။

သုံးယောက်သား လှေပေါ်ရောက်ပြီး ပြန်ထွက်လာသောအခါ စောစောကလှေရပ်ထားသော နေရာသို့ကျားသုံးကောင် အရင်ရောက်လာပြီး ဆောင့်ကြောင့်ထိုင်နေကြသည်။ တစ်နေရာမှာတော့ ကမ်းစပ်မှာလူနှစ်ယောက်ရပ်နေပြီး သူတို့ကိုပါခေါ်သွားရန် လှမ်းပြောနေကြသည်။

အခြားမဟုတ်ပေ. . .။

ကျော်ကြီးနှင့်နက်ကြီးတို့ နှစ်ယောက်ပင်ဖြစ်သည်။

"ငါတို့ကလည်း ခေါ်သွားပါ. . ."

"ငါတို့လည်း လိုက်ပါရစေ. . ."

ထိုသို့ပြောနေသော်လည်း တစ်ချက်ကလေးမှ လှည့်မကြည့်ဝံ့တော့ပဲ ချောင်းဝရောက်အောင် ခတ်သွက်သွက်လှော်ထွက်ခဲ့ရလေတော့သည်။









# အခန်း(၁၆)

## မိုးမခ မဟာမြိုင်

နောက်တစ်ရက်မှာတော့ မြနှင်းဖြူတို့အိမ်သို့ သောင်းတန်ရောက်လာလေသည်။ သူသည် မျက်စိမျက်နှာမကောင်းဘဲ ရောက်လာခြင်းဖြစ်လေသည်။

မြနှင်းဖြူကတော့ ဝတ္တရားမပျက် ဧည့်ခံလေသည်။

"ကိုယ်. . မင်းကိုတောင်းပန်စရာရှိလို့ လာခဲ့တာပါ"

မြနှင်းဖြူက ဘာမှမပြောပဲ ကြည့်နေသည်။

"မင်းတို့ကိုတွေ့စက အထင်အမြင်သေးပြီး ကိုယ်လုပ်ချင်တာတွေ ဖြစ်အောင်လုပ်မယ်ဆိုပြီး မလုပ်သင့်တာတွေ လုပ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



မိတာပါ. . ၊ တကယ်တော့ ဒီအရပ်ရဲ့မလေ့ထုံးစံတွေကို မသိပါ ဘူး၊ ဒါ့ထက်ပရလောကသားတွေရဲ့ အကြောင်းတွေကိုလည်း ဘာမှနားမလည်ပါဘူး၊

ဒါတွေကိုနားမလည်ပဲ ကိုယ်လုပ်ချင်တာ တစ်ခုတည်း ကိုပဲကြည့်ပြီး ဇွတ်လုပ်ခဲ့တဲ့အတွက် အခုတော့မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတယ်”

ဟုပြောလေသည်၊

မြနှင်းဖြူကတော့ သူပြောသမျှ နားထောင်ပြီး ဘာမှပြန် မပြောသေးပေ။

“ ကိုယ်ရဲ့မိုက်မဲမှုကြောင့် လူနှစ်ယောက်ရဲ့အသက် ဆုံး ရှုံးသွားခဲ့ရတယ်. . ”

“ကျွန်မစိတ်မကောင်းပါဘူး၊ ရှင့်ကို ဒါမျိုးတွေလုပ်ခိုင်း တာအကြောင်းရှိပါတယ်. . ၊ ရှင်က အဆင့်အတန်းရှိတဲ့ လူတစ် ယောက် ဖြစ်ပေမယ့် ကျွန်မက ရှင့်ကိုလက်ခံလို့ မဖြစ်ပါဘူး ဒါကြောင့် မဖြစ်နိုင်တာတွေကို ခိုင်းခဲ့တာပါ။ ဒါတွေ မဖြစ်နိုင်မှန်းသိရင် ရှင်စိတ်ပျက်ပြီး နောက်ဆုတ်သွားစေချင်လို့ ပါ၊ ဒါပေမယ့် ရှင်ကကျွန်မပြောတာကို လက်မခံဘဲ ရှေ့ဆက် တိုးတော့ အခုလိုအဖြစ်မျိုးတွေနဲ့ ကြုံတွေ့ရတာပါ၊ သူတို့အတွက် ကျွန်မစိတ်မကောင်းပါဘူး”

“မင်းမှာအပြစ်မရှိပါဘူး၊ ဒါတွေကို အစကတည်းက ဇွတ်တိုးပြီး လုပ်ခဲ့မိတဲ့ကိုယ်ရဲ့ မိုက်မဲမှုကြောင့်သာ မသေသင့်တဲ့ သူတွေ သေခဲ့ကြတာပါ၊ အခုတော့ သိသင့်သလောက်လည်း





သိရပြီဆိုတော့ ကိုယ်ပြောခဲ့တာတွေကို ပြန်ပြီးရုတ်သိမ်းပါတယ်

မကြာခင်မှာ မြို့ကိုပြန်ပြီး နောက်အခြားတာဝန်တစ်ခု နဲ့ တခြားတစ်နေရာကို သွားဖို့ စီစဉ်တော့မှာမို့ ကိုယ် မင်းတို့ နှုတ်ဆက်ခဲ့ပါတယ်”

ဟု တောင်းပန်စကားဆိုပြီးတဲ့နောက် သော်င်းတန်တစ် ယောက် ရှုံးနိမ့်ခြင်းများတပွေ့တပိုက်နှင့် ပြန်သွားလေတော့ သည်။ မြနှင်းဖြူအတွက်လည်း အနှောင့်အယှက်များ ကင်းသွား ခဲ့ချေပြီ။

ထိုသတင်းကို စောထီးနှင့်ငမဲအောင်တို့ ကြားလာသဖြင့် နီမောင်ကို လာပြောကြသည်။

“နီမောင်ရေ ဟိုတောအုပ်တော့ လက်လျှော့သွားပြီ ဟေ့၊ အခု မြို့ကိုတောင် ပြန်သွားပြီတဲ့ မင်းဝမ်းမသာဘူးလား”

“ငါက ဘာဖြစ်လို့ဝမ်းသာရမှာလဲ”

“မင်းတွက် အနှောင့်အယှက်ပေးတဲ့ ပြိုင်ဘက်တစ် ယောက် လျှော့သွားပြီဆိုတော့ ဝမ်းသာရမှာပေါ့”

“ငါနဲ့သူနဲ့က ပြိုင်ဘက်မဟုတ်ပါဘူးကွာ၊ မြနှင်းဖြူနဲ့ ငါနဲ့ ဟာလည်းချစ်သူတွေမှ မဟုတ်ကြတာ သူအကူအညီတောင်းလို့ သာ ခဏဝင်ပြီးအကူအညီပေးရတာပါ၊ အခု သူကိစ္စပြီးသွားပြီ ဆိုတော့ မူလအခြေအနေအတိုင်း ပြန်နေရတော့မှာပေါ့”

“ဒါထက် မေးပါရစေဦး မင်းကမြနှင်းဖြူနဲ့ တကယ့်ချစ် သူဘဝမျိုး မရောက်ချင်ဘူးလား”

“မြနှင်းဖြူလို ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အချစ်ကို မလိုချင်ဘူးပြောရင် ကိုယ့်ဘာသာညာပြောနေသလို ဖြစ်နေမှာပေါ့၊ ဒါပေမယ့် မဖြစ်နိုင်ပါဘူးကွာ”

“ဘာဖြစ်လို့လဲ ရှေ့ကလူတွေလို သေမှာစိုးလို့လား”

“ဒါကြောင့်မဟုတ်ပါဘူး၊ ဘဝတစ်ခု ထူထောင်ဖို့အတွက်ငါ့မှာ ဘာတစ်ခုမှ အဆင်သင့်မဖြစ်သေးပါဘူး”

ဟု ပြောလေသည်။

“မင်းကလည်းကွာ ငါတို့ပြောတာက ဘဝထူထောင်ဖို့ထက် ချစ်သူဘဝရောက်အောင် စိတ်မကူးဘူးလားလို့ မေးတာပါ”

“လောလောဆယ်တော့ ဘာမှမစဉ်းစားရသေးဘူး..။ သူနဲ့တွေ့တော့မှပဲ အခြေအနေကြည့်ပြီး စီစဉ်ရတော့မှာပဲ”

ဟု ပြောလေသည်။

“ဒါပေမယ့် ဒီအတိုင်းတော့ မနေနဲ့ဦး၊ မင်း သူနဲ့တော့ သွားတွေ့လိုက်ပါဦး”

ဟုပြောပြီး စောထီးနှင့်ငမဲအောင်တို့က ပြန်သွားကြလေတော့သည်။

ထို့ကြောင့် နောက်တစ်ရက်မှာတော့ မြနှင်းဖြူရှိရာသို့ သွားပြီးတွေ့သည်။

မြနှင်းဖြူက သူ့ကိုမြင်တော့ စကားနာထိုးသည်။

“အစ်ကိုကလည်း အခုမှပဲတွေ့ရတော့တယ်၊ ဘာလဲ ကျွန်မကထပ်ပြီး အကူအညီတောင်းမှာစိုးလို့ မလာတော့တာလား”





“မဟုတ်ပါဘူး မြနှင်းဖြူရယ်၊ အခုကိစ္စမှာလည်း အကူအညီပေးရတယ်သာ ပြောတာပါ ဘာမှလုပ်မပေးလိုက်ရပါဘူး အခုတော့ ကိစ္စတွေပြီးသွားပြီးမဟုတ်လား”

“သူ့ကိစ္စတွေတော့ ပြီးသွားပါပြီ”

“ဘယ်သူ့ကိစ္စတွေ ကျန်သေးလို့လဲ”

“အစ်ကို့ကိစ္စတွေ ကျန်နေသေးတယ်လေ အစ်ကိုက ကျွန်မအကူအညီတောင်းလို့ ပေးရတာဆိုတော့ အဲဒီကိစ္စတွေကို ပြန်သိမ်းပေးရဦးမယ် မဟုတ်လား”

“မသိမ်းပဲ ဒီအတိုင်းဆက်သွားရင်ကော မကောင်းဘူးလား”

နီမောင်က အရဲစွန့်ပြီး ပြောလိုက်ခြင်းဖြစ်သည်။

“ဘယ်လိုဆက်သွားရမှာလဲ ကျွန်မပြောတဲ့အတိုင်း ဟန်ဆောင်ချစ်သူဘဝနဲ့ ဆက်သွားကြမှာလား”

“ဒီလိုသွားတာနဲ့စာရင် တကယ့်ချစ်သူတွေဘဝနဲ့ ခရီးဆက်ကြရင် ပိုမကောင်းဘူးလား”

“အစ်ကိုသဘောက ဘယ်လိုရှိနေလို့လဲ”

“ကျွန်တော်သဘောကတော့ မြနှင်းဖြူနဲ့ တကယ့်ချစ်သူဘဝမျိုး ရောက်ချင်တာပါပဲ”

ထိုစကားကြောင့် မြနှင်းဖြူမျက်နှာပြင်ပေါ်မှာ ကျေနပ်မှုအပြုံးရိပ်ကလေးများ သမ်းသွားလေသည်။

“မြနှင်းဖြူသဘောကရော ဘယ်လိုလဲ”

“အစ်ကို့လို စိတ်ထားဖြူစင်တဲ့သူမျိုးကို ငြင်းပယ်စရာမ



www.burmeseclassic.com

www.burmeseclassic.com



လိုပါဘူး ကျွန်မလက်ခံပေးနိုင်ပါတယ်၊ ဒါပေမယ့် ဝတ္တရားရှိတဲ့ အတိုင်း သူတို့ကိုတော့ ခွင့်တောင်းရမယ်"

"မိဘတွေဆီမှာ ခွင့်တောင်းရမှာလား"

"မိဘတွေအပြင် ကျွန်မနဲ့ဘဝဆက်ရှိသူတွေဆီမှာ ခွင့် တောင်းရဦးမယ်"

ထိုအခါမှ သဘောပေါက်သွားလေတော့သည်။

"သူတို့ကလက်မခံဘူးဆိုရင်ကော နောက်ဆုတ်ပေးရ မှာလား"

"ဒီလိုတော့ဖြစ်မယ်မထင်ပါဘူး၊ အစ်ကို့ကိုတော့ သူတို့ လက်ခံပေးကြမယ်ထင်ပါတယ်"

"စာမေးပွဲတောင်မဖြေရသေးဘူး၊ တဝက်အောင်နေပြီ ဆိုတဲ့သတင်း ကြားရသလိုပါပဲ၊ သူတို့ဆီက ဘယ်လိုအဖြေမျိုး ရရ ကျေကျေနပ်နပ်နဲ့ လက်ခံပေးပါ့မယ်"

"ဒါဖြင့် ကျွန်မတို့အစီအစဉ်တွေကို ဒီညမှာပဲ စကြမလား ပေါ့ မကောင်းဘူးလား"

"ကောင်းပါတယ် ဘယ်နေရာကအရင်ဆုံးစမလဲ"

"လက်ပံပင် တမံကုန်းကို အရင်သွားမယ်၊ နောက်ထပ် ညမှာ မိုးမခညီနောင်ကိုသွားကြမယ်၊ နောက်ဆုံးမှာမှ နေသူ ကုန်းတန်းက ဘိုးဘိုးဆီသွားကြတာပေါ့"

"ကောင်းပါတယ် မြနှင်းဖြူအဆင်ပြေသလိုသာ စီစဉ် ကိုယ်တို့အဆင်ပြေသွားရင်တော့ သွားစရာတစ်နေရာ ကျန်နေ တယ်"





"ဘယ်နေရာလဲ"

"မျောက်တစ်ရာဘုရားနဲ့ မျောက်တစ်ရာဆရာတော် ကြီး သွားဖူးကြရမယ်"

"ကောင်းတာပေါ့အစ်ကိုရယ်"

"ဒါထက် မြနှင်းဖြူ ကိုယ့်မေတ္တာကို လက်ခံပြီမဟုတ် လား"

"ကျွန်မက အစ်ကို့မေတ္တာကိုလက်ခံပြီဆိုမှ ဒီအစီအစဉ် တွေလုပ်ကြရမှာလေ လက်မခံပဲနဲ့ ဒီအစီအစဉ်တွေကို လုပ်ပါ့ မလား၊ ဒါလေးတောင် အဖြေမတွေးမိဘူးလား"

"တွေးတော့ တွေးမိပါတယ်. . အခုလိုပြောတာလေး သည်း ကြားချင်သေးလို့ပါ"

ထိုစကားကြားသောအခါ မြနှင်းဖြူက ချစ်စဖွယ်မျက် စောင်းတစ်ချက် ထိုးလိုက်လေတော့သည်။

ထိုနေ့ညက ကောင်းကင်မှာလရောင်ကင်းပြီး အမှောင် ရိပ်များရှိနေသော်လည်း ရာသီဥတုကောင်းသောကြောင့်. . . အတန်အသင့် အလင်းရောင်ရှိနေသည်။

တမံကုန်းပေါ်ရောက်တော့ နီမောင်က ငှက်ပျော်ဖက် ချပ်ခင်းပြီး ထိုနေရာမှာ ထမင်းနှင့်အမဲသားဟင်းများ ပုံပေး လိုက်သည်။

အတန်ကြာတော့ လက်ပံပင်နောက်ဘက်မှ သဏ္ဌာန် ပေါ်ထွက်လာလေသည်။

"ငွေရီ နင်ကင့်ါတို့ကို အကူအညီပေးခဲ့တဲ့အတွက် ကျေး



www.burmeseclassic.com

www.burmeseclassic.com



ရှုတင်ပါတယ်၊ ဒါကြောင့်အစားအသောက်တွေ လာပို့ပေးတာပါ လာစားလှည့်ငွေရီ လာစားလှည့်ပါ၊ ဒါအပြင် ငါတို့နှင့်အတွက် ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပေးပြီးတော့ ဒီဘဝကကျွတ်လွတ် အောင် အမျှအတန်းဝေပေးပါ့မယ်"

မနီးမဝေးမှာရပ်နေသော ငွေရီက မျက်ရည်သုပ်နေ လေသည်။

"နင် နောက်မှာပါလာတာဘယ်သူလဲ သူ့အတွက်လည်း အစားအသောက်တွေပါလာတယ်၊ ဒီမှာလာစားလှည့်ပါ"

ဟုခေါ်တော့ သရဲဘဝရောက်နေသော ကျော်ကြီးတစ် နောက်မှ ဝင်စားလေသည်။

ထိုသို့စားသောက်နေစဉ်မှာ မြနှင်းဖြူကပြောသည်။

"ငွေရီ ငါအစ်ကိုနဲ့ လက်ထပ်တော့မယ်၊ အဲဒါနင်တို့ကို အသိပေးတာပါ"

ထိုသို့ပြောသောအခါ ငွေရီက ၄င်းယူလာသောပုဝါနှစ် ထည်ကို ပေးလေသည်။

ထိုပုဝါနှစ်ထည်မှာ သူယူထားသော ပုဝါနှစ်ထည် ဖြစ်လေသည်။

"ငါတို့ကို အခုလိုအကူအညီပေးတဲ့အတွက် ကျေးဇူး တင်ပါတယ် ငွေရီရယ်၊ ငါတို့လက်ထပ်ပြီးရင် နင့်အတွက်ရည်စူး ပြီး ကုသိုလ်ကောင်းမှုလုပ်ပေးပါ့မယ်၊ အမျှအတန်းလည်း ဝေ ပေးပါ့မယ်"

ငွေရီက စားရင်းသောက်ရင်းနှင့် မျက်ရည်သုပ်သည်





ပြီးမှ ခေါင်းညိတ်ပြလေသည်။

နီမောင်စိတ်ထဲမှာတော့ ဘဝကံမကောင်းခဲ့သဖြင့် သေ ဆုံးသွားပြီးနောက်ပိုင်းမှာပင် လွတ်ရာဘုံဘဝသို့ မသွားနိုင်သေး ပဲ သရဲဘဝရောက်နေသော ငွေရီတို့အတွက် စိတ်မကောင်း ဖြစ်မိလေသည်။

တမံကုန်းမှ ကိစ္စပြီးသောအခါ နောက်တစ်ညတွင် မိုးမခညီနောင်သို့ သွားကြသည်။ အနောက်ဘက်ကမ်းမှ သစ် ပင်ရှိရာရောက်တော့ မြသင်းကြူနှင့် တွေ့ရသည်။

မြနှင်းဖြူက ပါလာသောပုဝါနှစ်ထည်မှ တစ်ထည်ကို မြသင်းကြူကို ပေးရင်းပြောလိုက်သည်။

"ငါ သူနဲ့လက်ထပ်တော့မှာမို့ နင်တို့ကိုလာပြီး ခွင့် တောင်းတာပါ"

မြသင်းကြူက ပုဝါကိုယူရင်း ပြန်ပြောသည်။

"ဘိုးဘိုးနဲ့ အစ်ကိုကြီးတို့က သဘောမျှတယ်ဆိုရင် ပြီး တာပါပဲအစ်မရယ်၊ ကျွန်မအနေနဲ့ဘာမှ ပြောစရာမရှိပါဘူး၊ သူ့ အကြောင်းကိုလည်း ကျွန်မသိပါတယ်"

ဟု နီမောင်ကိုကြည့်ရင်း ပြောသည်။

နီမောင်လည်း သူ့ဆီမှာ ငါးပုစွန်များ ဝယ်ယူစဉ်က မြသင်းကြူကို တစ်ကြိမ်မြင်ဖူးရာ ထွေထွေထူးထူး အံ့သြခြင်း ဖြစ်မိတော့ပါချေ။

"အစ်မတို့ အဆင်ပြေသွားပြီးရင်သာ အစ်ကိုကြီးနဲ့ ငါတို့မောင်နှမအတွက် ကောင်းမှုကုသိုလ်တွေလုပ်ပြီး အမျှအ



www.burmeseclassic.com

www.burmeseclassic.com

တန်းဝေပေးပါ"

"စိတ်ချပါညီမလေး ငါအားလုံးလုပ်ပေးပါ့မယ်"

ထို့နောက်အရှေ့ဘက်ကမ်းမှာရှိသော မိုးမခရှိရာသို့ သွားရာ ထိုသစ်ပင်အောက်မှာပင် အသင့်စောင့်နေသည့်အစ်ကို ကြီးဖြစ်သူ မောင်မြသူနှင့် တွေ့ကြရသည်။

မြနှင်းဖြူက ပါလာသော ပုဝါတစ်ထည်ကို ကမ်းပေးရင်း ခွင့်တောင်းရပြန်လေသည်။

"သူ့အကြောင်းကို ငါတို့သိပါတယ်၊ တစ်နေ့ကျရင် ညီမလေးနဲ့ဖူးစာဖက် ဖြစ်လာမယ်ဆိုတာလည်း သိပါတယ်၊ ဒါ့ကြောင့် သူ့အတွက်ငါတို့အကူအညီပေးခဲ့တာတွေ ရှိပါတယ်"

"အစ်ကိုတို့အတွက် ကျွန်မတို့ ဘာများလုပ်ပေးရမယ်"

"မိုးမခညီနောင်ရဲ့အောက်မှာ ကိုးတောင်ပြည့်စေတီ တစ်ဆူစီ တည်ပေးရင် ရပါပြီ၊ ဘုရားတည်ဖို့ စားရိတ်စကတွေ ကိုလည်း လာပေးထားပါ့မယ်"

"ကောင်းပါပြီ လုပ်ပေးပါ့မယ်"

"နင်တို့ ဘိုးဘိုးနဲ့တွေ့ပြီးလို့ ခွင့်တောင်းပြီးရင်တော့ သဘောကျတဲ့အတိုင်း စီစဉ်နိုင်ကြပါပြီ၊ ငါတို့မောင်နှမကတော့ ခွင့်ပေးလိုက်ပါပြီ"

ဟု ပြောကာ ပျောက်သွားလေတော့သည်။

နောက်တစ်နေ့မှာတော့ နေသူရိန်ကုန်းတန်းသို့ လှေ တစ်စင်းနှင့် သွားကြလေသည်။

သူတို့ရောက်သွားသောအခါ ကျိုက်အမတာစေတီ





တော်နှင့် မနီးမဝေးမှာ ဘိုးဘိုးကို တွေ့ရသဖြင့် ကန်တော့လိုက် ကြသည်။

"အားလုံး အဆင်ပြေသွားပြီလား"

"ပြေပါပြီ ဘိုးဘိုး"

"အေးအေး . . ဟိုမောင်နှမအတွက်လည်း သူတို့ဆန္ဒရှိ တဲ့အတိုင်း လုပ်ပေးလိုက်ကြ၊ ဘဝဟောင်းမှာကျန်ခဲ့တဲ့ ဆွေ ဆက်မျိုးဆက်တွေကို မမေ့နဲ့၊ သူတို့အတွက် ကုသိုလ်ကောင်းမှု တွေ ပြုလုပ်ပြီး အမျှအတန်းဝေပေးဖို့လည်း မမေ့ကြနဲ့"

"စိတ်ချပါဘိုးဘိုး ဆောင်ရွက်ပေးပါ့မယ်"

"သာဓုကွယ် သာဓု၊ သာဓု၊ ဟိုဘုရားရင်ပြင်တော်ပေါ် မှာ မျောက်တစ်ရာဆရာတော်ကြီး အဓိဋ္ဌာန်ဝင်နေတယ် ကြုံ ကြိုက်တုန်းသွားဖူးလိုက်ကြပေဦး"

ဟု ပြောသဖြင့် စေတီတော်ရှိရာဘက်သို့ လျှောက်လာ ကြလေသည်။

ထိုနေရာရောက်သောအခါ စေတီတော်အရှေ့ဘက် တစ်နေရာတွင် ပုတီးစိတ်နေသော မျောက်တစ်ရာဆရာတော် ကြီးကို တွေ့ရသဖြင့် နှစ်ယောက်သား နောက်ဘက်မှထိုင်ကာ ကန်တော့လိုက်ကြသည်။

စေတီတော်ရှိရာမှ ဆွဲလည်းသံလေးများက သာယာနာ ပျော်ဖွယ်ရာ ပေါ်ထွက်နေလေသည်။

ယခုတော့ သူတို့နှစ်ယောက်ဘဝမှာလည်း ဘေးအန္တ ရာယ်နှင့် အနှောင့်အယှက်များ ကင်းရှင်းသွားပြီး သာယာချမ်း

www.burmeseclassic.com



မြေ့သော ဘဝခရီးလမ်းသို့ ရောက်ခဲ့ကြရပြီဖြစ်တော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (မိုးမခ မဟာမြိုင်) အမည်ရှိသော ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သည်။

အနိယာဟောတု သုခိအတ္တာနံ ပရိဟရန္တု

စာပြီးချိန်။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်၊ တနင်္ဂနွေနေ့ နံနက် (၉) နာရီ။

